ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့ (9-10-2015) (၈၃၄၈)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# ဒုတိယသမ္မတ ဦးဉာဏ်ထွန်း အီတလီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ
# နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး ဆွေးနွေး

သတင်း စာမျက်နှာ » ၃



# အပစ်ရပ်စာချုပ်အား RCSS အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့မှ လက်မှတ်ရေးထိုးမည်



သတင်း » ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊
ဓာတ်ပုံ » ဖိုးထောင်

**ရန်ကုန် အောက်တိုဘာ ၈**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)အား ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့မှ လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(EAOs)တို့အကြား (NCA)လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဒုတိယအကြိမ်မြောက် အကြိုညှိနှိုင်းအစည်းအဝေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားစဉ် ယင်းကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

UPWC နှင့် EAOs တို့၏ ဒုတိယအကြိမ်မြောက် အကြိုညှိနှိုင်းအစည်းအဝေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)၌ ကျင်းပခဲ့ခြင်းဖြစ်သည်။**(ဝဲပုံ)**

ယနေ့အစည်းအဝေးတွင် အောက်တိုဘာ ၄ ရက်က ပြုလုပ်ခဲ့သည့် ပထမအကြိမ်ဆွေးနွေးပွဲမှ အစည်းအဝေးဆုံးဖြတ်ချက်များကိုအတည်ပြုပြီး ဆုံးဖြတ်ချက်ပေးရန်လိုသည့်အချက်များကို ညှိနှိုင်းခဲ့ကြကြောင်းသိရသည်။

**စာမျက်နှာ ၃ ကော်လံ ၄ သို့ ◆**

## သွားသတိ၊ လာသတိ အမြဲရှိ

စာမျက်နှာ - ၂

## ဂျာဂန်ကလော့အား လီဗာပူးအသင်းနည်းပြအဖြစ်ခန့်အပ်မည်

စာမျက်နှာ - ၁၃

# လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် အောက်တိုဘာ ၈**

ယနေ့ ညနေ ၆ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းရသည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ○**

ဈေးကွက်ရှိသလောက် သူတင်အား 'ရွှေပြည်နန်းရှင်မတောင်အပျော့သနပ်ခါး'


ဦးဝင်းအောင်
(အထက်တန်းပြ)

ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ မင်းဘာကျေးရွာမှ စာရေးဆရာ၊ ကျောင်းဆရာတစ်ဦးလည်း ဖြစ်ပါတယ်။ အနုပညာလည်း ဝါသနာပါ၍ တချို့ရွာ ဘုရားဆွမ်းလောင်းပွဲများမှာ မင်းသားအဖြစ် သွားရောက်ဖျော်ဖြေကပြလေ့ရှိပါတယ်။ မိတ်ကပ်နှင့် ကျွန်တော် ဓာတ်မတည့်၍လားမသိပါ၊ ကျွန်တော့်မျက်နှာမှာ တင်းတိပ်၊ မှဲ့ခြောက်များ မြင်မကောင်းအောင် ဖြစ်ပေါ်လာ၍ စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ အလှကုန်ပစ္စည်းဆိုင်သွားပြီး ပျောက်ကင်းနိုင်မည့် နည်းလမ်းများ မေးစမ်းကြည့်ခဲ့ရာမှ 'ရွှေပြည်နန်းရှင်မတောင်သနပ်ခါး' စမ်းသုံးကြည့်ပါလားဆို၍ ညအိပ်ယာဝင်တိုင်း လိမ်းအိပ်ခဲ့ပါတယ်။ သနပ်ခါးတစ်ဘူးအကုန်တွင် ကျွန်တော့်မျက်နှာ ထူးခြားစပြလာပါတယ်။ သုံးဘူးအကုန်မှာတော့ မျက်နှာတစ်ပြင်လုံးရှိ မှဲ့ခြောက်၊ တင်းတိပ်များ လုံးဝမရှိတော့ဘဲ ရွှေကုသိုလ်အလား လှပပြေပြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း 'ရွှေပြည်နန်းရှင်မတောင်သနပ်ခါး'ကို အမြဲဝယ်ယူလိမ်း နေသည်မှာ ယနေ့တိုင်အောင်ပါပဲ။ ကျွန်တော်နည်းတူ မျက်နှာပြင်ရှိ တင်းတိပ်၊ မှဲ့ခြောက်များအတွက် စိတ်မကောင်းဖြစ်နေသူများ ဝယ်ယူလိမ်းကြည့်ပါရန် အကြံပေးခဲ့ရာ အောင်မြင်ပြီးထိရောက်တဲ့ အကျိုးများ ရရှိကြောင်းလည်း ပြန်ပြောကြပါတယ်။ 'ရွှေပြည်နန်း သနပ်ခါး' ထာဝရတည်တံ့နိုင်ပါစေ . . .

ဦးဝင်းအောင်(အထက်တန်းပြ)မှုလွန်အင်တာဝန်၊ မင်းဘာကျေးရွာ၊ တန့်ဆည်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။
ထပ်ဆင့်ထောက်ခံသူ ၊ ၊ ဒေါ်အေးအေးလှိုင်(အထက်တန်းပြ) မင်းဘာကျေးရွာ၊ တန့်ဆည်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ တန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H) အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)

ကြေးမုံစာတည်းရှုထောင့် ၉-၁၀-၂၀၁၅၊ သောကြာနေ့

# သွားသတိ၊ လာသတိ အမြဲရှိ

ယခုအခါ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အလေးထားဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိသော်လည်း တရားဥပဒေကို မျက်ကွယ်ပြုကာ အရပ်ဒေသအချို့၌ လူမဆန်သော ဒုစရိုက်မှုအချို့ ဖြစ်ပွားခဲ့ကြောင်း ကြားသိရသည်။

လောကတွင် အဆိုးနှင့်အကောင်း ဒွန်တွဲနေသည်။ လူကောင်းများ ရှိသကဲ့သို့ လူဆိုးအချို့လည်း ရှိလာတတ်သည်။ လူကောင်းတို့သည် ကောင်းသောနေထိုင်မှု၊ ကောင်းသောဝန်းကျင်တို့တွင် ရပ်တည်နေထိုင်ကြသည်။ လူဆိုးဟူသည်မှာ မကောင်းသောဝန်းကျင်ကို ရှာဖွေတတ်ပြီး မကောင်းမှုကို ကျူးလွန်ရန်အတွက် အခွင့်အရေးတစ်ရပ်ကို ဝံပုလွေသားကောင်စောင့်သကဲ့သို့ စောင့်ဆိုင်းနေတတ်သည်။

အသိအမြင်နည်းသော လူကောင်းများအဖို့ မိမိအပေါ် ကျရောက်နိုင်သည့် အန္တရာယ်ကို သတိမမူမိကြချေ။ မိမိတို့၏ စိတ်အလိုအတိုင်း နေထိုင်တတ်ပြီး ပတ်ဝန်းကျင်ကို သတိမထားမိကြချေ။ တစ်နည်းအားဖြင့် လူကောင်းတို့သည် ခရီးသွားလာရာတွင် မိမိအတွေး၊ မိမိစိတ်ကူးနှင့် မေ့မေ့လျော့လျော့ သွားလာတတ်ကြသည်။ အချိန်အခါနှင့် နေရာဒေသကို သတိမထားမိတတ်ချေ။ ဆင်ခြင်ဉာဏ်နှင့် အသိတရားများ မေ့လျော့နေတတ်သည်။

လူဆိုးများအတွက် လူကောင်းများ၏ ထိုအားနည်းချက်ကို လေ့လာကာ အခွင့်အရေးတစ်ရပ် ရရှိတတ်သည်။ ပတ်ဝန်းကျင်ကို လူကောင်းများ သတိမမူမိသော်လည်း လူဆိုးများ သို့မဟုတ် မသမာသူများမှာမူ အမြဲသတိထားစောင့်ကြည့်နေတတ်သည်။ ၎င်းတို့၏သားကောင်မှာ မည်သူဖြစ်လာမည်ကို ဝံပုလွေ၊ မြေခွေးတို့ကဲ့သို့ စောင့်စားနေတတ်သည်။ ယင်းအချက်ကို ယနေ့ကာလ၌ ပြည်သူပြည်သား လူကောင်းသူကောင်းများ အထူးသတိပြုကြရမည် ဖြစ်သည်။

မကောင်းမှုဒုစရိုက်ဖြစ်ပွားနိုင်သော အကြောင်းတရားများတွင် အရက်သေစာနှင့် မူးယစ်ဆေးဝါးသုံးစွဲထားခြင်း၊ အချိန်အခါမဲ့ သွားလာခြင်းနှင့် ဆိတ်ကွယ်ရာအရပ်တွင် ရောက်ရှိနေခြင်းတို့သည် အဓိကကျသော အချက်များ ဖြစ်သည်။ ဒုစရိုက်မှုကျူးလွန်နိုင်သောသူများအနေဖြင့်လည်း ထိုအချက်များအား ရှာဖွေထားကြကာ ရဲတင်းစွာကျူးလွန်တတ်ကြသည်။

တရားတော်တွင် သာမန်ပုထုဇဉ်လူသားများအဖို့ အကြောင်းမဲ့အားဖြင့် ဆိတ်ကွယ်ရာအရပ်တွင် မနေသင့်ကြောင်း မှတ်သားဖူးသည်။ အချိန်အခါမဲ့ သွားလာခြင်းကြောင့် ဖြစ်ပေါ်နိုင်သော အပြစ်ခြောက်ပါးကိုလည်း အသိပေးထားသည်။ မိမိနှင့်သားမယား၊ စည်းစိမ်ဥစ္စာ လုံခြုံမှုမရှိ။ မကောင်းသောအရာများ၊ အထင်အမြင်မှားမှု၊ ဆင်းရဲစေမှု စသည်တို့နှင့်ကြုံရတတ်သည်ဟု ဆိုထားသည်။

ထိုသို့ အဆိုရှိထားသောကြောင့် လူကောင်းသူကောင်းများအဖို့ ဆိတ်ကွယ်ရာအရပ်၊ အချိန်အခါမဲ့သွားလာခြင်းအမှုတို့ကို ရှောင်ရှားအပ်သည်။ မဖြစ်မနေသွားလာရပါလျှင် မိတ်ကောင်းဆွေကောင်းများအား အဖော်ပြု၍ လုံခြုံစိတ်ချအောင် သွားလာအပ်သည်။ တစ်ဦးတည်း မသွားလာမိဖို့နှင့် တပ်မက်အပ်သောအရာများ မပါရှိဖို့လိုသည်။ ရာဇဝတ်ဘေးဟူသည် ပြေးမလွတ်နိုင်သော်လည်း အသွားမတော်လျှင် ဒုစရိုက်သမားနှင့် ကြုံတွေ့တတ်သည်။

ယခုအခါ လူမဆန်သော ဒုစရိုက်မှုခင်းများအား ကြားသိနေရရာတွင် ဖြစ်ပွားခဲ့သောအမှုအခင်းများ အားလုံးနီးပါးသည် ဆိတ်ကွယ်ရာအရပ်တွင်လည်းကောင်း၊ အချိန်အခါမဲ့ သွားလာခြင်းတွင်လည်းကောင်း ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ မိမိ၏ အသွားအလာမဆင်ခြင်မှုကြောင့် ဒုစရိုက်သမားနှင့် မကောင်းမှုကို ဖိတ်ခေါ်သကဲ့သို့ ဖြစ်လာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ မိမိတို့၏ရပ်ရွာများတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံမှုရှိအောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆောင်ရွက်ပေးလျက်ရှိသော်လည်း ပြည်သူများအနေဖြင့် စိတ်ချလုံခြုံဘေးကင်းစွာဖြင့် နေထိုင်သွားလာနိုင်ရန်အတွက် မိမိတို့၏အသိတရားနှင့် ဆင်ခြင်ဉာဏ်ကို လက်ကိုင်ထားကာ သွားသတိ၊ လာသတိ၊ နေသတိ အမြဲရှိနေမှသာ စိတ်ချလုံခြုံသောဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။ ။

# မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လူမှုကရုဏာ အကူအညီများပေးအပ်ခဲ့ရာ အကျိုးခံစားခွင့်ရှိသူ ၆၈၀၀၀၀ ကျော်ရှိ



**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ၂၀၁၄ ခုနှစ် အစီရင်ခံစာများအရ နိုင်ငံတစ်ဝန်းရှိ ကြက်ခြေနီအသင်းခွဲများ၊ စီမံချက်/စီမံကိန်းများမှ တစ်ဆင့် လူမှုကရုဏာအကူအညီများ ပေးအပ်ခဲ့ရာ အကျိုးခံစားခွင့်ရှိသူ ဦးရေ ၆၈၀၀၀၀ ကျော်အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသဖြင့် နိုင်ငံတော်ကိုယ်စား ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူစွာ မှတ်တမ်းတင်ပါကြောင်း ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ် စုဝေးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (၇၅)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး ဖွင့်ပွဲ အခမ်းအနားတွင် ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပြောကြားသည်။

ကိုးကန့်ဒေသ မတည်ငြိမ်မှု ဖြစ်စဉ်တွင် မိမိအသက်ကို ပဓာနမထားဘဲ ကြက်ခြေနီစိတ်ဓာတ်ဖြင့် စစ်ရှောင်ပြည်သူများအား ကူညီဆောင်ရွက်ပေးခဲ့သည့် ကြက်ခြေနီ စေတနာလုပ်အားရှင် သုံးဦးကို နိုင်ငံတော်သမ္မတက စွမ်းဆောင်ရည်ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်ခဲ့ခြင်းသည်လည်း နိုင်ငံတော်မှ ကြက်ခြေနီ၏ လူမှုကရုဏာလုပ်ငန်းများအား ဂုဏ်ပြုချီးမြှောက်ခြင်းပင် ဖြစ်ပါကြောင်း။

ဇူလိုင်လအတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သည့် ဒေသများတွင်လည်း ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် မိမိတို့အသိစိတ်ဓာတ်ဖြင့် ပြည်သူများအား တတ်စွမ်းသမျှ ကူညီကယ်ဆယ်မှုများ ဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း။

ယခုကဲ့သို့ ကူညီကယ်ဆယ်မှုများ ဆောင်ရွက်စဉ် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကြက်ခြေနီတပ်ရင်းမှ တပ်စုမှူး ကျော်ကျော်လင်းသည် ရေနစ်အသက်ဆုံးရှုံးခဲ့ရသည့်အတွက် အားလုံးနှင့်ထပ်တူ များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ မိမိအသက်ကို ကာကွယ်နိုင်မှသာ တစ်ပါးသူကို ကူညီကယ်ဆယ်နိုင်မည် ဖြစ်သဖြင့် မိမိတို့၏အသက်အန္တရာယ်ကိုလည်း အလေးဂရုပြုကြရန် တိုက်တွန်းလိုပါကြောင်း။

အရေးပေါ်အခြေအနေကျရောက်ချိန်များတွင် အမျိုးသမီးများနှင့် ကလေးငယ်များ ပိုမိုထိခိုက်နိုင်ပြီး မျိုးဆက်ပွားကျန်းမာရေးပြဿနာများကြောင့် အမျိုးသမီးများ အများဆုံး ထိခိုက်ခံစားနေရသည့်အတွက် အမျိုးသမီးများနှင့် လူငယ်၊ လူရွယ်များအတွက် လိုအပ်ချက်များကို အလေးပေးကူညီဆောင်ရွက်ကြစေလိုပါကြောင်း။

အနာဂတ်အတွက် ရည်မှန်းကာ ပညာတတ်သော၊ အရည်အချင်းပြည့်ဝသော၊ ဂုဏ်သိက္ခာရှိသော လူငယ်များအား ပြုစုပျိုးထောင်ပေးရန်လိုအပ်သဖြင့် ယခုရေးဆွဲနေသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ၂၀၁၆-၂၀၂၀ မဟာဗျူဟာ လုပ်ငန်းစဉ်တွင် လူငယ်များ၏ အခန်းကဏ္ဍအား မြှင့်တင်နိုင်မည့် နည်းလမ်းများအား ထည့်သွင်းရေးဆွဲကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ချီးမြှင့်သည့် (၄၅) ကြိမ်မြောက် ဖလောရင့်နိုက်တင်ဂေးဆုရ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း တိုက်နယ်ဆေးရုံမှ အကြီးတန်းသူနာပြု ဦးစနိုင်နိုင်ထွန်းအား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုတံဆိပ် ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဗဟိုကောင်စီအစည်းအဝေးကိုကျင်းပရာ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေက အမှာစကားပြောကြားပြီး အစီအစဉ်များအတိုင်း အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (၇၅) ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေးတွင် ပြီးခဲ့သည့် ခြောက်လတာကာလအတွင်း နိုင်ငံတစ်ဝန်း ဆောင်ရွက်နေသည့် ကြက်ခြေနီလုပ်ငန်းများအား သုံးသပ်ဆွေးနွေးကြပြီး အကူအညီလိုအပ်သူများအား ပိုမိုကူညီနိုင်စေရန် မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြမည်ဖြစ်ကာ အစည်းအဝေးကို အောက်တိုဘာ ၈ ရက်မှ ၉ ရက်အထိ နှစ်ရက်တာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၈**

| | | | | |
|---|---|---|---|---|
| **ရန်ကုန်** | **ရွှေဈေး** | ၇၈၂၄၀၀ | - | ၇၈၃၄၀၀ |
| **မန္တလေး** | **ရွှေဈေး** | ၇၈၂၀၀၀ | - | ၇၈၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ ကျပ် |
| (ဃ) | ခါတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၈၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၄၄၇. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၂၀၂. ၄၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅. ၈၃၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၄. ၅၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၈၁၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၇၃. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၁၀. ၈၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၉၂၅. ၉၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၁၁. ၃၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ ဒေါအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးမွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ

ပြည်တွင်းရေးရာ

# နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးဉာဏ်ထွန်းသည်မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး မစ္စတာ ပီယာ ဂျော်ဂျီယို အယ်လီ ဘာ့တ်တီအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနှင့်အီတလီ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရင်းနှီးစွာဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ဆေးဝါးတက္ကသိုလ်(မန္တလေး)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိန်လှထွေးအား ယင်းတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**(သတင်းစဉ်)**

❖ **ရှေ့ဖုံးမှ**

ထို့အပြင် လက်မှတ်ရေးထိုးပွဲကျင်းပနိုင်ရေးအတွက် ပူးတွဲကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း၊ ပူးတွဲကျင်းပရေးကော်မတီလုပ်ငန်းများ ဆွေးနွေးခြင်း၊ NCA စာချုပ်လက်မှတ်ရေးထိုးမည့် တိုင်းရင်းသားခေါင်းဆောင်အမည်များ အတည်ပြုခြင်း၊ ပြည်တွင်းအသိသက်သေစာရင်းအတည်ပြုခြင်း၊ လက်မှတ်ရေးထိုးပွဲဖိတ်စာ အတည်ပြုခြင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ဖိတ်ကြားမည့် ဧည့်သည်စာရင်းအား အတည်ပြုခြင်းများ ပြုလုပ်ခဲ့ကြကြောင်းသိရသည်။

လက်ရှိတွင် ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ(KNLA-PC)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့(PNLO)၊မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)နှင့် ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော် (DKBA) တို့မှ အောက်တိုဘာ ၁၅ ရက်တွင် NCA စာချုပ်အား လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

○ **လေဖိအားနည်းမှ**

မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြစ်ရေရုတ်တရက်မြင့်တက်လာနိုင်ပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရှောင်ရှားကြပါရန် အကြံပြုထားကြောင်း သိရသည်။

**(ကြေးမုံ)**



# ကော့သောင်းမြို့တွင် မီးခိုးမိုးတိမ်များ မြို့လုံးအနှံ့ အုံ့ဆိုင်းမှုဖြစ်ပွား

**ကော့သောင်း အောက်တိုဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့တွင် အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းမှ စတင်ကာ မြို့လုံးအနှံ့ ကောင်းကင်ယံတွင် မီးခိုးမိုးတိမ်များ အုံ့မှိုင်းနေကြောင်းသိရသည်။

အောက်တိုဘာ ၇ ရက် ညပိုင်း ထိုင်းနိုင်ငံ ရုပ်သံချန်နယ်များမှ ထုတ်ပြန်သည့် သတင်းများအရ အင်ဒိုနီးရှားနိုင်ငံ စူမားတြားကျွန်းတစ်ဝိုက် တောမီးလောင်ကျွမ်းမှုကြောင့် ထိုင်းနိုင်ငံတောင်ပိုင်း စုံခလာခရိုင် ဟတ်ယိုင်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မီးခိုးမိုးတိမ်များ ထူထပ်စွာအုံ့ဆိုင်းနေသဖြင့် လေယာဉ်ဆင်းသက်မှု အခက်အခဲများဖြစ်ပေါ်ခဲ့သည်။

ထိုင်းနိုင်ငံ ဖူးခက်မြို့တွင် လေထု တစ်ကုဗမီတာအတွင်း မီးခိုးဖုန်ပါဝင်မှု ပမာဏ ၂၀၄ မိုက်ခရိုဂရမ်ခန့် ပါရှိကြောင်း၊ အဝေးပြေးလမ်းမကြီးပေါ် မြင်နိုင်စွမ်းမီတာ ၂၀၀ အောက်ဘက်ဖြစ်ကြောင်း၊ အဆိုပါ မီးခိုးမိုးတိမ်များသည် အင်ဒိုနီးရှားတောမီးလောင်မှုမှ ဖြစ်ပေါ်လာပြီး ထိုင်းနိုင်ငံတောင်ပိုင်းဒေသများမှတစ်ဆင့် မြန်မာနိုင်ငံတောင်ဘက်ဒေသများသို့ ပျံ့လွင့်လာကာ ကော့သောင်းမြို့အနှံ့ မီးခိုးမိုးတိမ်များ အောက်တိုဘာ ၈ ရက်တိုင် ဖုံးလွှမ်းလျက်ရှိကြောင်း သိရသည်။ ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်ပြင်အတွင်း မြင်နိုင်စွမ်းမှာ ရေမိုင်တစ်မိုင်ခွဲအောက်ဘက်ရှိခဲ့သည်။

မြို့နေပြည်သူများ ကျန်းမာရေးထိခိုက်လာနိုင်ခြေဖြစ်ပေါ်နေသဖြင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ပြင်ပတွင်လုပ်ကိုင်သူများ ကျန်းမာရေးအတွက် အသိ သတိပြုနေထိုင်ကြရေး ဒေသတာဝန်ရှိအဖွဲ့အစည်းများမှ အသိပေးနှိုးဆော်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း-IPRD)**

# ၂၀၁၅ ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာလကုန်အထိ လူကုန်ကူးမှု ၈၉ မှု ဖြစ်ပွားခဲ့

**နေပြည်တော် အောက်တိုဘာ ၈**

လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ချမှတ်ပြီး အလေးထားဆောင်ရွက်ခဲ့ရာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ၂၀၀၇-၂၀၁၁ ထိ ပထမငါးနှစ် စီမံကိန်းအဖြစ်လည်းကောင်း၊ ၂၀၁၂-၂၀၁၆ ထိ ဒုတိယငါးနှစ် စီမံကိန်းအဖြစ်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းစီမံကိန်းများတွင် နိုင်ငံတကာမှ လက်ခံသော စံနှုန်းများဖြစ်သည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်း၊ ဥပဒေအရအရေးယူသည့်လုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများသာမက လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးမှုမြှင့်တင်ရေးလုပ်ငန်းများလည်း ပါဝင်သည်။

ထို့ကြောင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသလို ပညာပေးလုပ်ငန်းများကိုလည်း စွမ်းစွမ်းတမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ လူကုန်ကူးမှုလုပ်ငန်းများကို ကာကွယ်တားဆီးတိုက်ဖျက်နေသည့် ကြားမှ ၂၀၁၄ ခုနှစ်တွင် လူကုန်ကူးမှု ၁၂၄ မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ၃၆၇ ဦးနှင့် လူကုန်ကူးခံရသူ ၃၀၉ ဦး ဖော်ထုတ်နိုင်ခဲ့သည်။

အဆိုပါ လူကုန်ကူးမှုများတွင် အဓမ္မစေခိုင်းမှု ၂၉ မှု၊ ပြည့်တန်ဆာပြုမှု ၂၂ မှု၊ အဓမ္မလက်ထပ်ထိမ်းမြားမှု ၇၂ မှု၊ ကလေးသူငယ် လူကုန်ကူးမှုတစ်မှု စုစုပေါင်း ၁၂၄ မှု ဖြစ်ပွားခဲ့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလကုန်အထိ လူကုန်ကူးမှုများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၁ မှု၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၅ မှု၊ ပဲခူးတိုင်းဒေသကြီးတွင် ခြောက်မှု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လေးမှု၊ ရခိုင်ပြည်နယ်တွင် လေးမှု၊ မကွေးတိုင်းဒေသကြီးတွင် နှစ်မှု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ခြောက်မှု၊ ကရင်ပြည်နယ်တွင် သုံးမှု၊ မွန်ပြည်နယ်တွင် တစ်မှု၊ ကချင်ပြည်နယ်တွင် ၁၂ မှု၊ ရှမ်းပြည်နယ်တွင် ၂၅ မှု စုစုပေါင်း ၈၉ မှု ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်များတွင် ပြစ်မှုကျူးလွန်သူ ၂၆၀ အနက် ၁၇၂ ဦး ဖမ်းဆီးရမိခဲ့ပြီး ကျန်ပြစ်မှုကျူးလွန်သူ ၈၈ ဦးကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လူကုန်ကူးမှု ၈၉ မှုကြောင့် လူကုန်ကူးခံရသူပေါင်းမှာ အမျိုးသား ၃၃၀၊ အမျိုးသမီး ၁၂၉ ဦး ပေါင်း ၄၅၉ ဦးဖြစ်သည်။ ထိုအထဲမှ အမျိုးသား ၃၁၁ ဦး၊ အမျိုးသမီး ၉၅ ဦး ပေါင်း ၄၀၆ ဦးကို ကယ်တင်နိုင်ခဲ့သည်။ လူကုန်ကူးမှု ဦးတည်နိုင်ငံများမှာ တရုတ်၊ ထိုင်း၊ မလေးရှားနှင့်ပြည်တွင်းဟူ၍ရှိရာ တရုတ်နိုင်ငံသို့ လူကုန်ကူးမှု ၅၅ မှု၊ ထိုင်းနိုင်ငံသို့ ၁၃ မှု၊ မလေးရှားနိုင်ငံသို့ ငါးမှု၊ ပြည်တွင်း၌ ၁၆ မှု ပေါင်း ၈၉ မှု ဖြစ်ပွားခဲ့သည်။

ထိုအထဲတွင် အဓမ္မလက်ထပ်မှု ၅၀၊ အဓမ္မခိုင်းစေမှု ၂၂ မှု၊ ပြည့်တန်ဆာပြုခိုင်းစေမှု ၁၅ မှု၊ ကလေးမွေးစားမှုတစ်မှု၊ ကလေးရောင်းစားမှု တစ်မှု ဖြစ်ပွားခဲ့သည်။

လူကုန်ကူးမှု တိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံ၏ ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုအပေါ် အခြေခံ၍ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ ပြည်တွင်း၊ ပြည်ပ လူကုန်ကူးမှု လျော့နည်းပပျောက်စေရန် ပြည်သူလူထုကလည်း ပူးပေါင်းပါဝင် လုပ်ဆောင်သွားမှသာ ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# (၆၃) နှစ်မြောက်မွေးနေ့ပွဲအထိမ်းအမှတ်အဖြစ် သမ္မတပူတင် ရေခဲပြင်ဟော်ကီကစား

ပေကျင်း အောက်တိုဘာ ၈

**ရုရှားသမ္မတ ဗလာဒီမာပူတင်က ၎င်း၏(၆၃)မြောက်မွေးနေ့တွင် ရေခဲပြင်ဟော်ကီကစားပြီး မွေးနေ့ပွဲကို ပျော်ရွှင်စွာဖြတ်သန်းခဲ့ကြောင်းသတင်းများအရ သိရသည်။**

သမ္မတပူတင်က ကျောနံပါတ် ၁၁ အင်္ကျီကိုဝတ်ဆင်ပြီး ဝါရင့်ဟော်ကီကစားသမားများနှင့်အတူ ရေခဲပြင်ဟော်ကီကို ဆူချီမြို့ပင်လယ်နက်အပန်းဖြေစခန်းရှိ ရှေးဘားရေခဲပြင်ဟော်ကီကစားကွင်းတွင် ကစားခဲ့ရာ ၁၅-၁၀ ဂိုးဖြင့် သမ္မတဦးဆောင်သည့် အသင်းက အနိုင်ရရှိခဲ့သည်။ အနိုင်ရရှိခဲ့သည့် သွင်းဂိုး ၁၅ ဂိုးအနက် သမ္မတက ခုနစ်ဂိုးခန့် အနိုင်ဂိုးသွင်းပေးခဲ့သည်။

ဂျူဒိုကစားနည်းတွင် ခါးပတ်အနက်အဆင့်ရှိသည့် သမ္မတအနေဖြင့် အားကစားနည်းမျိုးစုံကို ကစားရာတွင် ယင်းအတွက် အသစ်အဆန်းမဟုတ်တော့ပေ။ သမ္မတသည် လွန်ခဲ့သည့် လေးနှစ်တာကာလမှစပြီး စကိတ်စီးအားကစားနည်းကို စတင်လေ့ကျင့်ခဲ့သော်လည်း ယခုအချိန်တွင် ကျွမ်းကျင်စွာ စီးတတ်နေပြီဖြစ်သည်။ ထို့ကြောင့် ယနေ့ဟော်ကီကစားပွဲတွင် အသင်းအတွက် ဂိုးများသွင်းယူပေးနိုင်ခဲ့ပြီး အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။




ရေခဲပြင်ဟော်ကီအားကစားသည် သမ္မတ၏ အနှစ်သက်ဆုံးသောကစားနည်းတစ်ခုဖြစ်လာသည်။

သမ္မတသည် ၂၀၁၂ ခုနှစ်တွင် သမ္မတအဖြစ် တတိယအကြိမ်ပြန်လည်ရွေးကောက်ခြင်း ခံရပြီးနောက် ရေခဲပြင် ဟော်ကီကစားနည်းကို ဦးစားပေးကစားခဲ့ခြင်း ဖြစ်သည်။

ယခုနှစ်အစောပိုင်းတွင် သမ္မတက ဆိုချီမြို့ရှိ ရေခဲပြင်ဟော်ကီကစားကွင်းတွင် ပြိုင်ဘက်အသင်းကို သမ္မတ၏ အောစတားအသင်းက ၁၈-၆ ဂိုးဖြင့်အပြတ်အသတ် အနိုင်ရရှိခဲ့သည်။ အဆိုပါ ကစားပွဲတွင် သမ္မတက အနိုင်ဂိုး ရှစ်ဂိုးသွင်းပေးခဲ့သည်။

သမ္မတရာထူးမှ အနားယူပြီးသည့်နောက်တွင် ရေခဲပြင်ဟော်ကီကစားနည်းကဲ့သို့ ၎င်းကြိုက်နှစ်သက်ရာတစ်ခုခုကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၂၀၁၄ ခုနှစ်က သမ္မတနှင့်အင်တာဗျူးတစ်ရပ်တွင် ၎င်းက ပြောကြားခဲ့သည်။ **ဆင်ဟွာ။**

# စာပေ နိုဘယ်ဆု ဘယ်လာရုစ် အမျိုးသမီးရရှိ



**စတော့ဟုမ်း အောက်တိုဘာ ၈**

ဘယ်လာရုစ်နိုင်ငံသူ စာရေးဆရာမ ဆဗက်လာနာ အလျူအက်ဆာရင်ဗစ်သည် ယခင်ဆိုဗီယက်ပြည်ထောင်စုတွင် ၎င်း၏ ဘဝသရုပ်ဖော်မှုကို ပီပြင်စွာဖော်ကျူးနိုင်ခဲ့သည့်အတွက် ယခုနှစ်အတွက် စာပေနိုဘယ်ဆုကို ဆွတ်ခူးရရှိသွားခဲ့သည်။

သူ၏ ရေးသားဖော်ကျူးမှုသည် ကျွန်ုပ်တို့ခေတ်အတွက် စိတ်အားတက်ကြွမှုများပေးစွမ်းနိုင်ခဲ့သည်ဟု ဆွီဒင်အကယ်ဒမီက ပြောကြားသည်။ အလျူအက်ဆာရင်ဗစ်သည် ဆိုဗီယက်ပြည်ထောင်စုဟောင်းအကြောင်းကို "စိတ်ကူးယဉ်လောက၏ စေ့ဆော်မှုများ" ဟူသော စာအုပ်များကိုရေးသားခဲ့သလို ၁၉၆၁ ခုနှစ်က ချာနိုဘိုင်းလ်နျူကလီးယားဘေးအန္တရာယ်၏ အကျိုးဆက်များနှင့် အာဖဂန်နစ္စတန်တွင် ရုရှားဆင်နွှဲခဲ့သော စစ်ပွဲကိုလည်း ရေးသားခဲ့သည်။

"အလျူအက်ဆာရင်ဗစ်ရဲ့ လူမှုဘဝခံစားချက်များ၊ စိတ်ကူးယဉ်စေ့ဆော်မှုများကို ထူးခြားပြောင်မြောက်စွာ သရုပ်ဖော်ရေးသားနိုင်မှုဟာ ကျွန်ုပ်တို့ လူမှုဘဝတစ်ခုလုံးကို နက်နက်ရှိုင်းရှိုင်း သဘောပေါက်နားလည်နိုင်စွမ်းရှိခဲ့ပါတယ်" ဟု ဆွီဒင်အကယ်ဒမီက ပြောကြားသည်။

အလျူအက်ဆာရင်ဗစ်ကို ၁၉၄၈ ခုနှစ်တွင် ယူကရိန်းနိုင်ငံ၌ မွေးဖွားခဲ့ပြီး ကျောင်းပြီးသည့်အခါ ကျောင်းဆရာမနှင့် သတင်းစာဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။

အလျူအက်ဆာရင်ဗစ်သည် စာပေနိုဘယ်ဆုရရှိသည့် (၁၄) ယောက်မြောက် အမျိုးသမီးဖြစ်သည်။ စာပေနိုဘယ်ဆုသည် ယခုနှစ်အတွက် ချီးမြှင့်သည့် နိုဘယ်ဆုများတွင် လေးဆုမြောက်ဆုဖြစ်သည်။ နိုဘယ်လ်ဆုများကို ဒိုင်းနမိုက်တီထွင်သူ အဲဖရက်ဒ်နိုဘယ်လ်၏ သေတမ်းစာအရ ၁၉၀၁ ကတည်းက သိပ္ပံ၊ စာပေနှင့် ငြိမ်းချမ်းရေးအတွက် ထူးချွန်စွာစွမ်းဆောင်နိုင်သူများကို ချီးမြှင့်ပေးအပ်ခဲ့သည့် ဆုများဖြစ်သည်။

**ရိုက်တာ။**

# တရုတ်ရေတပ်သင်္ဘောများ ပိုလန်သို့ချစ်ကြည်ရေးခရီးရောက်ရှိ

**ဂီဒီနီယာ(ပိုလန်) အောက်တိုဘာ ၈**

တရုတ်ရေတပ်မှ ရေယာဉ်စုတစ်စုသည် အောက်တိုဘာ ၇ ရက်မှစ၍ ငါးရက်ကြာ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ပိုလန်နိုင်ငံသို့ဆိုက်ရောက်လာကြောင်း၊ တရုတ်ရေတပ်ရေယာဉ်များ ဥရောပတိုက်ရှိနိုင်ငံတစ်နိုင်ငံသို့ လာရောက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယင်းရေယာဉ်စုတွင် ဖျက်သင်္ဘောတစ်စင်း၊ ဖရီးဂိတ်သင်္ဘောတစ်စင်းနှင့် ထောက်ပံ့ရေးသင်္ဘောတစ်စင်းတို့ပါဝင်သည်။ တရုတ်စစ်ရေယာဉ်စု ပိုလန်နိုင်ငံ ဂီဒီနီယာဆိပ်ကမ်းသို့အောက်တိုဘာ ၇ ရက်က ဆိုက်ရောက်လာရာ နွေးထွေးလှိုက်လှဲစွာကြိုဆိုကြသည်။ တရုတ်နှင့် ပိုလန်နှစ်နိုင်ငံဆက်ဆံရေး ထူထောင်သည့် (၆၆)နှစ်မြောက်နှစ်ပတ်လည်နေ့တွင် တရုတ်စစ်သင်္ဘောများ ပိုလန်နိုင်ငံသို့ ဆိုက်ရောက်လာခြင်းဖြစ်သည်။

ပိုလန်နိုင်ငံ ဂီဒီနီယာမြို့၌ တရုတ်စစ်ရေယာဉ်စု ရောက်ရှိနေသည့်ရက်များအတွင်း တရုတ်နှင့်ပိုလန်ရေတပ်အရာရှိများ၏အကြမ်းဖက်မှု တိုက်ဖျက်ရေး ဆွေးနွေးပွဲကိုကျင်းပမည်ဖြစ်သည်။ ထို့ပြင်နှစ်နိုင်ငံရေတပ်ဖွဲ့ဝင်များ ဘောလုံးယှဉ်ပြိုင်ကစားခြင်းနှင့် လေ့လှော်ပြိုင်ပွဲများကျင်းပခြင်းတို့ပြုလုပ်ကြမည်ဖြစ်ပြီး ရေယာဉ်များပေါ်သို့ အများပြည်သူလာရောက်လေ့လာရန် နေ့စဉ်ခွင့်ပြုပေးမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ဂီဒီနီယာဆိပ်ကမ်းမြို့ကို ၁၉၂၀ ပြည့်လွန်နှစ်များတွင် စတင်တည်ထောင်ခဲ့သည်။ ဂဒန့်စ်နှင့်ဆိုပေါ့မြို့များနှင့်အတူပေါင်းစည်းကာ ဂီဒီနီယာမြို့ကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ။**

# မလေးရှားနိုင်ငံပိုင်ရေနံကုမ္ပဏီ ပက်ထရိုးနက်စ် မော်ရီတေးနီးယား၌ လုပ်ငန်းဆောင်ရွက်နေဟုဆို

**ကွာလာလမ်ပူ အောက်တိုဘာ ၈**

မလေးရှားနိုင်ငံပိုင် ပက်ထရိုးနက်စ်ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီသည် မော်ရီတေးနီးယားနိုင်ငံ၌ လုပ်ငန်းများဆက်လက် ဆောင်ရွက်နေဆဲဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ အကြီးတန်းအရာရှိတစ်ဦးက အောက်တိုဘာ ၈ ရက်တွင် ပြောကြားသည်။

ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှုနှင့်အတူ ဝင်ငွေရရှိမှုလျော့နည်းလာခြင်းကြောင့် မြောက်အာဖရိကဒေသရှိ မော်ရီတေးနီးယားနိုင်ငံမှ ပက်ထရိုးနက်စ်၏လုပ်ငန်းများ ပြန်လည်ရုပ်သိမ်းမည်ဟု မီဒီယာသတင်းများပေါ်ထွက်လာခြင်းကို တုံ့ပြန်လျက် အဆိုပါကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဝီယောဟင်က အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

မလေးရှားနိုင်ငံပိုင် ရေနံနှင့်ဓာတ်ငွေ့ကုမ္ပဏီကြီးဖြစ်သော ပက်ထရိုးနက်စ်သည် နိုင်ငံတော်၏ ရေနံလုပ်ငန်းဝင်ငွေ ထက်ဝက်ကျော်ကို ထည့်ဝင်နေသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ အထူးသဖြင့် မော်ရီတေးနီးယားနှင့် ကင်မရွန်းနိုင်ငံတို့၌ လုပ်ငန်းတိုးတက်မှုအလားအလာများကို မတွေ့မြင်ရပါက ယင်းနိုင်ငံများ၌ လုပ်ငန်းဆက်လက်လုပ်ကိုင်မှုကို အဆုံးသတ်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီက ပြီးခဲ့သည့် ဒီဇင်ဘာလတွင် ပြောကြားခဲ့သည်။

ပက်ထရိုးနက်စ်ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီ၏ အသားတင်အမြတ်ငွေသည် ယခုနှစ်ဧပြီ၊ ဇွန် သုံးလပတ်ကာလတွင် ၄၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ယင်းမှာ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းကျဆင်းလာမှု၏ အကျိုးဆက်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**

# အရပ်ဘက်သုံးနျူသဘောတူညီချက်ရရှိရေး အမေရိကန်နှင့် ပါကစ္စတန်ဦးတည်နေ

**ဝါရှင်တန် အောက်တိုဘာ ၈**

အမေရိကန်ပြည်ထောင်စုသည် ပါကစ္စတန်နိုင်ငံနှင့် အရပ်ဘက်သုံး နျူကလီးယားသဘောတူညီချက်တစ်ရပ် ရရှိရေးအတွက် ဆွေးနွေးညှိနှိုင်းမှုလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်လျက်ရှိကြကြောင်း ဝါရှင်တန်ပို့စ် သတင်းစာက အောက်တိုဘာ ၇ ရက်တွင် ရေးသားဖော်ပြသည်။

နျူကလီးယား သဘောတူညီချက်ရရှိရေးအတွက် ညှိနှိုင်းဆွေးနွေးမှုကို တိတ်တဆိတ်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ဝါရှင်တန်သို့ အောက်တိုဘာ ၂၂ ရက်တွင် ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှာရစ်ဖ်လာရောက်ရန်ရှိနေစဉ် နျူကလီးယား သဘောတူညီချက်ရရှိရေးကိစ္စကို ဆွေးနွေးလျက်ရှိကြောင်း ပင်တိုင်ဆောင်းပါးရှင် ဒေးဗစ်အစ်နာတီယက်က ဝါရှင်တန်ပို့စ်သတင်းစာတွင် ရေးသားထားသည်။



ပါကစ္စတန်ဝန်ကြီးချုပ်၏ အမေရိကန်ခရီးစဉ်အတွက် ကိစ္စရပ်အမျိုးမျိုးနှင့်ပတ်သက်၍ နှစ်နိုင်ငံအစိုးရတာဝန်ရှိသူများကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း အမေရိကန်အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပါကစ္စတန်နိုင်ငံတွင် ထုတ်ဝေသော အရုဏ်ဦးအမည်ရှိ သတင်းစာသို့ ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသည် ပါကစ္စတန်၏ ပြိုင်ဘက် အိန္ဒိယနိုင်ငံနှင့် အရပ်ဘက်ဆိုင်ရာ နျူကလီးယားသဘောတူညီချက်တစ်ရပ်နှင့်ပတ်သက်၍ ၂၀၀၅ ခုနှစ်ဇူလိုင်တွင် မူဘောင်သဘောတူညီချက်ရရှိခဲ့သည်။

**ရိုက်တာ။**

# တောင်ကာရိုလိုင်းနားပြည်နယ် စံချိန်တင်ရေကြီးရေလျှံမှု သေဆုံးသူ ၁၇ ဦးထိရှိလာ

**ကိုလံဘီယာ အောက်တိုဘာ ၈**

အမေရိကန်ပြည်ထောင်စု တောင်ကာရိုလိုင်းနားပြည်နယ်၌ စံချိန်တင်မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ အောက်တိုဘာ ၇ ရက်က လူနှစ်ဦး ထပ်မံသေဆုံးခဲ့ပြီး ရေကြီးမှုဖြစ်ပေါ်နေသော မြစ်ချောင်းများ၏ခြိမ်းခြောက်မှုနှင့် ကျိုးပေါက်မည့်အခြေအနေကြုံတွေ့နေသောဆည်များက အနီးအနားရှိပြည်သူများကို အထိတ်တလန့်ဖြစ်စေခဲ့သည်။

ပြည်နယ်အလယ်ပိုင်း ရေကြီးမှုဒဏ်အခံရဆုံးနယ်မြေတစ်ခုဖြစ်သည့် ရက်ချ်လန်ဒေသမှ အရေးပေါ်ကယ်ဆယ်ရေးသမားများက ရေကြီးရေလျှံမှုကြောင့် ထရပ်ကားတစ်စီးမျောပါသွားပြီးနောက် ယင်းထရပ်ကားပေါ်မှ ပျောက်ဆုံးနေသော လူနှစ်ဦး၏အလောင်းများကို တွေ့ရှိခဲ့ကြောင်း၊ ထရပ်ကားအတွင်းရှိ အခြားလူသုံးဦးမှာ လွတ်မြောက်ခဲ့ကြောင်း တာဝန်ရှိသူ ကားတစ်ဝီလ်ဆင်က ပြောကြားသည်။ တောင်ကာရိုလိုင်းနားပြည်နယ် ဒေသအချို့တွင် မိုးရေ ၂ ပေ (၆၀ စင်တီမီတာ) ကျော်ထိ ရောက်ရှိခဲ့သည့် မိုးသက်မုန်တိုင်းကြောင့် သေဆုံးသူဦးရေမှာ ရေနစ်သေဆုံးသူ သို့မဟုတ် ကားမှောက်သေဆုံးသူများအပါအဝင် လူ ၁၇ ဦး ထက်မနည်းရှိသည်။

တောင်ကာရိုလိုင်းနားပြည်နယ်၏ မြို့တော်ကိုလံဘီယာ၌ အောက်တိုဘာ ၆ ရက် တစ်ရက်သာ မိုးမရွာဘဲ နေကိုမြင်တွေ့ခဲ့ရကြောင်း အမျိုးသားမိုးလေဝသဌာနကဆိုသည်။

မိုးရေချိန် ၁၁ လက်မခန့် ရွာသွန်းမှုကြောင့် ကိုလံဘီယာမြို့တော်တွင် သီတင်းတစ်ပတ်အတွင်း စံချိန်တင်မိုးအများဆုံးရွာသွန်းခဲ့သည်။ ဆည်မြောင်းတာတမံ ၁၃ ခုကို ပုံမှန်စီးဆင်းမှုမရှိတော့ဘဲ လမ်းပေါင်း ၂၇၀ နှင့် တံတားအစင်း ၁၄၀ ကို ပိတ်ထားခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ မိုးရွာသွန်းမှုများ ရပ်တန့်သွားပြီဖြစ်သော်လည်း မြစ်ရေကြီးမှုမှာ သီတင်းတစ်ပတ်အတွင်း ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသပညာရှင်များက ပြောကြားသည်။ ရေများမှာ ပြည်နယ်အတွင်းမှဖြတ်၍ မြစ်များ၊ ချောင်းများအတွင်းသို့ စီးဆင်းနေသောကြောင့် တောင်ကာရိုလိုင်းနားပြည်နယ် လိုးကောင်ထရီဒေသမှာ အဓိကစိုးရိမ်စရာဒေသတစ်ခုအဖြစ် ရှိနေဆဲဖြစ်သည်။ ဘေးကင်းရာသို့ ထပ်မံရွှေ့ပြောင်းခံရမည့်သူများမှာ ပြည်နယ်အရှေ့ပိုင်းရှိ ပြည်သူများသာဖြစ်မည် ဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး နစ်ကီဟာလေက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

**ရိုက်တာ။**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြပြီး (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးသော ဥပဒေများ၊ ဆောင်ရွက်ရန်ကျန်သောဥပဒေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကြီး ပွင့်လင်းမြင်သာစွာဖြင့် ဥပဒေနှင့်အညီကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး



**ဟားခါး အောက်တိုဘာ ၈**

ချင်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် အဆောက်အအုံနှင့် စာသင်ကျောင်းများ ပျက်စီးဆုံးရှုံးမှုများ၊ လမ်းပန်းဆက်သွယ်ရေး ကန့်သတ်ချက်၊ ပြန်လည်ထူထောင်ရေး ဆောင်ရွက် ထားရှိမှုများအပေါ် မူတည်၍ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့်အဖွဲ့သည် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက ကလေးမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ချင်းပြည်နယ် ဟားခါးမြို့သို့ မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် မွန်းလွဲပိုင်းတွင် ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပြည်နယ်/ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများ၊ ချင်းပြည်နယ်အတွင်း ရုံးခွဲဖွင့်လှစ်ထားသော နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲကြီးကို ပွင့်လင်းမြင်သာစွာဖြင့် ဥပဒေနှင့်အညီကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးမှုကြသည်။

ထို့နောက် တက်ရောက်လာသော နိုင်ငံရေးပါတီများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ချင်းပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသည့် မြို့ဟောင်းရပ်ကွက်ရှိ ခွာရုံတောင်တန်းသာသနာပြု ဘုန်းတော်ကြီးကျောင်းနှင့် ရှန်းတောင်ပြိုကျခဲ့မှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုပြီး ဟားခါးမြို့မှ ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ကလေးမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌသည် ကလေးမြို့ ကျီကုန်းကျေးရွာ ရာဇဂီရိကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်တော်မူသော မဟာသာကပဋ္ဌိမာ ရေဆန်ကျွန်းမြတ် ရုပ်ပွားတော်အားဖူးမြော်ကာ အလှူငွေများ လှူဒါန်းသည်။

**(သတင်းစဉ်)**

# လူ့အခွင့်အရေးဆိုင်ရာ အသိပညာပြန့်ပွားရေး ဆွေးနွေးဟောပြောပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပြန့်ပွားရေး ဆွေးနွေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ပြုလုပ်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ အရာထမ်းများနှင့် အမှုထမ်းများတက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်က လူ့အခွင့်အရေး၏ သဘောသဘာဝ၊ သမိုင်းကြောင်းနှင့်အနှစ်သာရ၊ လူ့အခွင့်အရေးကော်မရှင်ဥပဒေ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ စုံစမ်းစစ်ဆေးခြင်းနှင့် တိုင်ကြားနိုင်သည့်နည်းလမ်းများအား ရှင်းလင်းဆွေးနွေးပြီး ကော်မရှင်အဖွဲ့ဝင် ဒေါ်မြမြက မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ ပေါ်ပေါက်လာပုံအဆင့်ဆင့်၊ လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များ၊ လူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားချက်များနှင့် တိုင်ကြားချက်များအပေါ် ဖြေရှင်းဆောင်ရွက်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ဝန်ထမ်းများက မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မဲရုံများအလိုက် အထူးရဲများခန့်ထားခြင်း၊ လုပ်ငန်းတာဝန်ပေးအပ်မှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ရှင်းလင်းပွဲ ကျင်းပ

**လားရှိုး အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တော်ခန်းမ၌ အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီခွဲက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လားရှိုးမြို့နယ်အတွင်းရှိ မဲရုံများအလိုက် အထူးရဲများ ခန့်ထားခြင်း၊ လုပ်ငန်းတာဝန်ပေးအပ်မှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ရှင်းလင်းပွဲ အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

တာဝန်ပေး ခန့်အပ်သွားမည့် အထူးရဲ ၁၃၄၇ ဦးကို စုဆောင်းထားရှိပြီးဖြစ်ကြောင်း၊ အထူးရဲတပ်ဖွဲ့ဝင်များအား အောက်တိုဘာ ၂၀ ရက်မှ ၃၁ ရက်အထိ သင်တန်းပေးသွားမည်ဖြစ်ပြီး အထူးရဲများကို လစာနှင့် ရိက္ခာများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"အထူး ရဲတပ်ဖွဲ့ဝင်တွေကို အောက်တိုဘာ ၁၅ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ တာဝန်ပေးခန့်အပ်သွားပါမယ်။ သတ်မှတ်ကာလတာဝန်ထမ်းဆောင်ပြီးလို့ သန္နိတပ်ဖွဲ့ဝင်များအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်လိုတယ်ဆိုရင် လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆက်လက်တင်ပြဆောင်ရွက်သွားပါမယ်" ဟု ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးက ပြောသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် မဲရုံပေါင်း ၁၃၄၇ ရုံရှိရာ မဲရုံတစ်ရုံလျှင် အထူးရဲတစ်ဦးကျ တာဝန်ပေးခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**

❖

# ကျေးလက်မီးလင်းရေးအတွက် ဆိုလာမီးများ အိမ်အရောက်တပ်ဆင်ဆောင်ရွက်

**ပေါင် အောက်တိုဘာ ၈**

ပေါင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် သန်း ၈၃ ဒသမ ၄၀ ဖြင့် လေးအိမ်စုကျေးရွာ၊ လက်ပံကျွန်းကျေးရွာ၊ ဉက္ကံကျေးရွာ၊ တပ်မှူးချောင်ကျေးရွာနှင့် ဘိုင်လောင်းကျေးရွာများတွင် ဆိုလာမီး ၄၁၇ လုံးကို အိမ်အရောက်တပ်ဆင်ပေးခြင်းလုပ်ငန်းအား ဇာနည်လျှမ်းကုမ္ပဏီက အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက ယင်းကျေးရွာများတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ကျေးရွာများ၌ ဆိုလာမီးများတပ်ဆင်ရာတွင် ဉက္ကံကျေးရွာ အုပ်စု ဉက္ကံကျေးရွာရှိ အိမ်ခြေ ၁၁၅ အိမ်အား အိမ်အရောက်ဆိုလာမီးများ တပ်ဆင်ပေးခြင်းကို ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက စနစ်တကျ တပ်ဆင်နိုင်ရေးအတွက် လိုက်ပါဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးသည့် လေးအိမ်စုကျေးရွာ၊ လက်ပံကျွန်းကျေးရွာ၊ ဉက္ကံကျေးရွာ၊ တပ်မှူးချောင်ကျေးရွာနှင့် ဘိုင်လောင်းကျေးရွာများသည် မြို့နှင့်အလှမ်းဝေး၍ လျှပ်စစ်မီးရရှိရန် ခက်ခဲပြီး ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိရန်ခက်ခဲသော ကျေးရွာများဖြစ်သဖြင့် ကျေးလက်မီးလင်းရေးအတွက် ဆိုလာမီးများကို ကျေးရွာများတွင် အိမ်အရောက်တပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရေးနှင့် ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများ၊ ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ (၁၀-၁၀-၂၀၁၅)ရက်နေ့တွင် ဗဟန်းမြို့နယ်အတွင်းရှိ ရွှေဂုံတိုင်(အရှေ့)၊ သာသနာ့ရိပ်သာ၊ ရွှေဂုံတိုင် (ဆ. သ. ရ)၊ Data Plaza၊ ပုလဲကွန်ဒို (C,D,E,F)၊ အောင်ချမ်းသာအိမ်ရာ၊ ရွှေဂုံရိပ်မွန်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ကျိုက္ကဆံရပ်ကွက်၊ (၅)ထပ်ကြီးဘုရားလမ်း၊ တိုင်းရင်းဆေးရုံ၊ အနောက်ရွှေဂုံတိုင်လမ်း၊ ရေတာရှည်ရပ်ကွက်၊ သန်လျင်မြို့နယ်အတွင်းရှိ (သူဌေးကွင်း၊ စစ်ပင်ကွင်း၊ ကရင်ဆိပ်)၊ သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်၊ ဒလမြို့နယ်အတွင်းရှိ (ကျောင်းစု၊ မော်စကို၊ ကမာကသွယ်)၊ လှိုင်သာယာမြို့နယ်အတွင်းရှိ (၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆) ရပ်ကွက်များ၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီးမြို့၊ ဒါးပိန်မြို့နယ်၊ အင်းတိုင်မြို့၊ ထောက်ကြံ့မြို့အတွင်းရှိ (မြို့ပေါ် ရပ်ကွက်များ၊ နွယ်ခွေ၊ ဂူကြီးကုန်း)၊ မှော်ဘီမြို့နယ်အတွင်းရှိ (ညောင်နှစ်ပင်ဇုန်၊ တပ်နယ်)ရပ်ကွက်တို့တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၃။ ယင်းသို့ ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် အဆင်မပြေမှုများ၊ အခက်အခဲများ ဖြစ်ပေါ်လာပါက နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ လေးစားစွာဖြင့် အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# စာပေစကားဝိုင်းများ တိုးပွားပါစေ

ဦးဟန်ညွန့်(ဥပဒေ)

**မနက်မိုးလင်း**

မနက်မိုးလင်း၍ သတင်းစာကို မဖတ်ရလျှင် တစ်ခုခုလိုနေသလိုလို---။ သတင်းစာရောက်ရောက်ချင်း နာရေးသတင်းမှစ၍ သတင်းစာတစ်စောင်လုံး အပြေးအလွှားဖတ်ချလိုက်သည်။ ဒီနေ့သတင်းစာမှာ စိတ်ဝင်စားစရာအကောင်းဆုံးသတင်း။ ဘာတဲ့။ စာပေဗိမာန် စာပေစကားဝိုင်းကျင်းပခြင်းသတင်းဖြစ်သည်။

**စာပေစကားဝိုင်း**

**"စာပေစကားဝိုင်း"** ဟူသော အသုံးအနှုန်းကပင် ဆွဲဆောင်သည်။ ရင်အေးသည်။ ကြည်နူးသည်။ ချမ်းမြေ့သည်။ စာပေသည် အရာရာကို ဦးဆောင်သည်။ အသိဉာဏ်ပေးသည်။ ရိုးရှင်းသည်။ အတွေးထက်သည်။ ဘဝမှန်သည်။ ဝတ္ထုတို/ရှည်များသည် ဘဝများဖြစ်သည်။ ဘဝများအကြောင်း၊ လူတွေအကြောင်း၊ ဒေါသအကြောင်း၊ လောဘအကြောင်း၊ မောဟအကြောင်း၊ ချမ်းသာခြင်းအကြောင်း၊ ဆင်းရဲခြင်းအကြောင်း၊ မာန်မာနတွေအကြောင်း၊ စေတနာအကြောင်း၊ ဝေဒနာအကြောင်း အကြောင်းအရာတွေ စုပေါင်းလိုက်သောအခါ **"စာပေ"**ဖြစ်လာပေသည်။

**ဆွေးနွေးသူများ**

စာရေးဆရာ ကြည်မင်း၊ ဆရာမ ကြူကြူသင်း၊ ဆရာမ နှင်းဝေပြိမ်း၊ ဆရာ ကိုရိုးကွန့်၊ ဆရာမ ဝါဝါ (အင်းစိန်) တို့က ဝတ္ထုတိုများအကြောင်း ဆွေးနွေးသည်။ ဆရာဦးအေးချို(မဟာဝိဇ္ဇာ)၊ ဆရာနွေသင်နိုင်၊ ဆရာလက်ာရည်ကျော်၊ ဆရာမ မစန္ဒာ၊ ဆရာမ ရွှေသဥ္ဇာတို့က ဝတ္ထုရှည်အကြောင်း ဆွေးနွေးသည်။ ထို့အတူ ကလေးစာပေအကြောင်းများကိုလည်း ဆွေးနွေးခဲ့ကြသေးသည်။

**စာရေးသူ၊ စကားပြောသူ**

စာရေးသူသည် စာရေးသည်။ စကားပြောသူသည် စကားပြောသည်။ စာလည်းရေး စကားလည်းပြောသူ ရှိသည်။ စာရေးကောင်းသူတိုင်း စကားပြော မကောင်းတတ်။ စကားပြောကောင်းသူတိုင်း စာမရေးတတ်။ ထူးချွန်သူများကတော့ စာရေးလည်းကောင်း၊ စကားပြောလည်းကောင်း၊ အားလုံးကောင်းသည်။ အကျိုးပေးကောင်းသည် ဆိုရမည်။ စာပေဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ စကားဝိုင်းများမှာ သိရသည်။ သက်သေပြသည်။ ထို့ကြောင့် **"ကျွန်တော်စာပဲရေးတတ်တာ။ စကားမပြောတတ်ဘူး။ မေးစရာရှိတာ မေးပါ"** ဟု တောင်းပန်ပြီး ထိုင်ချလိုက်သော စာရေးဆရာများ ရှိတတ်စမြဲ။ စကားနည်းသော စာရေးဆရာပေကိုး။

**ကဗျာဆရာများ**

ကဗျာကနုသည်။ လှသည်။ ရွှသည်။ ကဗျာဆရာဆိုလျှင် အနုအလှကြိုက်တတ်သည်။ ကဗျာဆန်တတ်သည်။ ကဗျာဆရာများ၏ ကဗျာရွတ်ပွဲတွေ မကြားရတာကြာပြီ။ လွမ်းစရာကောင်းသော ကဗျာ၊ ရင်နင့်သော ကဗျာ၊ ပြင်းထန်သော ကဗျာ၊ ကာရန်မဲ့ကဗျာ၊ ဒွေးချိုး၊ လေးချိုး စသည် စသည်။ ကဗျာဆရာများ၏ စကားဝိုင်း၊ (သို့မဟုတ်) ကဗျာရွတ်ပွဲတွေ ကြိုဆိုအပ်ပေသည်။ ဦးဆောင်သူတွေ မေ့နေသလား၊ အားပေးသူတွေ အလုပ်များနေသလား။ တက်စုံ၊ ဘက်စုံ၊ ရွက်စုံ လှော်ခတ်ကြမည်လား။ စာပေပင်လယ်ပြင်ကြီးကား ကျယ်ပြောလှပေသည်။

**စာရေးဆရာ၊ သတင်းစာဆရာ၊ ကဗျာဆရာ**

ယနေ့ခေတ်တွင် စာရေးဆရာ၊ သတင်းစာဆရာများ ပေါများလှသည်။ ကဗျာဆရာများလည်း မနည်းပါးပါ။ သူ့ဝါသနာ၊ သူ့စေတနာအလျောက် စာပေခရီးကို ပုံစံအမျိုးမျိုးဖြင့် လျှောက်လှမ်းနေကြသည်။ ရသစာပေ၊ သုတစာပေ ဖန်တီးနေကြသည်။ ရသဖန်တီးမှုနည်းသွားပြီလားဟု စိုးရိမ်ပူပန်သူများလည်း ရှိသည်။မြန်မာစာပေ၏ အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းဖို့တော့ အရေးကြီးသည်။ ပြည်သူ့အကျိုးဦးထိပ်ပန်ဆင်ရန်လည်း မမေ့သင့်။ စာပေဗိမာန်ကြီး၏ သမိုင်းပေးတာဝန်သည် ထင်လင်းစွာ ပေါ်ထွန်းနေပါသည်။

**စွဲထင်ကျန်ရစ်ခဲ့သည်**

ဝတ္ထုမရေးတတ်သော ကျွန်တော်သည် ဝတ္ထုကြိုက်ပါသည်။ ဝတ္ထုတို/ ဝတ္ထုရှည် နှစ်မျိုးစလုံးကို စွဲမက်ပါသည်။ ရသအရေးအသားသည် နှလုံးသားဝယ် ငြိတွယ်ပါသည်။ ကာလကြာသည့်တိုင် ဖတ်ခဲ့ရသမျှ မေ့မရနိုင်ပါ။ စွဲထင်ကျန်ရစ်ခဲ့သည်ပါ။

**သိန်းဖေမြင့်၏ အရှေ့က နေဝန်းထွက်သည့်ပမာ**

တက္ကသိုလ်ဥပဒေကျောင်းသားဘဝက စွဲမက်စွာ ဖတ်ခဲ့ရသောစာရေးဆရာ၊ သတင်းစာဆရာကြီး ဦးသိန်းဖေမြင့်၏ **"အရှေ့က နေဝန်းထွက်သည့်ပမာ"** ဝတ္ထုကြီးကို ယနေ့တိုင် မမေ့နိုင်ပါ။ ဝတ္ထုရှည်ကြီးထဲက အဓိကဇာတ်ဆောင် **"တင်ထွန်း"**ကို ယနေ့တိုင် သတိရနေဆဲပါ။ အညာသားတင်ထွန်း၊ ရန်ကုန်သို့ကျောင်းလာတက်သော တင်ထွန်း။ ဘီအေအောင်ပြီးလျှင် အိုင်စီအက်စ်လုပ်ရမည်ဟု အဖေက မှာလိုက်သော တင်ထွန်း။ တက္ကသိုလ်ရောက်တော့ သူ့အဖေစကားမေ့သွားပြီး နိုင်ငံရေးစိတ်ဝင်စားသွားသည့် တင်ထွန်း။ အမျိုးသမီးကလေးများနှင့် မေတ္တာဇာတ်လမ်းဖန်တီးခဲ့သောတင်ထွန်း။ နောင်တွင် အချစ်ပိုက်ကွန်မှ ရုန်းထွက်နိုင်ခဲ့သောတင်ထွန်း။ ထို့နောက် နိုင်ငံရေးသမားတင်ထွန်း။ **"အရှေ့က နေဝန်းထွက်သည့်ပမာ၊ တို့ခေတ်ကိုတော့ ရောက်ရမည်မှာ မလွဲပါ"**ဟူသော ယုံကြည်ချက်ရှိသွားသောတင်ထွန်း။ စသည် စသည် မည်မျှစွဲထင်ကျန်ရစ်ပါသနည်းဆိုလျှင် တင်ထွန်းတကယ်ရှိသည်။ တင်ထွန်းဘယ်ရောက်နေပါလိမ့်။ တက္ကသိုလ်ထဲ မမျှော်လင့်ဘဲ ရောက်သွားလျှင်ပင်**"တင်ထွန်း"**ကို ကျွန်တော်လိုက်ရှာနေတတ်သည်။ **"အော် ဝတ္ထုထဲကတင်ထွန်းပါလား"** ဟု မနည်း အတွေးဖျောက်ယူရသည်။

**သိပ္ပံမောင်ဝ၏ စည်းစိမ်**

ခေတ်စမ်းစာပေရေးခဲ့သော စာရေးဆရာကြီးသိပ္ပံမောင်ဝကို အကြိုက်ဆုံးစာရေးဆရာဟု ကျွန်တော်ရေးပါရစေ။ ဆရာကြီးသိပ္ပံမောင်ဝ၏ အရေးအသားများသည် ထင်ရှားသည်။ တိကျသည်။ ရှင်းသည်။ လင်းသည်။ သရုပ်ပေါ်သည်။ စွဲမက်ဖွယ်ကောင်းသည်။ ဖတ်ပြီး မမေ့။ စွဲထင်ကျန်ရစ်သည်။ တစ်သက်လုံးစွဲထင်ကျန်ရစ်သည်ဟု ဆိုလျှင် လွန်အံ့မထင်။ ဆရာကြီး သိပ္ပံမောင်ဝကဲ့သို့ ရေးချင်လိုက်တာ။ ရေးတတ်ချင်တာ။ နောက်လိုက်မောင်လူအေးကို ဆရာကြီး၏ ဝတ္ထုတွေမှာ ဆရာကြီးက ဖန်တီးခဲ့တာပါ။ တကယ်ရှိနေသလိုပါ။ တကယ်ခံစားရတာပါ။ ဆရာကြီး သိပ္ပံမောင်ဝ၏ အရေးအသားများကြောင့် လိုတိုရှင်းရေးတတ်ဖို့၊ ကွက်ကွက်ကွင်းကွင်း မြင်တတ်ဖို့၊ လူထုကြားသွားတတ်ဖို့၊ မြင်တတ်ဖို့၊ သိတတ်ဖို့ သင်ခန်းစာတွေရခဲ့သည်ပါ။ ဥပမာ-ကျွန်တော်ကြိုက်သော ဝတ္ထု ဆောင်းပါးတစ်ပုဒ် တင်ပြပါရစေ။ **"စည်းစိမ်"**တဲ့။ အလွတ်နီးပါးရနေသော အောက်ပါစာပိုဒ်များ ဖော်ပြပါရစေ။ အချို့အဝက်မျှသာ ဖြစ်ပါသည်။ ဖတ်ကြည့်ပါ။ "မောင်လူအေး ဘီအေအောင်သည်မှာ အတော်ပင်ကြာလေပြီ။ ဘီအေအောင်ပြီးသည့်နောက် ဝန်ထောက်အလုပ်ကို ရသောကြောင့် ငွေဝင်လမ်းမှန်လျက်နေပေ၏။ ဝတ်ရေးစားရေးအတွက် ပူပင်ရန် တစ်စုံတစ်ရာမရှိ။ တင့်တင့်တယ်တယ်နေထိုင်နိုင်သူတစ်ယောက်ဖြစ်လေသည်။

သို့သော်လည်း ယခုထက်တိုင် မောင်လူအေး သားမယားမရှိ။ တစ်ကိုယ်တည်းလူပျိုကြီးလုပ်နေသောကြောင့် မိတ်ဆွေအပေါင်းက မကြာမကြာပြောင်လှောင်လေ့ရှိလေသည်။ ဤသို့ မိတ်ဆွေများပြောင်ကြ လှောင်ကြစေကာမူ မောင်လူအေးမှာ အမည်နှင့်လိုက်အောင်ပင် အေးအေးဆေးဆေးတစ်ယောက်တည်းပင် အပူမရှာ သေးဘဲ ဘူတာကလေးလုပ်လျက်နေ၏။ မိန်းမယူလျှင် အဘယ်သို့သော မိန်းမမျိုးကို ယူရအံ့နည်း။

ဦးဘိုးသောင်း၏သမီး မလှတင်၊ ဦးရွှေဘိုး၏သမီး မစိုးခင်၊ ဝန်ထောက်ဦးသော်တာ၏သမီး မခင်လတ်၊ သူဌေးဦးကြွယ်၏သမီး မလှတင်၊ စက်သူဌေး ဦးဒါလီ၏ သမီး မသောင်းတင်၊ ပွဲကတော်ကြီး ဒေါ်သိန်းမေ၏ သမီး မအေးကြည် စသည် စသည်ဖြင့် မည်သူ့ကိုရွေးရပ့်။ တစ်ဦးတစ်ယောက်မှ အပြစ်ကမလွတ်နိုင်။ အောက်ပါအတိုင်း ဆရာကြီး သိပ္ပံမောင်ဝက နိဂုံးချုပ်လိုက်ပါသည်။

ဤသို့ တွေးတောစဉ်းစားနေသည်အတွင်း မိုးကောင်းကင်တွင် တိမ်တိုက်ကြီးသည် အနောက်ဘက်မှတက်၍ လာပြီးလျှင် လမင်းကို ဖုံးကွယ်လိုက်၏။ ဧရာဝတီမြစ်အတွင်း ငှက်ခတ်သွားသောအသံကို ခပ်မှန်မှန်ကြားရ၏။ အိမ်ရှေ့တမာပင်အထက်မှ ဒီးဒုတ်မှာလည်း တစ်မိနစ်တစ်ကြိမ် အစဉ်အတိုင်း မှန်မှန်ပင်မြည်လျက် ရှိနေသေး၏။ တောင်ဘက်ရှိ နယ်ပိုင်ဝန်ထောက်အိမ်မှာလည်း (ဦးလာလိန်) သီချင်းဓာတ်ပြားဖွင့်နေသည်ကို သဲ့သဲ့ကလေးကြားနေရ၏။ ထိုအသံများသည် မောင်လူအေး၏စိတ်ထဲတွင် ဝေး၍ ဝေး၍ သွားကြလေကုန်၏။ အတန်ကြာလျှင် လုံးလုံးပင်ပျောက်၍သွားကြ၏။ မောင်လူအေးလည်း ပက်လက်ကုလားထိုင်ပေါ်တွင် တရှူးရှူးနှင့်အိပ်ပျော်လျက် နေတော့သတည်း။

ဤစည်းစိမ်ထက် အဘယ်စည်းစိမ်သာနိုင်ပါအံ့နည်း။

**ဂန္ထလောက၊ ဒီဇင်ဘာ (၁၉၃၀)**

**ဝတ္ထုများသည် ဘဝများဖြစ်သည်**

ဖတ်ခဲ့သော၊ မှတ်ခဲ့သော၊ စွဲထင်ကျန်ရစ်ခဲ့သော ဝတ္ထုတို/ ရှည်များစွာ ရှိပါတယ်။ စာတစ်စောင်၊ ပေတစ်ဖွဲ့ ကျွန်တော်ရေးပါဦးမည်။မြန်မာစာပေ၏ **"ရသ"**အရေးအသားများကြောင့် (မည်မျှခေတ်မီတိုးတက်သောသိပ္ပံပညာတွေကြားမှာ)ထည်ဝါခန့်ညားစွာ ထင်ကျန်ရစ်မည့် ဘဝများ မပျောက်ကွယ်နိုင်ပါ။ ဘဝများစွာ၏ အရိပ်ပမာ၊ ဝတ္ထုတို/ရှည်များခေတ် ဆန်းသစ်လာမည်အသေအချာပါ။ ဖြစ်ရပ်မှန်သည် ဝတ္ထုထက်ပင် ဆန်းကျယ်တတ်ပါသည်။

အဖြစ်ဆိုးမှ ရုန်းထသူနှင့်တွေ့ဆုံခြင်း ဆောင်းပါးကို မြန်မာတိုင်းမ်သတင်းဂျာနယ်တွင် ဖတ်ရသည်။ စာရေးဆရာမခင်သစ်နှင်း(ဒေါက်တာခင်သစ်နှင်း၊ မန္တလေး)အကြောင်းဖြစ်ပါသည်။ ဖြစ်ရပ်မှန်ဖြစ်ပါသည်။

**"စာရေးဆရာမ ခင်သစ်နှင်း၏ မမြင်ရတဲ့မြင်ကွင်းများ"**

စာရေးဆရာမ ခင်သစ်နှင်းကို ကျွန်တော်မသိပါ။ မြင်လည်းမမြင်ဖူးပါ။ သို့သော်ဆရာမ၏ **"မမြင်ရတဲ့ မြင်ကွင်းများ"** ဝတ္ထုဆောင်းပါးစာအုပ်ကဖြင့် ကျွန်တော့်ရင်တွင်စွဲထင်ကျန်ရစ်ခဲ့ပါသည်။ ရန်ကုန် ဗိုလ်တထောင်မြို့နယ် (၅၂)လမ်းမှ အလင်းသစ်စာပေတိုက်က ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် ဖြန့်ချိပါသည်။

ဒေါက်တာ ခင်သစ်နှင်း၏ မိတ်ဆွေသူငယ်ချင်း ဆရာဝန်မတစ်ဦးက အက်စစ်ဖြင့် မျက်နှာတည့်တည့်ကို ပက်ချခဲ့သောကြောင့် မျက်နှာတစ်ခုလုံး ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ရပုံ၊ သည်းခံခွင့်လွှတ်ခဲ့ပုံ၊ စာပေဖြင့် ဘဝအမောများကို ဖြေသိမ့်ခဲ့ပုံ၊ အဖြစ်ဆိုးမှ ရုန်းထခဲ့ပုံ၊ ဇွဲမာန်အားတင်းခဲ့ပုံများ(လက်များကို ခံစားခြင်း၊ စာမျက်နှာ-၁၈၉)၊ အရသာ(စာမျက်နှာ-၁၉၅)တွင် ရင်နင့်ဖွယ် ခံစားဖတ်ရှု ရပါသည်။ **"မမြင်ရတဲ့ မြင်ကွင်း"**အပါအဝင် **"မအားလို့ မအားလို့"** ဝတ္ထုဆောင်းပါး ၂၆ ပုဒ် ပါဝင်ပါသည်။ (မျက်စိနဲ့ မမြင်ရပေမယ့် မနောနဲ့တော့ မြင်မြင်နေတယ်၊ မြင်ရတော့လည်း ရင်ထဲမှာ ခံစားမိတယ်။ ခံစားရပြန်တော့လည်း ရေးချင်၊ ရေးချင်လာတယ်) ဟု ဆရာမ၏ ဓာတ်ပုံနှင့်(အဖြစ်ဆိုး မဖြစ်မီဓာတ်ပုံ) စာအုပ်ကျောဖုံးတွင် ဖော်ပြထားသည်ကိုလည်း ဖတ်ရှုရပါသည်။ ဆရာမသည် ဆရာဝန်မ တစ်ဦးသာဖြစ်ပါသည်။ ဖြစ်ရပ်မှန်ကို ရင်ထဲက ရေးသည့်အခါ စာပေဆန်လာပါသည်။ စာရေးဆရာဖြစ်သွားပါသည်။ ထို့ကြောင့်စာရေးဆရာမ ခင်သစ်နှင်းဟု ကလောင်အမည်တွင်လာခြင်း ဖြစ်ပါမည်။ ထိုစာအုပ်ကို ဖတ်ကြည့်စေချင်ပါသည်။

**စာပေသမိုင်း**

မြန်မာစာပေသမိုင်းတွင် ထင်ရှားသော မှတ်တိုင်များ ရှိသည်။ စာရေးဆရာ၊ သတင်းစာဆရာ၊ ကဗျာဆရာများ စုံလင်သည်။ မည်မျှ ခေတ်မီတိုးတက်လာသည်ဆိုငြား စာပေအင်အားကိုဖြင့် မှေးမှိန်၍မရ။ ပျောက်ကွယ်၍ မဖြစ်။ ဆန်းသစ်သော အတွေးအခေါ်ဖြင့် သမိုင်းတွင်ရစ်မည်။ ထင်ကျန်ရစ်မည်။ ကမ္ဘာလွှားမည်။ ဖြန့်ကြက်မည်။

**နေရာအနှံ့**

စာပေစကားဝိုင်းများပေါ်ထွန်းလာပြီ။ တိုးပွားပါစေ။ ကျယ်ပြန့်ပါစေ။ ဘာသာရပ်စုံလင်စေ။ နေရာအနှံ့ရောက်ရှိပါစေ။ ခန်းမဆောင်ကြီးများ၌သာမက လက်လှမ်းမီသမျှ၊ စွမ်းနိုင်သမျှ ဆွေးနွေးကြစေ။ ညှိနှိုင်းကြစေ။ စာပေလေထန်ကုန်းများ၊လက်ဖက်ရည်ကြမ်းဝိုင်းများ၊ ကျေးလက်စာဖတ်ခန်းများအထိ စာပေဝါသနာရှင်များ စေတနာထားသည်။ ရည်ရွယ်သည်။ အားသာချက်၊ အားနည်းချက် ဝိုင်းဝန်းဖြေရှင်းမည်။ သုတ ရသမျှတညီညွတ်စေမည်။

**တင်ပြချက်**

(၁) စွဲထင်ကျန်ရစ်ခဲ့သော ဝတ္ထုတို/ရှည်များကား များစွာကျန်သေးသည်။

(၂) ဤဆောင်းပါးရေးသားရုံမျှဖြင့်မပြည့်စုံသေး။

(၃) စာပေစကားဝိုင်းများတွင်မှ အားရပါးရ လွမ်းဆွတ်တသ တင်ပြဆွေးနွေးပါရစေ။

**❖ ပျက်စီးဆုံးရှုံးခဲ့ရသောမှ**

မန္တလေး-လားရှိုးလမ်းပိုင်း၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၊ လက်ပံတန်း-သာရဝေါလမ်းပိုင်း၊ရန်ကုန်-ပုသိမ်လမ်းပိုင်းနှင့်ဟင်္သာတ-ပုသိမ်လမ်းပိုင်းတို့ဖွင့်လှစ်ခဲ့ပြီးဖြစ်ကာ ဂန့်ဂေါ-ကလေးလမ်းပိုင်းမှာလည်း လမ်းပိုင်းထက်ဝက် ဖွင့်လှစ်ခဲ့ပြီဖြစ်ပြီး လမ်းပိုင်းထက်ဝက်မှာဖွင့်လှစ်ရန်ကျန်ရှိနေသေးကာ အောက်တိုဘာဒုတိယပတ်ဖွင့်လှစ်နိုင်ရန်မျှော်မှန်းထားကြောင်း မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနမှ သိရသည်။

ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ခြင်းကြောင့်အပျက်အစီးများစွာဖြစ်ပွားခဲ့သော မြောင်းချောင်းတံတားပြုပြင်ဆောင်ရွက်နေမှုမှာလည်း အောက်တိုဘာဒုတိယပတ်ပြီးစီးရန်လျာထားသည်။

ရခိုင်ပြည်နယ်ရှိ ပြည်တော်သာ-ရေချမ်းပြင် လမ်းပိုင်းနှင့် ကွမ်းတောင်-ပုဏ္ဏကျွန်း-ရိုးတရုတ်လမ်းပိုင်းမှာလည်း ပြုပြင်ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သောကြောင့် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပြီး ရိုးတရုတ်-ဂဏ္ဍန်းတောင်-ကျောက်တော်လမ်းပိုင်းသာဖွင့်လှစ်ရန်ကျန်ရှိတော့ကာ အပျက်အစီးများ၍ရေများစွာဝင်ရောက်ခဲ့သဖြင့် အဆိုပါလမ်းပိုင်းအားပွင့်လင်းရာသီရောက်ရှိမှသာလျှင် စက်ကိရိယာများဖြင့် ဝင်ရောက်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကြံခင်း-ပခုက္ကူလမ်းပိုင်းနားဖြစ်သော ပွင့်ဖြူမြို့နယ်အနီးတစ်ဝိုက်ရှိ မုန်းချောင်းတံတား ပြုပြင်ဆောင်ရွက်ရန်အတွက်လည်း ဘေလီမရှိသေးသောကြောင့် တင်ဒါခေါ်ယူထားဆဲဖြစ်သည်။

"ရထားလမ်းပိုင်းတွေ ရေရှည်တည်မြဲခိုင်ခံ့ဖို့အတွက် ကုန်ကျစရိတ်တွေ တွက်ချက်လိုက်လို့ ဒီလိုနောက်တိုးကုန်ကျစရိတ်တွေ ဖြစ်လာတာပါ။ ဘဏ္ဍာငွေရပြီးရင်တောင် ဒီရရှိဘဏ္ဍာငွေနဲ့ တံတားသစ်ကြီးတွေ ပြန်ဆောက်လုပ်ဖို့ဆိုတာကအနည်းဆုံးငွေကြေးရပြီးတစ်နှစ်ခွဲလောက်ကြာမှဒီတံတားတွေက ဆောက်လို့ပြီးစီးမှာပါ။ ဒါလည်းဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ်မူတည်ပြီး အရေးကြီးတဲ့လမ်းပိုင်းတွေကိုပဲ ဦးစားပေးပြုပြင်ဆောင်ရွက်သွားမှာပါ။တံတားသစ်ကြီးတွေတည်ဆောက်ပြီးစီးရင်လည်း ရထားကချက်ချင်းပြေးဆွဲလို့မရသေးပါဘူး။ တဖြည်းဖြည်းအရှိန်မြှင့်ပြီးမှပြေးဆွဲရမှာပါ။ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်တယ်ဆိုတာကလည်းနှစ် ၅၀(သို့) နှစ် ၁၀၀တစ်ကြိမ် ထူးကဲဖြစ်ပွားတတ်ပါတယ်။ တံတားများကမခိုင်ခံ့လို့ပျက်စီးတာမဟုတ်ပါဘူး။ဟိုးအရင်ခေတ်က တည်ဆောက်ခဲ့တဲ့တံတားတွေပါ။ နှစ်တိုင်းရေကြီးရေလျှံမှုဖြစ်ခဲ့တယ်ဆိုပေမယ့် အပျက်အစီးနည်းပါးပါတယ်။ ယခုနှစ်ကျတော့ ပိုဆိုးတာပေါ့"ဟု ဦးတင်စိုးက ဆိုသည်။

ရထားလမ်းပိုင်းများရှိတံတားများ ပိုမိုခိုင်ခံ့စေရေးနှင့် ရေလမ်းကြောင်းများဖွင့်ပေးရန်အတွက်တံတားသစ်များထပ်တိုးတည်ဆောက်လိုက်ခြင်းဖြင့် နောက်ထပ်မတော်တဆရေကြီးရေလျှံမှုများဖြစ်ပွားခဲ့လျှင်ရရှိဘဏ္ဍာငွေဖြင့် တည်ဆောက်လိုက်သောနေရာများ၌ ပျက်စီးဆုံးရှုံးမှုများလွန်စွာနည်းပါးသွားမည်ဖြစ်ကြောင်း။

ယခင် တံတားများမရှိသည့်နေရာများ၌ တံတားသစ်များထပ်တိုးတည်ဆောက်လိုက်ခြင်းဖြင့် ရေလမ်းကြောင်းများပိုမိုပွင့်လာမည်ဖြစ်ကြောင်း၊ မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်းမှာလည်း အင်္ဂလိပ်ခေတ်ကဖောက်လုပ်ခဲ့သော နှစ် (၁၀၀) ကျော်သက်တမ်းရှိလမ်းပိုင်းဖြစ်ကြောင်း၊ လက်ရှိအစိုးရသစ်တက်လာပြီး နောက်ပိုင်းတွင် ဂန့်ဂေါ-ကလေးလမ်းပိုင်း၊ကြံခင်း-ပခုက္ကူလမ်းပိုင်း၊ စစ်တွေ-ကျောက်တော်လမ်းပိုင်း၊ လှိုင်သာယာ-ညောင်တုန်းလမ်းပိုင်းတို့အား ဖွင့်လှစ်နိုင်ခဲ့ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

**စိုးဝင်း(MLA)**

# မြန်မာ-တရုတ် ချစ်ကြည်ရေးပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၈**

နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၅)ကြိမ်မြောက် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးပွဲတော်ကို အောက်တိုဘာ ၂ ရက်မှ ၃ ရက်အထိ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ပွဲတော်တွင် ရိုးရာယဉ်ကျေးမှုများပြသခြင်း၊ ရိုးရာဝတ်စုံများဖြင့် အဖွဲ့လိုက်တီးမှုတ်ကခုန်၍ ဒေသယဉ်ကျေးမှုများကို ပွဲတော်လာသူများအား ဖျော်ဖြေပြသခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်း၊ ကုန်စည်ဖလှယ်မှု မြှင့်တင်ခြင်း၊ အားကစားပြိုင်ပွဲများကျင်းပခြင်း၊ တိုင်းရင်းသားရိုးရာအစားအစာများ ခင်းကျင်းပြသခြင်းအပြင် စိတ်ဝင်စားမှုအရှိဆုံးမှာ နွားလှည်းအလှပြိုင်ပွဲဖြစ်ပြီး မြန်မာနိုင်ငံဘက်မှ ပုဂံသူ၊ အင်းလေးသူ၊ ဥဿာသူ၊ ဗိဿနိုးသူ၊ ဒဂုံသူ စသည့် ရှေးခေတ်အမည်များဖြင့် ခေတ်အလိုက် ယဉ်ကျေးမှုအလှမယ်လေးများနှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး တရုတ်နိုင်ငံဘက်မှ ကုမ္ပဏီကိုယ်စားပြု၊ ဒေသကိုယ်စားပြု၊ တိုင်းရင်းသားလူမျိုးများကိုယ်စားပြုပြီး လှည်းအလှအပများကို ပန်းရောင်စုံဒီဇိုင်းဆန်းများဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

(၁၄)ကြိမ်မြောက် ဆွေမျိုးပေါက်ဖော်ပြိုင်ပွဲတွင် နွားလှည်းအစီး ၄၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ရွှေလီမြို့ ခေတ်မီအဆောက်အအုံ အလှအပများနှင့်ယှဉ်၍ ယဉ်ကျေးမှုလက်ရာမြောက် နွားလှည်းအလှတို့မှာ အလွန်ပနံတင့်ပြီး ကြည့်ရှုအားပေးသူများ အလွန်များခဲ့ကြောင်း သိရသည်။ ထိုချစ်ကြည်ရေးပွဲသို့ မြန်မာနိုင်ငံဘက်မှ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရှမ်း၊ ကချင်၊ ကရင်၊ တအာင်းပလောင်၊ ဗမာ၊ ခိုလုံလီရှော စသည့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ကြည့်ရှုလေ့လာသူများဖြင့် စုံညီစွာတက်ရောက်အားပေးလေ့ရှိကြောင်းနှင့် တရုတ်နိုင်ငံဘက်မှလည်း ပါတီတာဝန်ရှိသူများနှင့် ဒေသခံပြည်သူတို့ စုံညီစွာ တက်ရောက်အားပေးကြကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

# နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၁၃) အမှတ်(၁)ထုတ်ဝေ




ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ်အတွဲ (၁၃) အမှတ်(၁)ကို ထုတ်ဝေလိုက်သည်။ နိုင်ငံ့ဝန်ထမ်းဂျာနယ်သည် နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်မြှင့်မားရေး၊ အသိပညာဗဟုသုတ ပြည့်ဝစေရေး၊ ဝန်ထမ်းကျင့်ဝတ်၊ တာဝန်နှင့် စည်းကမ်းလိုက်နာစောင့်ထိန်းစေရေးအတွက် အထောက်အကူပြုသည့် ပညာရပ်ဆိုင်ရာဂျာနယ်ဖြစ်ပြီး တစ်နှစ်လျှင် နှစ်ကြိမ်ထုတ်ဝေလျက်ရှိသည်။

ယခုဂျာနယ်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ (ပြည်ထောင်စုရာထူးဝန်အဖွဲ့) ဥက္ကဋ္ဌ(ငြိမ်း) ဒေါက်တာသန်းညွန့်၏ "အမှတ်တရခရီးများ. . . ."၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးအောင်ကြည်၏ နိုင်ငံ့ဝန်ထမ်းဘဝ တာဝန်ထမ်းဆောင်ခဲ့မှုများကို ဖော်ညွှန်းထားသည့် "အမှတ်တရပုံရိပ်ကဏ္ဍ"၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးသန်းထွန်း၏ "တာဝန်သိခြင်း၊ တာဝန်ခံခြင်းသဘောထားကို လေ့လာခြင်း"၊ အဖွဲ့ဝင်(ငြိမ်း) ဦးငွန်မောင်း၏ "နိုင်ငံ့ဝန်ထမ်းများအတွက် ရာထူးတိုးမြှင့်ခြင်းသည် ဘဝ၏အရေးကြီးဆုံး ကဏ္ဍတစ်ခုအဖြစ်ပါဝင်ပါသဖြင့် အထူးသတိချပ်ဆောင်ရွက်ရန်လို" ဆောင်းပါးများပါဝင်ပါသည်။

ဝန်ထမ်းအဖွဲ့အစည်းများဆိုင်ရာ ဆောင်းပါးများဖြစ်သည့် "စည်းလုံးညီညာ ပြည်သာစေသည့် ၂၀၁၄ ပြည်လုံးကျွတ်သန်းခေါင်စာရင်း"နှင့် "နိုင်ငံနှင့် ပြည်သူအတွက် ရွှေတံခါးမှူးတို့ရဲ့ စွမ်းဆောင်ချက်"၊ "မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးစနစ်တည်ငြိမ်မှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ"၊ "နိုင်ငံ့စီးပွားခရီးသွားဖြင့် ကြိုးစားတိုးမြှင့် ကမ္ဘာ့အဆင့်" ဆောင်းပါးများလည်း ဖော်ပြပါရှိပါသည်။

ထို့အပြင် ဝန်ထမ်းရေးရာကိစ္စရပ်များဆိုင်ရာ ဗဟုသုတဖြစ်ဖွယ်ဆောင်းပါးများ၊ စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်းပါးများနှင့် အခြားသုတ၊ ရသပေးစွမ်းနိုင်သည့် ဆောင်းပါးများပါဝင်ပြီး စုစုပေါင်းစာမျက်နှာ (၁၅၈)မျက်နှာ ပါရှိပါသည်။

အဆိုပါဂျာနယ်ကို နေပြည်တော်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇) မြို့မဈေးတွင် ရွှေမင်းသားစာပေ၊ ပျဉ်းမနားတွင် သရဖူစာပေဥယျာဉ်နှင့် သော်တာစန်းစာပေ၊ ရန်ကုန်မြို့တွင် အင်းဝစာအုပ်တိုက်နှင့် စာပေဗိမာန်စာအုပ်ဆိုင်တို့၌ တစ်အုပ်လျှင် ၂၅၀၀ ကျပ်ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။



# အိန္ဒိယနိုင်ငံမှ Mrs India Worldwide ၂၀၁၅ အလှမယ်ပြိုင်ပွဲ မြန်မာနိုင်ငံတွင် ကျင်းပမည်

အိန္ဒိယနိုင်ငံမှ Haut Monde နှင့် Water Event ကုမ္ပဏီတို့ ပူးပေါင်းကြီးမှူးသည့် Mrs India Worldwide ၂၀၁၅ ဆန်ခါတင် အလှမယ်ရွေးချယ်ပွဲ၏ နောက်ဆုံးပြိုင်ပွဲအခမ်းအနားကို မြန်မာနိုင်ငံတွင် အောက်တိုဘာ ၉ ရက် ညနေ ၅ နာရီ၌ ဆူးလေရှန်ဂရီလာဟိုတယ်တွင် ကျင်းပမည်ဟု သိရသည်။

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံတွင် လာရောက်ကျင်းပရခြင်းနှင့်ပတ်သက်၍ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးပွားလာစေပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

ယင်းပြိုင်ပွဲသည် အိန္ဒိယနိုင်ငံတွင် ဒုတိယအကြိမ်မြောက် ကျင်းပသည့် Mrs India Worldwide အလှမယ်ပြိုင်ပွဲဖြစ်သည်။ ပြိုင်ပွဲတွင် အသက်(၂၃)နှစ်မှ (၄၁) နှစ်အတွင်း အရပ် ၅ပေ ၃ လက်မအထက်ရှိသည့် ပါဝင်ယှဉ်ပြိုင်လိုသည့် မည်သည့်အိမ်ထောင်ရှင်အမျိုးသမီးမဆို အမျိုးသား၏ ခွင့်ပြုချက်ရရှိပါက ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် အလှမယ်ပြိုင်ပွဲဖြစ်သည်။

အိန္ဒိယအိမ်ထောင်ရှင် အမျိုးသမီးထု၏ အခွင့်အရေးနှင့် ၎င်းတို့၏ အိပ်မက်များကို အကောင်အထည်ဖော်ခွင့်ရစေရန်နှင့် စိတ်ဓာတ်မြှင့်တင်ပေးနိုင်စေရန် ရည်ရွယ်၍ အဆိုပါအလှမယ်ပြိုင်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း Water Event မှ မဟေမာန်က ပြောသည်။

"အမျိုးသမီးတွေရဲ့ဘဝက အိမ်ထောင်ကျသွားပြီဆိုရင် အိမ်ထဲမှာပဲ နှစ်မြုပ်သွားကြရတယ်။ သူတို့ရဲ့ လွတ်လပ်ခွင့်၊ ဖြစ်ချင်တဲ့စိတ်ကူးတွေ၊ အိပ်မက်တွေကို အကောင်အထည်ဖော်ခွင့်မရရှိကြတော့ဘူး။ ဒီပွဲကနေ အမျိုးသမီးတွေရဲ့ အခွင့်အရေးကို ရစေချင်တယ်။ အခုပွဲမှာ ကလေးနှစ်ယောက်၊ သုံးယောက် မိခင်တွေပါ ပါဝင်ယှဉ်ပြိုင်ကြတယ်။ ပြိုင်ပွဲမှာ အိန္ဒိယအမျိုးသမီးဝတ်ဆာရီသုံးစုံနဲ့ ယှဉ်ပြိုင်ရမှာပါ။ ပြိုင်ပွဲဝင် ၄၂ ယောက်ထဲကမှ Title ဆု၊ ပထမ၊ ဒုတိယဆုအပြင် နှစ်သိမ့်ဆု ၂၀ ဆုကိုပါ ရွေးချယ်ချီးမြှင့်ပေးသွားမှာပါ" ဟု မဟေမာန်က ဆက်လက်ပြောသည်။

အဆိုပါပြိုင်ပွဲသို့ အိန္ဒိယနိုင်ငံမှ အလှမယ် ၅၀၀၀ ကျော် လျှောက်လွှာတင်ခဲ့ပြီး ၎င်းတို့အနက်မှ အလှမယ် ၅၀၀ ကို စိစစ်ရွေးချယ်ယှဉ်ပြိုင်စေခဲ့သည်။ ထို့နောက် ဆန်ခါတင် အလှမယ် ၄၂ ဦးကို ထပ်မံရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် ပထမအကြိမ် ပြိုင်ပွဲကို ထိုင်းနိုင်ငံ ပတ္တရားမြို့တွင် ယမန်နှစ်က ကျင်းပခဲ့ရာ စစ်ဗိုလ်ချုပ်တစ်ဦး၏ဇနီးဖြစ်သူ ကလေးနှစ်ယောက်မိခင် Aman Grewal က Mrs India Worldwide ၂၀၁၄ ဆုကို ရရှိခဲ့သည်။ **(ခင်ဇာလီ)**

# ရောဝတီတံတား(ထီးချိုင့်) ဖွင့်တော့မည်

**ထီးချိုင့် အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ကို ကားလမ်းဖြင့် အဓိကဆက်သွယ်ပေးမည့် ရောဝတီတံတား(ထီးချိုင့်) တည်ဆောက်မှုသည် ယခုအခါ တံတားတစ်စင်းလုံး ရာနှုန်းပြည့်ပြီးစီးနေပြီး ယခုအောက်တိုဘာလအတွင်း ဖွင့်တော့မည်ဖြစ်ကြောင်း သိရ၍ တံတားကြီးတည်ရှိရာ ထီးချိုင့်သို့ သတင်းနှင့် သတင်းဓာတ်ပုံများ ရယူရန် အောက်တိုဘာ ၇ ရက်က ကွင်းဆင်း သွားရောက်ခဲ့သည်။

ထီးချိုင့်သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ဖြစ်သော်လည်း တိုင်းချင်းဆက်နေသည့် မန္တလေးသို့ သွားလိုပါက ဇက်ရေယာဉ်ဖြင့် ရောဝတီမြစ်ကို ဖြတ်သန်းပြီး မြစ်တစ်ဖက်ကမ်းရှိ မြတောင်ရောက်မှသာ မန္တလေးကို ကားနှင့် သွားနိုင်သလို မြတောင်မှလည်း ရောဝတီမြစ်ကို ဇက်ရေယာဉ်ဖြင့် ကူးဖြတ်ပြီးမှသာ ထီးချိုင့်သို့ရောက်ရှိပြီး ကချင်ပြည်နယ် မြစ်ကြီးနားအထိ ကားနှင့်သွား၍ ရသောဒေသဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့သော ရောဝတီတံတား(ထီးချိုင့်)၏ ကျေးဇူးကြောင့် ယခု အောက်တိုဘာလအတွင်း၌ပင် ရန်ကုန်၊ မန္တလေးနှင့် အောက်အရပ်ဒေသမှပြည်သူများ ကချင်ပြည်နယ် မြစ်ကြီးနားသို့ သွားလိုလျှင် ရန်ကုန်-မန္တလေး-သပိတ်ကျင်း၊ တကောင်း၊ ဗန်းမော်ကားလမ်း မြတောင်လမ်းခွဲမှ တံတားပေါ်တက်၍ ထီးချိုင့်-ကသာ-မိုးကောင်း-မိုးညှင်းကားလမ်းမှ ကချင်ပြည်နယ် မြစ်ကြီးနားသို့ ကားဖြင့်သွားနိုင်ကြတော့မည်ဖြစ်သည်။

ရောဝတီတံတား(ထီးချိုင့်)ဆိုင်ရာ အချက်အလက်များမှာ တည်နေရာသည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်၌ ဖြစ်ပြီး မြတောင်မှ ထီးချိုင့်အထိ ပင်မတံတားအရှည်မှာ ပေ ၅၉၃၀ နှင့် ချဉ်းကပ်တံတား (ထီးချိုင့်)ဘက်၌ ပေ ၉၀၀၊ ချဉ်းကပ်တံတား(မြတောင်)ဘက်၌ ပေ ၉၀၀ စီရှိ၍ စုစုပေါင်း တံတားအရှည်မှာ ပေ ၇၇၃၀ ရှိသည်။

တံတား တည်ဆောက်ပုံသည် ပင်မတံတားခန်းဖွင့်မှာ မီတာ ၁၂၀ (၁၅)ခန်း၊ ချဉ်းကပ်တံတား(ထီးချိုင့်)ဘက်နှင့် ချဉ်းကပ်တံတား(မြတောင်)တို့၏ ခန်းဖွင့်မှာ ပေ ၉၀ (၁၀) ခန်းစီတို့ဖြင့် တည်ဆောက်ထားပြီး တံတားအကျယ် ကားလမ်း ၂၈ ပေ၊ လူသွားလမ်း တစ်ဖက်သုံးပေ၊ ရေလမ်းကင်းလွတ်အမြင့် ၄၇ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ၃၂၆ ပေထားရှိသည်။

တံတားအမျိုးအစားမှာ လွန်တူးပိုင်၊ သံကူကွန်ကရစ်ဖြစ်ပြီး ပင်မတံတား သံမဏိသံပေါင်၊ ချဉ်းကပ်တံတား သံကူကွန်ကရစ်ဖြစ်သည်။ တံတားခံနိုင်ဝန်မှာ H.S-25 (ယာဉ်တစ်စီးချင်း ၇၅ တန်)ဖြစ်သည်။

အဆိုပါ တံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေး(၃)နှင့် တည်ဆောက်ရေး(၁)တို့က တာဝန်ယူ၍ ၂၀၁၄ ခုနှစ် မေ ၅ ရက်က စတင်တည်ဆောက်ခဲ့ရာ ၂၀၁၅ ခုနှစ် အောက်တိုဘာလအထိ တည်ဆောက်သည့်ကာလ တစ်နှစ်နှင့် ငါးလသာ ကြာမြင့်ခဲ့ကြောင်း သိရပြီး တံတားကြီး၏ စီမံကိန်းတန်ဖိုးမှာ ကျပ်သန်းပေါင်း ၅၈၁၅၀ ကုန်ကျခဲ့ကြောင်း သိရသည်။

**(ခရမ်းစိုးမြင့်)**

# စပါးခင်းများတွင် ကြွက်အန္တရာယ်ကာကွယ်နှိမ်နင်းရေး ကွင်းဆင်းသရုပ်ပြ

**ချောင်းဦး အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ရွှေလှေကျေးရွာအုပ်စု ဗန္ဓုလမြစ်ရေတင် စပါးစိုက်ခင်းများတွင် ကြွက်အန္တရာယ်ကာကွယ်နှိမ်နင်းရေး ကွင်းဆင်းသရုပ်ပြပွဲကို အောက်တိုဘာ ၈ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းလှက ကြွက်အန္တရာယ်ကင်းရှင်းစေရေးအတွက် ကန်သင်းများ၊ ပေါင်းမြက်များကင်းရှင်းစေရေး လယ်ကွက်တိုင်းတွင် ငှက်နားတိုင်များပြုလုပ်ခြင်း၊ ကြွက်ပြေးစေရန် ရှိန်းခိုဖျော်ရည်နှင့်လှစာ၊ စပါးခွံတို့ ရောနှောပြီး ကန်သင်းတွင် ဖြူးချခြင်း၊ ကြွက်ထောင်ချောက်များတပ်ဆင်ထားခြင်း၊ ကြွက်သတ်ဆေး မန္တလာ(၁)၊ မန္တလာ(၂)၊ ဇင့်ဖော့စ်ဖိုဒ် စသည်တို့ကို အသုံးပြု၍ တောင်သူများအားလုံး မဖြစ်မနေ ပူးပေါင်းဆောင်ရွက်မှသာ ကြွက်အန္တရာယ်ကင်းရှင်းမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စိုက်ခင်းများအတွင်း လက်တွေ့ကွင်းဆင်းသရုပ်ပြခဲ့ကြောင်း သိရသည်။ ကွင်းသရုပ်ပြပွဲသို့ ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဗန္ဓုလမြစ်ရေတင်ရှိ တောင်သူပေါင်း ၂၉ ဦး တက်ရောက်ကြကြောင်း သိရသည်။**မြို့နယ်(ပြန်/ဆက်)**

ပြည်တွင်းရေးရာ

# တပ်မတော်သားများသည် ပြည်သူကြားမှ ပေါက်ဖွားလာ၍ ပြည်သူနှင့် ဆက်ဆံရေးကောင်းမွန်ရမည်

နေပြည်တော်　　အောက်တိုဘာ　　၈

**တစ်ဦးချင်းစွမ်းရည်ရှိသူများဖြစ်အောင် လုပ်ဆောင်ရန်နှင့် မိမိတပ်ကို စွမ်းရည်ရှိအောင် လုပ်ဆောင်ရန်၊ ထိုသို့တပ်များကောင်းမွန်မှု ပေါင်းစပ်ခြင်းဖြင့် တပ်မတော်ကိုကောင်းအောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်ကောင်းခြင်း၊ ခိုင်မာခြင်းသည် နိုင်ငံတော်၏ စွမ်းရည်ကောင်းမွန်ခိုင်မာစေမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရဲမွန်တပ်နယ်ရှိ အရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများအား တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရဲမွန်တပ်နယ်ရှိ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံသို့ ရောက်ရှိပြီး ခေတ္တကျောင်းအုပ်ကြီးများ၏ ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်အတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားတိုးတက်စေရေးသင်တန်းသားများကို ထိရောက်စွာ လေ့ကျင့်သင်ကြားပေးရန် မှာကြားသည်။

ထို့နောက် သင်တန်းကျောင်း အားကစားခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဇော်သိန်း၊ ရဲမွန်တပ်နယ်မှအရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်တစ်ရပ်တွင် တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့် တပ်များရှိရန် လိုအပ်သဖြင့် သင်တန်းကျောင်းများသည် စွမ်းရည်ရှိသည့် စစ်သည်ကောင်းများ မွေးထုတ်ပေးရန်၊ ဆရာကောင်းမှ တပည့်ကောင်းမည်ဖြစ်၍ နည်းပြများသည်လည်း ကိုယ်တိုင် အရည်အချင်းရှိအောင် ပြုစုပျိုးထောင်နေထိုင်ရန် လိုအပ်သကဲ့သို့ သင်တန်းသားများ အမှန်တကယ်ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း။

တပ်မတော်သားအရာရှိ၊ စစ်သည်အားလုံးသည် ညီအစ်ကိုစိတ်ဓာတ်ရှိရန်လိုကြောင်း၊ မိမိတာဝန် မိမိမှန်မှန်ကန်ကန်ထမ်းဆောင်ခြင်း၊ ညီညွတ်မျှတသည့် အုပ်ချုပ်မှုရှိခြင်းတို့ဖြင့် စည်းလုံးညီညွတ်မှုကို ကောင်းမွန်စေမည်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် ပြည်သူကြားမှ ပေါက်ဖွားလာခြင်းဖြစ်၍ ပြည်သူနှင့် ဆက်ဆံရေးမှန်ကန်ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့အပေါ် စာနာမှုဖြင့် အကူအညီပေးရန်၊ ပြည်သူကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူ့အကျိုးစီးပွားဖော်ဆောင်ပေးရန်၊ ပြည်သူနှင့်တစ်သားတည်းဖြစ်ရန်လိုကြောင်း၊ ထို့အတူ စစ်မှုထမ်းဟောင်းများနှင့်ပတ်သက်၍ စာနာစိတ်ဖြင့်ကူညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စစ်မှုထမ်းဟောင်းအိမ်ရာများ၊ ဘိုးဘွားရိပ်သာများကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ တပ်မတော်သားများသည် စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းလိုက်နာမှုနှင့် အမိန့်နာခံမှုကောင်းမွန်အောင် လေ့ကျင့်ပေးထားသူများဖြစ်၍ စည်းကမ်းကောင်းမွန်စေရန် အသေးအဖွဲ့မှစ၍ အသိတရားဖြင့် မိမိကိုယ်မိမိထိန်းသိမ်းနေထိုင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရဲမွန်တပ်နယ်ရှိ အရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများအတွက် သုတ၊ ရသ စာအုပ်စာစောင်များကိုလည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝူရှူး၊ ကရာတေးဒို၊ ဂျူဒို၊ တိုက်ကွမ်ဒိုအားကစား အခြေခံသင်တန်းများနှင့် လက်ဝှေ့အားကစားစခန်းသွင်းလေ့ကျင့်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး သင်တန်းကျောင်းမှ နိုင်ငံတော်နှင့် တပ်မတော်ဂုဏ်ဆောင်နိုင်သော အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး၊ အရည်အချင်းရှိသော အားကစားသမားများပေါ်ထွက်လာရေး စနစ်တကျလေ့ကျင့်သင်ကြားပေးရန် မှာကြားပြီး လေ့ကျင့်ရေးအထောက်အကူပစ္စည်းများနှင့် လိုအပ်ချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား အားကစားကွင်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူတစ်ဦးက အားကစားကွင်းနှင့် ပွဲကြည့်စင် ဆောက်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရည်အသွေးပြည့်မီစွာဆောက်လုပ်ရေး၊ သတ်မှတ်ချိန်အတွင်းပြီးစီးရေးနှင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရေးတို့အား မှာကြားပြီး အားကစားကွင်းနှင့် ပွဲကြည့်စင်ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မှော်ဘီတပ်နယ်ရှိ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် လေတပ်ဆွယ်(မှော်ဘီ)သို့ ရောက်ရှိကြရာ တပ်ဆွယ်မှူးက ရှင်းလင်းတင်ပြပြီးနောက် လေတပ်ဆွယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**(ဓါတ်ပုံ)**

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးဘက်ဆိုင်ရာသင်တန်းကျောင်းသို့ သွားရောက်ပြီး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)သို့ သွားရောက်၍ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုပြီး စာသင်ခန်းမ၌ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျရာအခန်းကဏ္ဍတွင် ပါဝင်ထမ်းဆောင်ရမည်ဖြစ်၍ စနစ်တကျ လေ့ကျင့်သင်ကြားသွားရန်၊ တစ်ဦးချင်းစွမ်းရည်မှစ၍ တပ်မတော်တစ်ရပ်လုံး စွမ်းရည်မြင့်မားအောင် ဆောင်ရွက်လျက်ရှိရာ တစ်ဦးချင်း၏ စွမ်းရည်မြင့်မားအောင် လေ့ကျင့်သင်ကြားပြီး နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်ကိုမြှင့်တင်နိုင်ရန်နှင့် မိမိကိုယ်ကို တန်ဖိုးရှိသူများဖြစ်အောင် လေ့ကျင့်သင်ကြားသွားရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် မှော်ဘီမြို့နယ် မြိုင်သာယာကျေးရွာအနီးရှိ စစ်မှုထမ်းဟောင်းအိမ်ရာ(ရန်ကုန်)သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူတစ်ဦးက စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေ၊ မီး စနစ်များ စနစ်တကျတပ်ဆင်ရေးမှာကြားပြီး အိမ်ရာအဆောက်အအုံများအား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စစ်မှုထမ်းဟောင်းအိမ်ရာ(ရန်ကုန်)တွင် အရာရှိကြီးနေအိမ် နှစ်ခန်းတွဲ သုံးထပ် နှစ်လုံး၊ အရာရှိငယ်နေအိမ် နှစ်ခန်းတွဲ သုံးထပ် လေးလုံးနှင့် အခြားအဆင့်စစ်သည်နေအိမ် နှစ်ခန်းတွဲသုံးထပ် ၃၅ လုံး ဆောက်လုပ်လျက်ရှိရာ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မှော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာ ရဲဘော်ဈေးအနီးရှိ စစ်မှုထမ်းဟောင်း ဘိုးဘွားရိပ်သာ ဆောက်လုပ်မည့်မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုဆိုင်ရာများ ဆွေးနွေး

**နေပြည်တော်　　အောက်တိုဘာ　　၈**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ ရုရှားဖက်ဒရေးရှင်း ရေတပ်မတော်မှ Vice Admiral OLEG V.BURTSEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်း ရေတပ်မတော်မှ Vice Admiral OLEG V.BURTSEV နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ နှစ်နိုင်ငံ ရေတပ်မတော်နှစ်ရပ်အကြား အပြန်အလှန်လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များ၊ ရေတပ်လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှုဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



# လွှတ်တော်ဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ထုတ်ပြန်ကြေညာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုလွှတ်တော်ရုံး
## သတင်းထုတ်ပြန်ချက် (၆/၂၀၁၅)

**၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၈ရက်**
**၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်**

၁။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ပြုလုပ်မည့် ပါတီစုံအထွေထွေရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးကာလကိုအကြောင်းပြု၍ ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၈-၈-၂၀၁၅ ရက်တွင် ရပ်နားခဲ့သော်လည်း ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်း၏ ကျန်ရှိသောကာလအတွင်း အောက်ပါလွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်-

(က) ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေပြဋ္ဌာန်းရေးကိစ္စ၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ပေးရမည့်ကိစ္စများ၊

(ဂ) လွှတ်တော်အသီးသီးရှိ ဆောင်ရွက်ဆဲဥပဒေကြမ်းများအနက်မှ ဦးစားပေးဆောင်ရွက်ရမည့် ဥပဒေကြမ်းများကိစ္စ၊

(ဃ) လွှတ်တော်အသီးသီးသို့ ပေးပို့ထားသော နည်းဥပဒေများ ပြင်ဆင်ရန်ရှိက ဆက်လက်ဆောင်ရွက်ရန်ကိစ္စ၊

(င) အခြားသော လွှတ်တော်ဆိုင်ရာလုပ်ငန်းများ။

၂။ အထက်ပါဦးစားပေးလုပ်ငန်းများအလိုက် ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ထားရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ၃၀-၁၀-၂၀၁၅ ရက် နောက်ဆုံးထားပေးပို့နိုင်ပါရန် ပြည်ထောင်စုလွှတ်တော်၏ ၅-၁၀-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀ (၃၉၂)/ ပထစ-၂၀၁၅ ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ခ) ပြဋ္ဌာန်းထုတ်ပြန်ပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့်အညီ ပြင်ဆင်ရမည့် ဥပဒေများရှိပါက ၃၁-၁၀-၂၀၁၅ ရက်နောက်ဆုံးထားပေးပို့နိုင်ပါရန် ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၀-၉-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၇/၁၃/၄ (၂၈၃)/ ပထစ-၂၀၁၅ ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများသို့ ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဂ) ဆောင်ရွက်ဆဲဥပဒေကြမ်းများ၊ နည်းဥပဒေများ၊ အခြားသောလွှတ်တော်ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်အလိုက် စိစစ်ဆောင်ရွက်ခြင်း။

၃။ သို့ပါ၍ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်း ကျန်ရှိသည့်ကာလအတွင်း ဆက်လက်ဆောင်ရွက်ရန်ရှိသော လွှတ်တော်ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများသိရှိနိုင်ရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုလွှတ်တော်**

# တရားရုံးအဆင့်ဆင့်တွင် သတင်းမီဒီယာများ၊ ပြည်သူများနှင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရန် တရားရုံးသတင်းမီဒီယာလက်စွဲ ထုတ်ဝေ

**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အဆင့်ဆင့်သော တရားရုံးများတွင် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများမှတစ်ဆင့် သတင်းမီဒီယာများ၊ ပြည်သူများနှင့်ဆက်ဆံရေးကို တိုးမြှင့်လုပ်ဆောင်ရန် တရားရုံးသတင်းမီဒီယာလက်စွဲကို ထုတ်ဝေလိုက်သည်။

တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၇ ၏ လူထုအသိအမြင်မြှင့်တင်ပေးရေးဆိုင်ရာ မဟာဗျူဟာရည်မှန်းချက်များမှာ သတင်းမီဒီယာများ၊ ပြည်သူများနှင့် ဆက်ဆံပြောဆိုမှုကို မြှင့်တင်ရန်နှင့် တရားရုံးအသိုင်းအဝိုင်းတွင် သတင်းအချက်အလက်ဆိုင်ရာ အစီအစဉ်များကို တိုးမြှင့်လုပ်ဆောင်ရန်ဖြစ်သည်။

အဆိုပါ ရည်မှန်းချက်များ အောင်မြင်စေရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးသတင်းပြန်ကြားရေးစီမံချက် ရေးဆွဲ၍ နိုင်ငံတကာမှ တရားရုံးများ၏ သတင်းပြန်ကြားရေး ဆောင်ရွက်ချက်များနှင့် မှုခင်းသတင်းဆိုင်ရာ ဆောင်ရွက်ချက်များကို လေ့လာခြင်း၊ နိုင်ငံတကာမှ တရားရုံးများ၏ သတင်းပြန်ကြားရေးကျွမ်းကျင်သူများဖြင့် ဆွေးနွေးပွဲများ ကျင်းပ၍ တရားရုံး မှုခင်းသတင်းရယူရာတွင် သိရှိလိုက်နာရန် အချက်များပြုစုခြင်း၊ ယင်းစည်းကမ်းချက်များကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၄ ရက်နှင့် ၅ ရက်တွင် ကျင်းပခဲ့သည့် "မဏ္ဍိုင်ကြီးသုံးရပ်နှင့် သတင်းမီဒီယာတွေ့ဆုံပွဲ" တွင် တင်ပြဆွေးနွေးခြင်း၊ တရားရုံးအဆင့်ဆင့်တွင် သတင်းပြန်ကြားရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ တရားရုံးသတင်းပြန်ကြားရေးအရာရှိများ ခန့်အပ်တာဝန်ပေးခြင်း၊ သတင်းပြန်ကြားရေးတာဝန်ရှိသူများအတွက် တရားရုံးသတင်းပြန်ကြားရေး အလုပ်ရုံဆွေးနွေးပွဲများကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် ကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ယင်းဆောင်ရွက်ချက်များ၏ ရလဒ်ကို အခြေခံသည့် တရားရုံးသတင်းမီဒီယာလက်စွဲသည် တရားရုံးသတင်းပြန်ကြားရေးဝန်ဆောင်မှုနှင့် မီဒီယာကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။

တရားရုံးသတင်းမီဒီယာလက်စွဲတွင်ပါရှိသည့် မြန်မာနိုင်ငံ၏ တရားရုံးများဖွဲ့စည်းပုံ၊ မှုခင်းများ စစ်ဆေးစီရင်ခြင်း၊ မှုခင်းဆိုင်ရာ သတင်းအချက်အလက်ရယူခြင်း၊ တရားရုံးမှ သတင်းရယူရာတွင် သိရှိလိုက်နာရန်အချက်များ၊ ပြစ်မှုဆိုင်ရာ ဥပဒေဝေါဟာရများနှင့် တရားရုံးသတင်းပြန်ကြားရေးအဖွဲ့များ၏ ဆက်သွယ်ရန်လိပ်စာများ စသည့် ဖော်ပြချက်များသည် တရားရုံးနှင့် သတင်းမီဒီယာအကြား သတင်းရယူခြင်းအပါအဝင် ဆက်ဆံရေးကို ပိုမိုတိုးတက် ကောင်းမွန်စေရန်နှင့် ပြည်သူလူထုမှ တိကျသေချာသည့် သတင်းမှန်များသိရှိရန် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် "လူထု၏အသိအမြင်ကို မြှင့်တင်ပေးရန်" တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာရည်မှန်းချက်နှင့်အညီ တရားရုံးအဆင့်ဆင့်တွင် အများပြည်သူကို သတင်းအချက်အလက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများကို သတင်းမီဒီယာများနှင့်အတူ ဆက်လက်၍ တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်သည်။

တရားရုံးသတင်း မီဒီယာလက်စွဲကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဝက်(ဘ်)ဆိုဒ် http://www. unionsupremecourt.gov.mm တွင် ကြည့်ရှုနိုင်ကြောင်းသိရသည်။

**(သတင်းစဉ်)**

**✻ တောင်သမန်အင်းမှ**

တောင်သမန်အင်းအတွင်း ငါးမျှားချိတ်နဲ့ ငါးမျှားရုံတင်မဟုတ်ဘဲ ငါးဖမ်းပိုက်ကြီးတွေ အင်းအတွင်းခိုးချပြီး ငါးဖမ်းကြတယ်။ အင်းရဲ့ ရေပြင်မှာလည်း အင်းစောင့်တွေက စက်လှေနဲ့ပတ်နေတော့ ငါးခိုးဖမ်းတဲ့အဖွဲ့တွေက ပိုက်ဖော်ချိန်မရလို့ ရက်အနည်းငယ်ကြာလာတော့ ငါးနဲ့ပိုက် လုံးထွေးပြီး ငါးတွေထပ်မံသေဆုံးကာ ရေပေါ်ရောက်ရှိလာခြင်းဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"တောင်သမန်အင်းကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ ငါးလုပ်ငန်းဦးစီးဌာနနဲ့ ပူးပေါင်းပြီး အင်းရေပြင်သန့်စင်ရေးလုပ်ငန်းကို အမြဲတမ်းစောင့်ကြည့်တိုင်းတာလျက်ရှိပါတယ်။ အင်းအတွင်းက ငါးတွေ အသက်ရှင်နေထိုင်ဖို့ အောက်ဆီဂျင်လိုအပ်ချက်ညွှန်းကိန်းကDO 0.2 ရှိပါတယ်။ လက်ရှိ တောင်သမန်အင်း ရေဆိုးဝင်ရောက်မှုကြောင့် ငါးသေဆုံးမှု မဖြစ်နိုင်ဘူး"ဟု ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူး ဦးထွန်းဝင်းက ပြောသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် တောင်သမန်အင်းနှင့် ဦးပိန်တံတားသာယာလှပရေးလုပ်ငန်းများကို အသိပညာရှင်၊ အတတ်ပညာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံများနှင့် ပေါင်းစပ်ညှိနှိုင်းကာ အစွမ်းကုန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာအသင်း လက်ဘနွန်ကို ရှုံးနိမ့်

၂၀၁၈ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲဖြစ်သည့် မြန်မာအသင်းနှင့် လက်ဘနွန်အသင်းတို့မှာ ယနေ့ ညနေပိုင်းက ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ဆုပါသာလာ ထိုင်းကွင်း၌ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းမှာ နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်သွားသည်။

**လက်ဘနွန် -နှစ်ဂိုး**
**မြန်မာ-ဂိုးမရှိ**

ဒုတိယအဆင့်ခြေစစ်ပွဲတွင် နိုင်ပွဲမရသေးသည့် မြန်မာအသင်းမှာ အိမ်ကွင်းပွဲစဉ်တွင် အနိုင်ရရှိရေး ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ရသည်။ နည်းပြ အေဗရာမိုဗစ်၏ အပြောင်းအလဲများကြားတွင် မြန်မာအသင်းကစားပုံ တိုးတက်မှုရှိလာသော်လည်း နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးမသတ်နိုင်ခဲ့ပေ။

မြန်မာအသင်းမှာ ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး မျိုးမင်းလတ်(ဂိုး)၊ ကျော်ဇင်လွင်၊ ဇော်လင်း၊ ခင်မောင်လွင်၊ နန္ဒကျော်၊ ရန်အောင်ကျော်၊ ရဲကိုဦး၊ ဒေးဗစ်ဒန်း၊ သီဟဇော်၊ ကျော်ကိုကို၊ သန်းပိုင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲထွက်အခင်းအကျင်းကို အနည်းငယ်အပြောင်းအလဲ ပြုလုပ်ထားသည့် မြန်မာအသင်းမှာ ပထမပိုင်းတွင် ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ ၁၃ မိနစ်တွင် ဒေးဗစ်ဒန်း၏ အနီးကပ်ကန်ချက် ဘားထိထွက်ခဲ့ပြီး ၁၈ မိနစ်တွင် နန္ဒကျော်၏ကန်ချက်ကိုလည်း လက်ဘနွန်ဂိုးသမားက ကာကွယ်နိုင်ခဲ့သည်။ မြန်မာအသင်း ခြေအသာရနေသော်လည်း ၂၇ မိနစ်တွင် မထင်မှတ်ဘဲ ဂိုးပေးခဲ့ရပြီး ထောင့်ကန်ဘောမှ တစ်ဆင့် ဟာဆန်မာတွတ်က ခေါင်းတိုက်ကာ လက်ဘနွန်အတွက် ဂိုးသွင်းယူခဲ့သည်။ ၃၇ မိနစ်တွင် တိုက်စစ်မှူး ကျော်ကိုကို ပင်နယ်တီဧရိယာအစပ်မှ ကန်ခွင့်ရသော်လည်း လွဲချော်ခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းမှာ သန်းပိုင်အစား အောင်သူ၊ သီဟဇော်အစား ဆောင်လမန်ကို ထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ပွဲချိန်အများစုဖိကစားနိုင်ခဲ့သည်။ လက်ဘနွန်အသင်းမှာ ဂိုးထပ်မံရရှိရေးထက် ဂိုးမပေးရရေး ခံစစ်ကိုသာ ဦးစားပေးကစားခဲ့သည်။ ရန်အောင်ကျော်၊ ဒေးဗစ်ဒန်းတို့၏ အဝေးကန်ချက်များ လွဲချော်ခဲ့သလို အောင်သူ၏ ကန်ချက်ကိုလည်း လက်ဘနွန်ဂိုးသမားက ကာကွယ်နိုင်ခဲ့သည်။ လက်ဘနွန်အတွက် ဒုတိယဂိုးကို ပွဲပြီးခါနီး၌ အက်ဝီက သွင်းယူပေးခဲ့သည်။

မြန်မာအသင်းမှာ ဒုတိယအဆင့် ခြေစစ်ပွဲတွင် လေးပွဲကစားအပြီး၌ တစ်ပွဲသရေ သုံးပွဲရှုံးဖြင့် တစ်မှတ်သာ ရရှိသေးသည်။ မြန်မာအသင်းမှာ ဒုတိယအကျော့ ပထမပွဲအဖြစ် အောက်တိုဘာ ၁၃ ရက်တွင် လာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-MFF

# ရေကြောင်းသတိပေးချက် ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော Chevron Company Limited သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-5 တွင် 3D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို MV. VIKING VISION (Call Sign: LNXF) ဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၆ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

3D Seismic Survey တိုင်းတာဆောင်ရွက်မည့် ဧရိယာကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| Point | Latitude | Longitude |
|---|---|---|
| A | 18˙ 15' 00.000" N | 93˙ 14' 00.000" E |
| B | 18˙ 15' 00.000" N | 93˙ 44' 46.070" E |
| C | 17˙ 54' 58.779" N | 93˙ 54' 49.241" E |
| D | 17˙ 30' 00.000" N | 93˙ 48' 55.057" E |
| E | 17˙ 30' 00.000" N | 93˙ 21' 00.000" E |

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-5 တွင် 3D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို MV. VIKING VISION ဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၆ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်မည့် ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ကျေးလက်နေပြည်သူများ နေထိုင်ပိုင်ဆိုင်သည့် အိမ်ခြံမြေကွက်များ အထောက်အထားခိုင်မာစွာ နေထိုင်နိုင်ရေး မြေငှားဂရန်များချထားပေး

**မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ ပိုင်ဆိုင်နေထိုင်သည့် အိမ်ဝိုင်းမြေကွက်များအား ပိုင်ဆိုင်မှုအထောက်အထားကင်းမဲ့စွာ နေထိုင်ရခြင်းအစား ခိုင်မာသည့်တရားဝင်အထောက်အထား (Legal Document)၊ မြေငှားဂရန် (Lease)ရရှိခြင်းအားဖြင့် ကျေးရွာနေပြည်သူလူထုများ၏ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများ ပိုမိုရရှိကာ နိုင်ငံတော်အနေဖြင့်လည်း ရသင့်ရထိုက်သော အခွန်ငွေများ ရရှိလာစေရန် ကျေးလက်နေပြည်သူများ နေထိုင်ပိုင်ဆိုင်သည့် အိမ်ခြံမြေကွက်များကို မြေငှားဂရန်(မြေငှားစာချုပ်)ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။**


ဦးမြင့်နိုင်။


ဒေါ်ခင်မြင့်ရီ။


ဦးကျော်သိန်း။


ဒေါ်မြသိန်းထွေး။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သော ကျောက်ဆည်မြို့နယ်၊ မြစ်သားမြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် တံတားဦးမြို့နယ်များမှ စံပြအဖြစ် ကျေးရွာတစ်ရွာစီကို ရွေးချယ်ခဲ့ရာ ကျောက်ဆည်မြို့နယ်တွင် သံရွာကျေးရွာအုပ်စုမှ ဈေးကုန်းကျေးရွာကိုလည်းကောင်း၊ မြစ်သားမြို့နယ်တွင် မြစ်ဆုံကြီးကျေးရွာအုပ်စုမှ ကြို့ပင်ခြံကျေးရွာကိုလည်းကောင်း၊ စဉ့်ကိုင်မြို့နယ်တွင် မုန့်ပေါင်းကျေးရွာအုပ်စုမှ မုန့်ပေါင်းကျေးရွာကိုလည်းကောင်း၊ တံတားဦးမြို့နယ်တွင် ကန်ချော ကျေးရွာအုပ်စုမှ အေးကြည်ကုန်းကျေးရွာကိုလည်းကောင်း မြေငှားဂရန်ထုတ်ပေးရန် ခရိုင်မြေငှားဂရန်ချထားရေးလုပ်ငန်းအဖွဲ့မှ စိစစ်သတ်မှတ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးမြေငှားဂရန် ချထားရေးလုပ်ငန်းအဖွဲ့သို့ တင်ပြကာ အဆိုပါကျေးရွာများအား ကွင်းဆင်းစစ်ဆေးတိုင်းတာ၍ အောက်တိုဘာ ၆ ရက်မှစတင်၍ မြေငှားဂရန်များထုတ်ပေးခဲ့သည်။

မြေငှားဂရန်ထုတ်ပေးမှုနှင့်ပတ်သက်၍ ကျောက်ဆည်ခရိုင် မြေငှားဂရန်ချထားပေးရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က "ကျွန်တော်တို့ စီမံချက်အရ ကျေးရွာတစ်ရွာမှာ အနည်းဆုံး အိမ်ခြေ ၁၀၀ ရှိရပါ့မယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းပြီး မြေပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းတဲ့ရွာတွေကို ရွေးထုတ်ပြီး ဆောင်ရွက်ပေးခဲ့တာပါ။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံသားတစ်ယောက်မှာ ပိုင်ဆိုင်မှုအထောက်အထားအနေနဲ့ လူတစ်ဦးချင်းစီမှာဆိုရင် နိုင်ငံသားဖြစ်ကြောင်း အထောက်အထားတစ်ခုအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ ထုတ်ပေးပြီးဖြစ်ပါတယ်။ ဒါ့အပြင် စိုက်ပျိုးလုပ်ကိုင်နေတဲ့ မြေတွေကိုလည်း နှစ်ရှည်ပိုင်ဆိုင်နိုင်ပြီး စိတ်အေးချမ်းသာစွာ ပိုင်ဆိုင်နိုင်စေဖို့ ပုံစံ(၇)နဲ့ လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ်တွေ ထုတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ယခုတစ်ခါ ပြည်သူတွေ အစဉ်အဆက်နေထိုင်လာတဲ့ အိုးအိမ်မြေနေရာတွေကို ပိုင်ဆိုင်မှုအထောက်အထားအဖြစ် ခိုင်ခိုင်မာမာရရှိပြီး လုံခြုံစိတ်ချစွာ နေထိုင်နိုင်စေဖို့ ကျေးရွာတွေမှာ မြေငှားဂရန်တွေ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ အခုမြေငှားဂရန်တွေကို မြေပေါ်မှာ ဆောက်လုပ်ထားတဲ့ အဆောက်အအုံပေါ်မူတည်ပြီး ဓနိ၊ ဝါးနဲ့ ဆောက်ထားတဲ့ ခိုင်မာမှုမရှိတဲ့ အဆောက်အအုံဆိုရင် (၁၀)နှစ် မြေငှားဂရန်ချထားပေးပြီး ခိုင်မာတဲ့အဆောက်အအုံတွေဆိုရင်တော့ နှစ်(၃၀) ဂရန်ချထားပေးပါတယ်။ ကျေးလက်နေပြည်သူတွေဆိုတာ ဝင်ငွေနည်းပါးလှပါတယ်။ ဒါကြောင့် မြေငှားဂရန်ပေါ်မှာ ပေးဆောင်ရမယ့်အခွန်ငွေကိုလည်း သူတို့တွေပေးဆောင်နိုင်မယ့်အနေအထားကိုပဲ သတ်မှတ်ပေးထားပါတယ်။ မြေတန်ဖိုးအနေနဲ့ မြေတစ်ဧကကို တစ်သိန်းသတ်မှတ်ပြီး အခွန်ငွေကိုတော့ တစ်နှစ်ကို ၆ ရာခိုင်နှုန်းပဲပေးဆောင်ဖို့ သတ်မှတ်ထားပါတယ်။ မြေတစ်ဧကပိုင်ဆိုင်ရင် တစ်နှစ်ကို ငွေကျပ် ၆၀၀၀ နဲ့ တစ်လကို ငွေကျပ် ၅၀၀ ပဲ ပေးဆောင်ရမှာဖြစ်ပါတယ်။ တစ်ဧကမပြည့်တဲ့သူတွေ ပေးဆောင်ရမှုက အလွန်နည်းပါးတဲ့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်ပါဘူး။ ကျေးလက်ပြည်သူတွေ တစ်ဦးမကျန်စီမံချက်နဲ့ မြေငှားဂရန်တွေချထားပေးတာက ကျွန်တော်တို့နိုင်ငံမှာ ပထမဆုံးဖြစ်ပါတယ်။ ကုန်ကျစရိတ်မရှိဘဲ ကိုယ်တိုင်သွားရောက်ဆောင်ရွက်ပေးပြီး ကျေးရွာအရောက် မြေငှားဂရန်တွေ ပေးအပ်တာဖြစ်တဲ့အတွက် တကယ့်အခွင့်အရေးတစ်ခုကို ရရှိပိုင်ဆိုင်ခြင်းဖြစ်ပါတယ်။ ကျေးလက်နေပြည်သူတွေကလည်း အလွန်အကျိုးရှိတဲ့ အခွင့်အရေးကိုရရှိသွားလို့ ဝမ်းသာအားရသဘောကျနေကြတဲ့အတွက် လုပ်ဆောင်ပေးရကျိုးနပ်ပါတယ်"ဟု ပြောသည်။

"အရင်ကတော့ ဒါကိုယ့်အိမ်ကိုယ့်နေရာဆိုတာ ပါးစပ်နဲ့ပဲပြောပြီး နေလာခဲ့တာပဲ။ အခုလိုစာရွက်စာတမ်းနဲ့ ဂရန်ရှိမှဖြစ်မယ်ဆိုတာ မသိခဲ့ဘူး။ အခုတော့ ဒီစာရွက်ထဲမှာ ကိုယ့်အမည်နဲ့ တကယ်ပိုင်သွားပြီဆိုတာ သိရတော့ ဝမ်းသာပါတယ်။ မရှိလို့ရောင်းတာပေါင်တာ စသဖြင့်ပေါ့ အရေးကိစ္စတစ်ခုခုမှာ ဒီစာရွက်နဲ့ လုပ်လို့ရပြီဆိုတော့ အားရှိသွားတာပေါ့"ဟု ကျောက်ဆည်မြို့နယ် သံရွာကျေးရွာအုပ်စု ဈေးကုန်းကျေးရွာမှ ဒေသခံ ဒေါ်ခင်မြင့်ရီက ပြောသည်။

"ဝမ်းသာပါတယ်ဗျာ။ ကျေးဇူးလည်းအလွန်တင်ပါတယ်။ ကျွန်တော်က သူညှ ဒသမ ၆၅ ဧကရှိတဲ့အတွက် တစ်လကို ငွေကျပ် ၃၀၀ လောက်ပဲ အခွန်ဆောင်ရမှာပါ။ အရင်ကတည်းက မြေဂရန်လုပ်ဖို့ ကြိုးစားခဲ့ပေမယ့် သွားရေး၊ လာရေး၊ မလုပ်တတ်မကိုင်တတ်နဲ့ ကုန်ကျစရိတ်တွေတွက်ပြီး မလုပ်ဖြစ်ခဲ့ပါဘူး။ အခုလို ရွာအရောက်လာလုပ်ပေးတဲ့အတွက် အဆင်ပြေသွားပါတယ်။ နောင်ရေးအတွက် စိတ်အေးရတာပေါ့ဗျာ"ဟု မြစ်သားမြို့နယ် မြစ်ဆုံကြီးကျေးရွာအုပ်စု ကြို့ပင်ခြံကျေးရွာမှ ဒေသခံ ဦးကျော်သိန်းက ပြောသည်။

"မိသားစုအတွင်း အိမ်ပိုင်ဆိုင်မှုတွေမှာ ခိုင်ခိုင်မာမာရရှိတဲ့အတွက် စိတ်အေးသွားရတာပေါ့။ မနက်ကတည်းက ဒီနေ့ဂရန်တွေ လာပေးမယ်ဆိုတာ သိရလို့ တစ်ရွာလုံးစိတ်လှုပ်ရှားပြီး လာစောင့်နေကြတာပါ။ အခုလိုဂရန်ရရှိအောင် လိုအပ်တာတွေကို ရွာအရောက် လာရောက်လုပ်ကိုင်ပေးကြတဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု တံတားဦးမြို့နယ် ကန်ချောကျေးရွာအုပ်စု အေးကြည်ကုန်းကျေးရွာမှ ဒေသခံ ဒေါ်မြသိန်းထွေးက ပြောသည်။

ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ် လေးခု၊ ကျေးရွာ လေးရွာမှ သတ်မှတ်စည်းကမ်းများနှင့်ကိုက်ညီသော ကျေးလက်နေပြည်သူများအား မြေငှားဂရန်များကို ထုတ်ပေးခဲ့ရာ ကျောက်ဆည်မြို့နယ် ဈေးကုန်းကျေးရွာတွင် အိမ်ထောင်စု ၁၂၃ စုအနက် အိမ်ထောင်စု ၁၁၂ စုအတွက် ၁၀ နှစ် မြေငှားဂရန် ၅၇ ဦးနှင့် နှစ် ၃၀ မြေငှားဂရန် ၅၅ ဦးကိုလည်းကောင်း၊ မြစ်သားမြို့နယ် ကြို့ပင်ခြံကျေးရွာတွင် အိမ်ထောင်စု ၁၁၀ အနက် အိမ်ထောင်စု ၆၄ စုအတွက် ၁၀ နှစ်မြေငှားဂရန် ၄၃ ဦးနှင့် နှစ် ၃၀ မြေငှားဂရန် ၂၁ ဦးကိုလည်းကောင်း၊ စဉ့်ကိုင်မြို့နယ် မုန့်ပေါင်းကျေးရွာတွင် အိမ်ထောင်စု ၁၀၁ စုအနက် အိမ်ထောင်စု ၄၅ စုအတွက် ၁၀ နှစ် မြေငှားဂရန် ၃၆ ဦးနှင့် နှစ် ၃၀ မြေငှားဂရန် ကိုးဦးကိုလည်းကောင်း၊ တံတားဦးမြို့နယ် အေးကြည်ကုန်းကျေးရွာတွင် အိမ်ထောင်စု ၂၀၈ စုအနက် အိမ်ထောင်စု ၁၇၁ စုအတွက် ၁၀ နှစ်မြေငှားဂရန် ၁၀၆ ဦးနှင့် နှစ် ၃၀ မြေငှားဂရန် ၆၅ ဦးကိုလည်းကောင်း အသီးသီးထုတ်ပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## အဖမ်းမခံဘဲ ရဲတပ်ဖွဲ့ဝင်နှစ်ဦးအား ခုခံသတ်ဖြတ်ခဲ့သူ၏အမှု တရားစွဲတင်စစ်ဆေး

**သန်လျင် အောက်တိုဘာ ၈**

သန်လျင်မြို့နယ် ကွမ်းခြံကုန်းကျေးရွာနေ အမည်မသိသူတစ်ဦးကို ယမန်နှစ်က ဓားဖြင့်ထိုးခဲ့ပြီး ထွက်ပြေး တိမ်းရှောင်နေသဖြင့် စက်တင်ဘာ ၂ ရက်တွင် သန်လျင်မြို့မရဲစခန်းမှ သွားရောက်ဖမ်းဆီးစဉ် အဖမ်းမခံဘဲ ရဲအုပ်အောင်နိုင်၊ တပ်ကြပ်သူရလွင်တို့ နှစ်ဦးအား ဓားဖြင့် ထိုးသတ်ခဲ့သည့် အမှုအတွက် ပြစ်မှုကျူးလွန်သူ တင်မြင့်အား ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်တရားရုံး ဒုတိယခရိုင်တရားသူကြီး (၁) ဦးသာထွန်းနှင့်အဖွဲ့က အောက်တိုဘာ ၇ ရက်တွင် အမှုကိုလက်ခံ၍ ပထမအကြိမ် ရုံးထုတ်စစ်ဆေးခဲ့သည်။

ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရာတွင် ပါဝင်ခဲ့ကြသည့် သန်လျင်မြို့မရဲစခန်းမှ တပ်ကြပ်ကိုကိုထွန်း၊ ဒုတပ်ကြပ်ဇေယျာထွန်းတို့အား တရားလိုပြသက်သေအဖြစ် အခင်းဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းသည်။ သက်သေခံစစ်ဆေး၍ အောက်တိုဘာ ၁၄ ရက်ကို ရုံးပြန်လည်ချိန်းဆိုလိုက်ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူအား သွားရောက်ဖမ်းဆီးစဉ် တည်းခိုခန်းတံခါးသည် ဇီးရောင်မှန်ဖြင့် တပ်ဆင်ထား၍ တင်မြင့်ကသာ လာရောက်ဖမ်းဆီးသည့်ရဲများကိုမြင်ရပြီး ပြင်ပမှ ရဲများက ၎င်းကို မမြင်နိုင်သဖြင့် ရဲတပ်ဖွဲ့ဝင်များအတွက် အားနည်းချက်တစ်ခုဖြစ်ကာ အန္တရာယ်နှင့်ကြုံတွေ့ပြီး တပ်ဖွဲ့ဝင်များ အလစ်အငိုက်ခံရခြင်းဖြစ်သည်ဟု တရားခွင်တွင် ပြောကြားခဲ့သည်ဟု သိရသည်။ ထို့ပြင် ၂၀၁၄ ခုနှစ်က တင်မြင့်ကျူးလွန်ခဲ့သည့် ဓားထိုးမှုအတွက်လည်း တရားလိုပြသက်သေအချို့ကို စစ်ဆေးခဲ့သည်ဟု သိရသည်။

**(သန်းဦးလှိုင်)**

## သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်မြို့တော်အတွင်း နေ့စဉ် မောင်းနှင်သွားလာလျက်ရှိသော မော်တော်ယာဉ်များအနက် စည်းကမ်းမဲ့ မောင်းနှင်သွားလာလျက်ရှိသော မော်တော်ယာဉ်များအား အရေးယူပေးပါရန် စည်းကမ်းလိုက်နာမှုရှိသည့် ပြည်သူများက အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး Online Complaint Center(OCC) သို့ ဓာတ်ပုံမှတ်တမ်းများ ပေးပို့တိုင်တန်းလျက်ရှိပါသည်။

၂။ ၁၀-၉-၂၀၁၅ ရက်နေ့အထိ စာရင်းအရ ကိုယ်ပိုင်ယာဉ် အစီး ၆၃၀၊ တက္ကစီယာဉ် ၃၀၇ စီး၊ အငှားကုန်တင်ယာဉ် ၁၅၃ စီး၊ ခရီးသည်တင်ယာဉ် ၁၆၉ စီး စုစုပေါင်း ၁၂၅၉ စီးအား အရေးယူထားရှိပြီးဖြစ်ရာ ယာဉ်ပိုင်ရှင်၊ ယာဉ်လိုင်းများ သိရှိစေရန်အတွက် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ ဆင့်ခေါ်စာများ အပတ်စဉ်ပေးပို့လျက်ရှိပြီး နေ့စဉ်/အပတ်စဉ်ထုတ် သတင်းစာ/ဂျာနယ်များတွင်လည်း တိုင်ကြားခံရသည့်ယာဉ်အား ယာဉ်အမှတ်၊ ယာဉ်အမျိုးအစား၊ ကျူးလွန်ပုံများ ဖော်ပြအသိပေးသွားမည်ဖြစ်ပါသည်။

၃။ တိုင်ကြားခံရသည့် မော်တော်ယာဉ်များအား တည်ဆဲဥပဒေအရ တရားရုံးသို့ တရားစွဲတင်ပို့လျက်ရှိပြီး တရားရုံးမှ ချမှတ်သည့်ပြစ်ဒဏ်ကျခံရမည်ဖြစ်ရာ အငှားယာဉ်မောင်းထားရှိသည့် ယာဉ်ပိုင်ရှင်များအနေဖြင့် နစ်နာမှုမရှိစေရေးအတွက် မိမိတို့၏ ယာဉ်မောင်းများအား ကြပ်မတ်ထိန်းသိမ်းပေးရန် လိုအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်လျက်ရှိသည့် မော်တော်ယာဉ်များအား ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ပြည်သူများက စောင့်ကြည့်အရေးယူလျက်ရှိပါသဖြင့် သတ်မှတ်စည်းကမ်းများနှင့်အညီ မောင်းနှင်သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**



## ဒေသခံပြည်သူများ၏ သဘောတူညီချက်ဖြင့် ဒေသလုပ်တူမီးသေနတ်များ အပြီးအပိုင်အပ်နှံပွဲ ကျင်းပ

**ထားဝယ် အောက်တိုဘာ ၈**

ဒေသလုပ် တူမီးသေနတ်များ မိမိတို့သဘောဆန္ဒဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ စုပေါင်းအပ်နှံပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၇ နာရီက ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကလိန်အောင်မြို့နယ်ခွဲ မီးကျောင်းလှောင်းကျေးရွာ သဘာဝကြိုးဝိုင်း သစ်တောထိန်းသိမ်းရေး ပညာပေးစခန်း၌ ကျင်းပခဲ့ရာ ဒေသလုပ် တူမီးသေနတ် ၂၀၄ လက်အား လက်ခံရရှိခဲ့သည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်သိန်း၊ စီမံကိန်းသစ်တောကြိုးဝိုင်း ညွှန်ကြားရေးမှူး ဦးဝင်းနိုင်-၄၊ ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးကျော်နှင့် ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် သစ်တောတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ သဘာဝကြိုးဝိုင်း စီမံကိန်းဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးလှမျိုးအောင်က တူမီးသေနတ်များ အပ်နှံရခြင်းအကြောင်း ပြောကြား၍ စီမံကိန်းဧရိယာအတွင်းရှိ ဟိန္ဒါ၊ ရေပုန်း၊ မိုင် ၃၀၊ မီးကျောင်းလှောင်းရွာဟောင်း၊ မိုင် ၆၀၊ လော့သိုင်း၊ ကျွဲတလင်း၊ ကော့လှိုင် စသည့် ကျေးရွာ ကိုးရွာမှ အုပ်ချုပ်ရေးမှူးများ၊ တူမီးသေနတ်ပိုင်ရှင်များ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

**ခရိုင် (မြန်/ဆက်)**

# “ဒီဖြစ်စဉ်အပေါ်မှာ ပြောဆိုဝေဖန်နေတာတွေကို အခုလို အမှုမှန်ဖော်ထုတ်ပေးပြီး ချေဖျက်နိုင်လိုက်တဲ့အတွက် ဂုဏ်ယူပါတယ်”

ရဲမှူးဝင်းသိန်း

**တွေ့ဆုံမေးမြန်း**
**ညီညီထွန်းနှင့် သတင်းအဖွဲ့**

**နေပြည်တော်၌ ညသန်းခေါင်ကျော်အချိန်တွင် လူလေးဦးက ခင်ပွန်းဖြစ်သူကိုသတ်ပြီး ဇနီးသည်အား အဓမ္မပြုကျင့်မှုဖြစ်ပွားခဲ့သည်။ ရာဇဝတ်ဘေးပြေးလွတ်ပါမည်လော၊ ပြစ်မှုကျူးလွန်သူ နှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီ။ ထွက်ပြေးတိမ်းရှောင်နေသူ နှစ်ဦးကိုလည်း သက်ဆိုင်သူများက ရဲစခန်းနှင့်ဆက်သွယ်ပြီး အပ်နှံခဲ့ကြပြန်သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား တစ်ပတ်အတွင်း ဖော်ထုတ်နိုင်ခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများကို သတင်းစဉ်မှ တွေ့ဆုံမေးမြန်းထားပါသည်။**


ဒုတိယရဲမှူးကြီးဝင်းချွန်


ရဲမှူးဝင်းသိန်း


ဒုရဲအုပ်ထိုက်လွင်ကျော်

**ဒုတိယရဲမှူးကြီးဝင်းချွန်**
**(ဒက္ခိဏခရိုင်တပ်ဖွဲ့မှူး)**

သံတမန်ဇုန်မြေနေရာမှာ နေ့လှည့်ကင်းနဲ့ ညလှည့်ကင်းတွေရှိတယ်။ အဲဒီမြေနေရာက အကျယ်ကြီးဖြစ်ပါတယ်။ မှုခင်းကျူးလွန်တဲ့နေရာမှာ နှစ်မျိုးရှိတယ်။ တစ်မျိုးက ရလိုမှု၊ နောက်တစ်ပိုင်းက စရိုက်ကြောင့်ဖြစ်တာ။ မတရားရလိုမှုကြောင့် လုယက်မှုတွေ ဖြစ်တတ်တယ်။ နေပြည်တော်မှာ အိမ်တိုင်းအိမ်တိုင်းကို ရဲစခန်းဖုန်းနံပါတ်တွေ ပေးထားတယ်။ အခုဖြစ်စဉ် အခြေခံက အရက်ရယ်၊ ပင်ကိုစရိုက်ရယ်၊ ကာမရလိုမှုကြောင့်ဖြစ်တယ်။ ပြစ်မှုကျူးလွန်ခံရတဲ့သူတွေကို ခြိမ်းခြောက်ပြီးတော့ ခေါ်သွားတယ်။ သူတို့က ကြောက်တာနဲ့ လိုက်သွားတယ်။ အရက်ကြောင့် မှုခင်းဖြစ်ရတယ်။

ပြစ်မှုကျူးလွန်သူတွေကို ဒီခရိုင်မှာရှိတဲ့ ရဲတပ်ဖွဲ့တင်မကပါဘူး။ လယ်ဝေး၊ ပျဉ်းမနား၊ ဇမ္ဗူသီရိ စတဲ့ ရဲတပ်ဖွဲ့တွေက နယ်မြေအလိုက် ဖြန့်ပြီးတော့ရှာတယ်။ နေပြည်တော်မှာရှိတဲ့ မှုခင်းအထူးတပ်ဖွဲ့ဝင်တွေနဲ့အတူ ပြည်သူတွေကပါ တာဝန်ကိုယ်စီနဲ့ ဖြန့်ခွဲပြီးလုပ်ဆောင်ခဲ့ကြလို့ အခုလို မြန်မြန်နဲ့အမှုမှန် ဖော်ထုတ်နိုင်ခဲ့တာပါ။

**ဦးကျော်နိုင်ဦး**
**(ရာအိမ်မှူး၊ သာယာကုန်းရပ်ကွက်)**

အခုအမှုမှာ ကျွန်တော်တို့ရပ်ကွက်ထဲက ထော့ကျိုးရယ်၊ မျိုးဇော်ဝင်းရယ်ပါတယ်။ သူတို့တွေက ပုံကျအလုပ်လုပ်တယ်။ တစ်နေ့လုပ်တစ်နေ့စားပေ့ါ။ မျိုးဇော်ဝင်းကတော့ ခုနစ်တန်းလောက်နဲ့ ကျောင်းထွက်တယ်။ ဒီကလေးက ရပ်ကွက်ထဲမှာ မူးတာ၊ ဆဲတာ၊ ခိုးတာ၊ ရန်ဖြစ်တာ မရှိဘူး။ ဇော်လေးနဲ့ ကျော်မောင်က အထက်တန်းလောက်မှာ ကျောင်းထွက်ခဲ့တာဖြစ်မယ်။ ဒီကလေးတွေက ရွှေကြာပင်ဇာတိပါ။ အမြဲတမ်း သောက်သောက်စားစား လုပ်ပေမယ့် ထစ်ခနဲရှိ ရန်ဖြစ်တတ်တဲ့သူတွေ တော့မဟုတ်ဘူး။ ကျွန်တော်တို့ရပ်ကွက်ထဲကနေ ဒီလိုဖြစ်တာ ပထမဦးဆုံးအကြိမ်ပါ။

ကျွန်တော့်နေနဲ့ ဒီအမှုမှာမှ မဟုတ်ပါဘူး။ တခြားလူသတ်မှုတွေ၊ မူးယစ်ဆေးဝါးမှုတွေမှာလည်း တာဝန်ရှိသူတစ်ယောက်အနေနဲ့ရော၊ ပြည်သူတစ်ယောက်အနေနဲ့ပါ သတင်းမှန်ရရှိရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးတယ်။ ပြည်သူက အားကိုးရတဲ့ ပြည်သူကို ကူညီနိုင်တဲ့သူဖြစ်အောင် ပူးပေါင်းပါဝင်ပေးခဲ့တာဖြစ်ပါတယ်။

**ရဲမှူးဝင်းသိန်း**
**(ဒက္ခိဏသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး)**

သတင်းရလျှင်ရချင်း တစ်ဆင့်ပြီးတစ်ဆင့် သတင်းပို့ပြီး လုပ်ငန်းတွေကို တစ်ချိန်တည်းဆောင်ရွက်ခဲ့ပါတယ်။ တရားလို ကလေးမဆီက ရတဲ့သတင်းအပေါ် မူတည်ပြီး ဖြစ်နိုင်ခြေရှိတာတွေအားလုံးကို ဖြန့်ကြက်ဆောင်ရွက်ခဲ့ပါတယ်။ အခင်းဖြစ်ပွားတဲ့နေရာမှာ မီးမရှိပေမယ့် လရောင်က အားကောင်းနေလို့ ပြစ်မှုကျူးလွန်သူတွေရဲ့ ထူးခြားချက်ပုံသဏ္ဌာန်ကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။

အဲဒီကနေ သဲလွန်စတွေလိုက်ရင်း ပြစ်မှုကျူးလွန်သူ တစ်ယောက်ကို ဖမ်းမိတယ်။ နောက်နာရီပိုင်းအတွင်းမှာပဲ နောက်တစ်ယောက်ကို ဖမ်းမိပါတယ်။ ဒီနေ့မှာဆိုရင်တော့ ပြစ်မှုကျူးလွန်သူအကုန်လုံးကို ဖမ်းမိပြီဖြစ်ပါတယ်။ သက်သေခံပစ္စည်းတွေကိုလည်း ရေကန်ထဲမှာ တပ်ဖွဲ့ဝင်တွေအားလုံးက အားစိုက်ပြီးရှာခဲ့ကြပါတယ်။ အဲဒီ ပြစ်မှုကျူးလွန်သူတွေ နေပြည်တော်ထဲကနေ ထွက်မပြေးနိုင်အောင် အားလုံးပိတ်ဆို့ထားသလို အတွင်းပိုင်းမှာလည်း ကွက်ပြည့်နင်းရှာဖွေခဲ့ပါတယ်။ ဒီဖြစ်စဉ်အပေါ်မှာ ပြောဆိုဝေဖန်နေတာတွေကို အခုလို အမှုမှန်ဖော်ထုတ်ပေးပြီး ချေဖျက်နိုင်လိုက်တဲ့အတွက် တပ်ဖွဲ့ဝင်အားလုံးအတွက် ဂုဏ်ယူပါတယ်။

အခုဖြစ်စဉ်က တိုက်ဆိုင်မှုကြောင့်ဖြစ်သွားတဲ့အနေအထားပါ။ အရက်အလွန်အကျွံသောက်ထားတဲ့သူတွေက အချိန်မတော်ဘဲ မိန်းကလေးနဲ့ ကောင်လေးနှစ်ယောက်တည်း ရှိနေတဲ့အပေါ် အမြင်မှားပြီး ဖြစ်သွားတာပါ။ ဒီမှာ အချိန်မရွေး ၂၄ နာရီ သွားလာနိုင်ပါတယ်။ ဒါပေမယ့် သွားလာမှုပုံစံနဲ့ ပြင်ပအခြေအနေကိုတော့ ကြည့်တတ်ဖို့လိုပါတယ်။ အချိန်အခါမဟုတ်ဘဲ မလိုအပ်ဘဲ လမ်းဘေးမှာ ထိုင်နေရင်တော့ အန္တရာယ်ကို ဖိတ်ခေါ်သလိုဖြစ်တတ်ပါတယ်။

ကောလာဟလ သတင်းတွေကြောင့် တရားလိုမိန်းကလေးက သူ့ကိုယ်သူတောင် တရားလိုလား၊ တရားခံလားမသိတော့တဲ့အခြေအနေ ဖြစ်သွားတယ်။ ဒီဒေသကိုတောင် စွန့်ခွာတော့မယ့်အခြေအနေအထိ ဖြစ်သွားတယ်။ တရားလိုမိန်းကလေးနဲ့ မိသားစုက သူတို့ဘဝလုံခြုံဖို့အတွက် ကျွန်တော်တို့ရဲတပ်ဖွဲ့ကို အတော်ယုံကြည်အားကိုးလာတယ်။ သူတို့တွေ အခုလို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလို့ ကျေးဇူးတင်ပါတယ်။

**ဦးမောင်ပု**
**(သာယာကုန်းရပ်ကွက် ရပ်မိရပ်ဖ)**

ကျွန်တော့်အသက်က ၆၂ နှစ်ထဲရောက်ပါပြီ။ ဒီရပ်ကွက်ရဲ့ သမိုင်းက ကောင်းပါတယ်။ ကျွန်တော် ငယ်ငယ်ကတည်းက ဒီအချိန်အထိ ဒီရပ်ကွက်မှာ ဒီလိုဖြစ်တယ်ဆိုတာ မကြားခဲ့ဖူးပါဘူး။ ဒီမှာက ဆိုးတဲ့ကလေးတွေ မရှိသလောက်ပါပဲ။ ဒီမှာက ရိုးရိုးသားသားနေထိုင်လုပ်ကိုင်စားသောက်ကြသူတွေပါ။ ကျွန်တော်တို့ ကြီးတဲ့သူတွေက ဒီရပ်ကွက်ကြီးမှာ မိသားစုစိတ်ဓာတ်နဲ့ ထိန်းထိန်းသိမ်းသိမ်းဖြစ်အောင် စောင့်ရှောက်ပါတယ်။ ကလေးတွေက အပေါင်းအသင်းမှားလို့ဖြစ်သွားတာပါ။

ဒီကလေးတွေက ဒီရပ်ကွက်မှာနေထိုင်ကြတဲ့ ဒေသခံတွေပါပဲ။ ရပ်ကွက်ထဲမှာ ဟော့ဟော့ရမ်းရမ်းတော့မရှိပါဘူး။ ကလေးတွေရဲ့ အဖေတွေ၊ အမေတွေကလည်း ရိုးရိုးသားသား ရပ်ကွက်ထဲမှာ နေထိုင်ပြီး လုပ်ကိုင်စားသောက်ကြတဲ့သူတွေပဲ။ အခုလို မဖြစ်စေချင်ဘူး။ ရပ်ကွက်ထဲက အသက်ကြီးသူတွေက မိသားစုစိတ်ဓာတ်နဲ့ ကလေးတွေကို အမြဲတမ်း ဆုံးမတယ်။ ထိန်းသိမ်းစောင့်ရှောက်တယ်။ ထိန်းနေရင်းကနေ ဘယ်လိုကနေဘယ်လိုဖြစ်သွားတယ်ဆိုတာ မပြောတတ်တော့ဘူး။ အခုလိုဖြစ်သွားတော့ နှစ်ဖက်လုံး ဆုံးရှုံးမှုတွေဖြစ်သွားတယ်။ ဒါတွေကို ကလေးတွေ သင်ခန်းစာယူတတ်စေချင်တယ်။ ကျွန်တော်တို့ငယ်စဉ်က မျှစ်ထမ်းစားရတဲ့ဘဝတုန်းက ကိုယ့်အလုပ်ကိုယ်လုပ်နေရတော့ လည်ချိန်ပတ်ချိန်တောင်မရှိပါဘူး။ အလုပ်မရှိတော့ ကလေးတွေက ဆိုင်ကယ်နဲ့


ဦးမောင်ပု

ဟိုသွား၊ ဒီသွား လျှောက်လည်ကြရင်း အပေါင်းအသင်းတွေမှားပြီး အခုလို ဖြစ်ကုန်တာပါပဲ။

**ဒုရဲအုပ်ထိုက်လွင်ကျော်**
**(ဒက္ခိဏသီရိမြို့နယ်**
**နယ်ထိန်းခေါင်းဆောင်)**

ခရိုင်ရဲတပ်ဖွဲ့မှူးက ကြီးကြပ်ကွပ်ကဲပြီး အမြန်ဆုံးဖော်ထုတ်နိုင်ရေး ဆောင်ရွက်တဲ့အပေါ်မှာ လိုအပ်တဲ့ သတင်းတွေရဖို့ နေ့၊ ည နေရာစုံက ကယ်ရီဂိတ်တွေ၊ အလုပ်သမားနေရာတွေကို စုံစမ်းတယ်။ အခင်းဖြစ်တဲ့ည မနက် ၄ နာရီကျော်လောက်မှာ ကောင်လေးတစ်ယောက် ပုဆိုးတိုတိုဝတ်ပြီး ဖိနပ်ကိုင်ထွက်ပြေးလာတာကို ရွှေကြာပင်မီးပွိုင့်နားမှာ တွေ့လိုက်တယ်ဆိုတဲ့ သတင်းရတယ်။ ထွက်ပြေးတဲ့ ကောင်လေးရဲ့ ပုံသဏ္ဌာန်ကလည်း ထော့နဲ့ထော့နဲ့ ဆိုတာကိုပါ သိလိုက်ရတယ်။ တရားလို ကောင်မလေးပြောတဲ့အထဲမှာလည်း ထော့နဲ့ထော့နဲ့ အသက်(၂၀) ဝန်းကျင်လောက်ရှိတဲ့ တစ်ယောက်ပါတယ်လို့ပြောတယ်။ အဲဒီ ထော့နဲ့ထော့နဲ့ လှမ်းလျှောက်တဲ့သူတွေကို လိုက်ရင်းနဲ့ ရွှေကြာပင်ရပ်ကွက်ထဲမှာ သုံးယောက်ရှိတယ်ဆိုတာ သွားတွေ့တယ်။ အဲဒီသုံးယောက်ထဲမှာမှ အသက် ၂၀ ဝန်းကျင်လောက်ရှိတဲ့သူက တစ်ယောက်ပဲရှိတယ်။ အဲဒီသတင်းကို ခိုင်လုံအောင် တပ်ကြပ်ကြီးဝင်းလှိုင်နဲ့ တပ်ကြပ်ကြီးဝင်းမြိုင်တို့ အဖွဲ့နှစ်ဖွဲ့က ဆက်လက်စုံစမ်းအတည်ပြုကြတယ်။ ဒီကောင်လေးတွေက အပေါင်းအသင်း လေးယောက်ရှိတယ်။ အကုန်လုံးက လူငယ်လေးတွေဖြစ်တယ်ဆိုတာ ထပ်သိရတယ်။ ထော့ကျိုးကောင်လေးက အရက်ဆိုင်မှာ အရက်လာသောက်သွားတယ်ဆိုတဲ့သတင်းရတယ်။ ဆံပင်ကိုဘေးက အပြောင်ထိုးထားတယ်ဆိုတာလည်း သိရတယ်။ တရားလို ကောင်မလေးပြောတဲ့ ပုံသဏ္ဌာန်နဲ့လည်း တူနေတယ်။ သတင်းတွေ ခိုင်လုံပြီဆိုမှ ပြစ်မှုကျူးလွန်ခဲ့တဲ့ ထော့ကျိုးကောင်လေးကို သွားရောက်တွေ့ဆုံမေးမြန်းတဲ့အခါမှာ မှုမမှန်တဲ့အချက်ကို တွေ့ရတာနဲ့ ထော့ကျိုး(ခ) အောင်တင်မျိုး(ခ) အောင်ပိုင်ကို စတင်ဖမ်းဆီးလိုက်တယ်။ ပြီးတော့ ကွင်းဆက်ပြစ်မှုကျူးလွန်သူတွေဖြစ်တဲ့ ကျော်မောင်၊ ဇော်လေး၊ ကျားပေါက်ဆိုတာ သိရတယ်။

ပြစ်မှုကျူးလွန်သူတွေ ဖမ်းဆီးတဲ့အခါမှာက အဓိကသတင်းရရှိမှုအပိုင်းပါပဲ။ ပြည်သူတွေ ပူးပေါင်းပါဝင်ပြီး တိကျတဲ့သတင်းတွေရရှိရင်တော့ အချိန်နဲ့တစ်ပြေးညီ ဖမ်းဆီးထိန်းချုပ်ဖို့ လွယ်ပါတယ်။ ဒီမှာရှိတဲ့ တပ်ဖွဲ့ဝင်အားလုံးက အချိန်မရွေး နေ့၊ ည အားထုတ်ဆောင်ရွက်ခဲ့သလို ပြည်သူလူထုကလည်း ပူးပေါင်းပါဝင်တဲ့အတွက် အခုလို ဖော်ထုတ်နိုင်ခဲ့တာပါ။


ပြစ်မှုကျူးလွန်သူ လေးဦးကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။


ဇော်လေး(ခ) ဇော်မျိုးသူ


မျိုးဇော်ဝင်း(ခ)ကိုမျိုး

# နေပြည်တော်၌ လူသတ်မှုနှင့် အဓမ္မပြုကျင့်မှုကျူးလွန်သူ လေးဦးအနက် ထွက်ပြေးတိမ်းရှောင်နေသူနှစ်ဦး လာရောက်အပ်နှံ

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော်၌ စက်တင်ဘာ ၂၉ ရက် ညသန်းခေါင်ကျော်အချိန်တွင် လူလေးဦးက ခင်ပွန်းဖြစ်သူကိုသတ်၍ ဇနီးသည်အား အဓမ္မပြုကျင့်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်မှ လူသတ်မှုနှင့် အဓမ္မပြုကျင့်မှု ကျူးလွန်ခဲ့သူနှစ်ဦးကို အောက်တိုဘာ ၆ ရက် ညနေပိုင်းက ဖမ်းဆီးရမိခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသူ ကျန်နှစ်ဦးကို အောက်တိုဘာ ၇ ရက် ညပိုင်းနှင့် အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတို့တွင် သက်ဆိုင်သူများက လာရောက်အပ်နှံခဲ့သည်။

ဖြစ်စဉ်တွင်ပါဝင်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ ပြစ်မှုကျူးလွန်သူနှစ်ဦးအနက် ကောင်လေး(ခ)မျိုးဇော်ဝင်း(ခ)ကိုမျိုး (၁၆)နှစ်အား အောက်တိုဘာ ၇ ရက် ည ၈ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ ဇော်လေး(ခ) ဇော်မျိုးသူ(၂၀) နှစ်အား အောက်တိုဘာ ၈ ရက် နံနက် ၈ နာရီတွင်လည်းကောင်း သက်ဆိုင်သူများက ဇမ္ဗူသီရိမြို့မရဲစခန်းနှင့် ဆက်သွယ်ပြီး အပ်နှံခဲ့ကြသည်။

အဆိုပါပြစ်မှုဖြစ်ပွားရခြင်းတွင် ပြစ်မှုကျူးလွန်သူများသည် အရက်သေစာသောက်စားမူးယစ်ပြီးနောက် ပြစ်မှုကျူးလွန်ခံရသည့် ဇနီးမောင်နှံကို အချိန်မတော်တွေ့ခဲ့ရာမှ မှုခင်းဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ နေပြည်တော်၌ လူသတ်မှုနှင့် အဓမ္မပြုကျင့်မှု ကျူးလွန်သူလေးဦးစလုံးကို အမြန်ဆုံးဖမ်းဆီးရမိခဲ့ခြင်းမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ပြည်သူနှင့်ပူးပေါင်းပြီး ဖော်ထုတ်နိုင်ခဲ့မှုကြောင့်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မူဆယ်၌ လောင်းကစားမှုများ ဖမ်းဆီးရမိ

**မူဆယ် အောက်တိုဘာ ၈**

မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းသည် မြို့ပေါ်နှင့် အနီးကျေးရွာများ၌ လောင်းကစားမှုလုံးဝပပျောက်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များအား ကြီးကြပ်လမ်းညွှန်၍ နေ့စဉ် ရှင်းလင်းဆောင်ရွက်နေကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အောက်တိုဘာ ၈ ရက်အထိ ငါးမန်းဖမ်းစက် ၁၂လုံး၊ ဂုံဂင်း တစ်လုံး၊ ရှမ်းကိုးမီး တစ်ခုံ အသုံးပြုငွေကျပ် ၈၀၄၇၅၀၀၊ တရုတ်ယွမ် ၅၀၄၀၊ ဒိုင်နှင့်ထိုးသား ၁၄ ဦးတို့ကို ဖမ်းဆီးနိုင်ခဲ့ပြီး မူဆယ်မြို့မရဲစခန်း၌ လောင်းကစားဥပဒေပုဒ်မ ၁၃(က)/၁၄(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**(ဝ၁၁၂)**

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ် လူသစ်**
**ဘဝသစ်**



အေးပြည့်
ရေးသားသည်။

# သက်ရှိအရုပ်လေး ဖြစ်လာတဲ့ ပါ့ခ်ဘိုရောင်း

တောင်ကိုရီးယားမင်းသမီးချောတစ်ဦးဖြစ်တဲ့ ပါ့ခ်ဘိုရောင်းဟာ "CeCi Compus" မဂ္ဂဇင်းအတွက် ဓာတ်ပုံရိုက်ကူးခဲ့ရာမှာ သက်ရှိလူသားအရုပ်လေးတစ်ရုပ်သဖွယ် ပြင်ဆင်ရိုက်ကူးခဲ့ပါတယ်။

ဘိုရောင်းဟာ အဆိုပါမဂ္ဂဇင်းမျက်နှာဖုံးဓာတ်ပုံရိုက်ကူးရာမှာ ဆောင်းရာသီနဲ့ လိုက်ဖက်ညီတဲ့ လိမ္မော်ရောင်နဲ့ မီးခိုးရောင်ပြေပြေလေးတွေနဲ့ ဖန်တီးချုပ်လုပ်ထားတဲ့ ဝတ်စုံတွေကိုပဲ ဝတ်ဆင်ရိုက်ကူးခဲ့တာမို့ ပန်းပွင့်လေးတစ်ပွင့်လိုလှပနူးညံ့နေပြီး အရုပ်လေးတစ်ရုပ်သဖွယ် ကျော့ရှင်းလှပနေကြောင်းလည်း မီဒီယာများက ရေးသားဖော်ပြခဲ့ကြပါတယ်။

လတ်တလောမှာတော့ ပါ့ခ်ဘိုရောင်းဟာ ရုပ်ရှင်သစ် "Collective Invention "မှာ ခေါင်းဆောင်မင်းသမီးအဖြစ် မင်းသားလီကွမ်စိုး၊ လီချန်ဟီးတို့နဲ့အတူ ပါဝင်ရိုက်ကူးလျက်ရှိပါတယ်။

အဆိုပါရုပ်ရှင်ကိုတော့ အောက်တိုဘာ ၂၂ ရက်ကစတင်ပြီး တောင်ကိုရီးယား နိုင်ငံမှာ ထုတ်လွှင့်သွားရန် စီစဉ်ထားကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။



# ချစ်သူရှိနေပြီလို့ထုတ်ဖော်ပြောကြားလာတဲ့ အိုင်ယူ

တောင်ကိုရီးယားနိုင်ငံ၏ ကျော်ကြားသောတေးသံရှင်များအနက် အသက်အငယ်ဆုံးသော တေးသံရှင်များတွင် တစ်ဦးအပါအဝင်ဖြစ်သည့် အိုင်ယူက သူ့တွင် ချစ်သူရှိနေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ကို အောကေပေ့ါပ်ဒေ့ါကွန်းက ဖော်ပြခဲ့သည်။

အိုင်ယူက သူသည် တေးဂီတပညာရှင်တစ်ဦးဖြစ်သည့် ချန်ကီဟာနှင့် ၂၀၁၅ခုနှစ်မေလကတည်းက ချစ်သူများဖြစ်ခဲ့ကြကြောင်း အောက်တိုဘာ ၇ ရက်တွင် ပရိသတ်များကို တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။

ရော့ခ်တေးဂီတတီးဝိုင်းတစ်ခုဖြစ်သည့် Kiha & The Faces ၏အဖွဲ့ဝင်တစ်ဦးဖြစ်သော ချန်ကီဟာသည် လတ်တလောတွင် အသက် (၃၃)နှစ်ရှိပြီဖြစ်ကာ သူတို့ချစ်သူနှစ်ဦးကြား အသက်အရွယ်အားဖြင့် ၁၁ နှစ်ခန့်ကွာခြားနေသောကြောင့် အဆိုပါဂီတစုံတွဲသည်လည်း တောင်ကိုရီးယားနိုင်ငံရှိ အသက်အရွယ်ကွာခြားသော အနုပညာရှင်စုံတွဲများတွင် ပါဝင်လာခဲ့သည်။

အိုင်ယူတို့ချစ်သူနှစ်ဦးသည် များပြားလှသော အနုပညာလှုပ်ရှားမှုအစီအစဉ်များကြောင့် တစ်ဦးနှင့်တစ်ဦးတွေ့ဆုံရန်ခက်ခဲသော်လည်း တွေ့ဆုံချိန်က ရိုက်ကူးထားသော နှစ်ယောက်တွဲဓာတ်ပုံများကို မိမိတို့၏အခန်းနံရံများတွင် ကိုယ်စီကပ်ထားလေ့ရှိပြီး သူတို့နှစ်ဦးသည် ဂီတနှင့်ပတ်သက်သည့် အကြောင်းအရာများကို ပြောဆိုဆွေးနွေးကြခြင်းဖြင့် ရင်းနှီးမှုပိုမိုရရှိခဲ့ကြောင်းလည်း အိုင်ယူကဖွင့်ဟခဲ့သည်။

# ၁၉၈၉ တေးစီးရီးနယ်လှည့်ဖျော်ဖြေပွဲအပြီး အနုပညာလုပ်ငန်းများကို ခေတ္တရပ်နားမည့် တေလာဆွစ်



ဂရမ်မီဆုများစွာကိုသိမ်းပိုက်ရရှိထားသော အမေရိကန်ပေ့ါပ်အဆိုတော် တေလာဆွစ်သည် လတ်တလောတွင်ပြုလုပ်နေသည့် '၁၉၈၉"တေးစီးရီးအတွက် နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်များအပြီးတွင် အနုပညာလုပ်ငန်းများကို ခေတ္တရပ်နားသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

တေလာဆွစ်က နိုင်ငံအတွင်းသာမက ကမ္ဘာတစ်ဝန်းတွင် ခုနစ်လကြာပြုလုပ်ခဲ့သော နယ်လှည့်ဖျော်ဖြေပွဲများအပြီး ဒီဇင်ဘာလမှစတင်ကာ ဖျော်ဖြေရေးလုပ်ငန်းများကို ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း မစ်ရာဒေ့ါကွန်းတွင် ဖော်ပြခဲ့သည်။

"Blank Space"တေးသီချင်းအဆိုတော် တေလာက "ကျွန်မခဏအနားယူသင့်တယ်လို့ထင်တယ်။ ကျွန်မရဲ့ပရိသတ်တွေလည်း ကျွန်မကို တောက်လျှောက်အားပေးနေခဲ့ရတာမို့ ခေတ္တအနားယူဖို့လိုအပ်နေပါပြီ။ အနားယူနေတဲ့အချိန်မှာ ကျွန်မသူငယ်ချင်းတွေနဲ့ လျှောက်လည်မယ်။ သီချင်းအသစ်တွေရေးဖြစ်မလားဆိုတာတော့မသေချာသေးပါဘူး"ဟု ပြောကြားခဲ့သည်။

ဒီဂျေပညာရှင် ကယ်လ်ဗင်ဟဲရစ်နှင့် ချစ်သူတွေ ဖြစ်ကြသော အသက်(၂၅)နှစ်အရွယ် ကမ္ဘာကျော်ပေ့ါပ်အဆိုတော် တေလာဆွစ်က သူ့အနေဖြင့် အောင်မြင်မှုကြောင့် ရရှိလာသော ဖိအားများကိုကျော်လွှားရန် မိခင်ဖြစ်သူ၏ အကြံဉာဏ်နှင့် အကူအညီကို ယူနေရဆဲဖြစ်သော်လည်း မိခင်အနေဖြင့် မိမိအပေါ်တွင်ထားရှိသော စိတ်ပူပန်မှုများ၏ လွှမ်းမိုးခြင်းကို မခံရအောင် အမြဲကြိုးစားနေထိုင်ခဲ့ရကြောင်း ဖွင့်ဟခဲ့သည်။ ဆက်လက်ပြီး သူကအောင်မြင်မှုကို ရေရှည်ထိန်းသိမ်းထားနိုင်မည့် အဓိကလိုအပ်ချက်များကို သူ့နေဖြင့် သိရှိနားလည်ထားခြင်းမရှိသော်လည်း သူ့တွင်ရှိနေသောအရည်အချင်းများကို အကောင်းဆုံးနှင့် အမှန်ကန်ဆုံးနည်းလမ်းဖြင့်သာ ထုတ်ဖော်ပြသသွားခြင်းဖြင့် ကျန်ရှိနေသည့် အနုပညာခရီးကို ရှေ့ဆက်သွားရန် ဆုံးဖြတ်ထားကြောင်းလည်း ဆိုခဲ့သည်။

## ရုပ်မြင်သံကြားအစီအစဉ်များ [၉ - ၁၀ -၂၀၁၅ (သောကြာနေ့)]

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၅ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၅၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၂၀ | မြန်မာပြည်တွင်ထုတ်လုပ်သည် |
| ၈း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၀ | စိုက်ပျိုးသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ |
| ၉း၂၀ | သူနှင့်သူ၏သီချင်းများ |
| ၄း၄၀ | ဇာတ်လမ်းတို |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၁၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၂၀ | လည်မယ် . . . စားမယ် ကမ္ဘာတစ်ခွင်ဝယ် |
| ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၀ | "ရွှာ"ဟာသဇာတ်လမ်းတွဲ အပိုင်း (၃၂) [ဒါရိုက်တာ မိုးဇော်ကို] |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂျောင်းဒိုဂွန်း (အပိုင်း-၃၆) - VOA အင်္ဂလိပ်စာသင်ခန်းစာ -သံစဉ်များနှင့်ကမ္ဘာ -ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |

### mitv

| | |
|---|---|
| 07:26 | History Of Mrauk U Pagoda |
| 07:42 | Jeyyanandi (A Day in the Life of a Nun) |
| 08:25 | Sitagu International Buddhist Academy (Part-2) |
| 08:44 | Chinlone & The Dreams of the players |
| 09:26 | The Caves |
| 09:42 | Pet Fish Biz |
| 09:55 | A Monk's Robe |
| 10:26 | Human-Elephant Conflict, "Avoid Collision" |
| 10:41 | SHWE SETTAW (Minbu) |
| 07:26 | "Myanmar's Beauty and Nature" Beach |
| 07:52 | Porcelain and Glass |
| 08:26 | Discovering Tribes: Pre Kayaw (Their Life and Customs) (Part-1) |
| 08:52 | My Life & My Art |

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်၊ အာဋာနာဋိယသုတ် |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၀၀ | Cartoon Series(Welcome To Sky Ville) |
| ၈း၄၀ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၉း၄၅ | အနုပညာမိုးကောင်းကင် |
| ၁၀း၁၀ | ခေတ်သစ်ပျိုမေ |
| ၁၁း၀၀ | Food &Decor |
| ၁၁း၃၅ | MRTV-4 Stage |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၆၈) |
| ၁၂း၃၀ | POND'S MEN Brand Ambassador Mario Maurer ၏ မြန်မာပြည်ခရီးစဉ် |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း"(အပိုင်း-၅၆) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၇၇) |
| ၃း၄၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၆း၁၀ | Health Fix |
| ၈း၂၀ | ရသစုံညွှန်းတမ်းများ |
| ၈း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း"(အပိုင်း-၁၁၀) |
| ၉း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၆၉) |
| ၉း၅၀ | အနုပညာမိုးကောင်းကင် |

**အားကစား**

# ယူရို ၂၀၁၆ ခြေစစ်ပွဲမှာ ဘယ်အသင်းတွေက အောင်ပွဲခံနိုင်မှာလဲ

မေ လှဲ့ သင်း



**အုပ်စု( င)**

ယူရို၂၀၁၆ ခြေစစ်ပွဲတွေမှာတော့ အုပ်စု(င)မှာ အင်္ဂလန်အသင်းက ခြေစစ်ပွဲအောင်ပြီးဖြစ်တဲ့အတွက် ဆွစ်ဇာလန်၊ ဆလိုဗေးနီးယားနဲ့ အက်စတိုးနီးယားတို့က တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ ဆက်လက်အားထုတ်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဆွစ်ဇာလန်က ရမှတ် (၁၅)မှတ် ရရှိထားပြီး နောက်ကစားမယ့်လက်ကျန်နှစ်ပွဲမှာ လေးမှတ် ရရုံနဲ့ ခြေစစ်ပွဲအောင်မှာဖြစ်တဲ့အတွက် ဒုတိယနေရာကို တော့ ဆလိုဗေးနီးယားနဲ့ အက်စတိုးနီးယားတို့က လုရဖို့ရှိနေပါတယ်။ ဒါပေမယ့်လည်း ဆလိုဗေးနီးယားက ဆွစ်ဇာလန်ကို ထိပ်တိုက်တွေ့ဆုံမှုမှာ အသာရထားတဲ့အတွက် လက်ကျန်ပွဲစဉ်နှစ်ပွဲလုံးမှာ အနိုင်ကစားနိုင်ပြီး ဆွစ်ဇာလန်သာ ခြေချော်လက်ချော်ဖြစ်ခဲ့ရင် ဆလိုဗေးနီးယားတို့ တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့မျှော်လင့်ချက်ရှိပါတယ်။

**အုပ်စု(စ)**

အုပ်စု(စ)မှာ တိုက်ရိုက်ခြေစစ်ပွဲအောင်ပြီးတဲ့အသင်း ပေါ်ထွက်မလာသေးပေမယ့် မြောက်အိုင်ယာလန်၊ ရိုမေးနီးယားနဲ့ ဟန်ဂေရီတို့က တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ အပြိုင်အဆိုင်ဖြစ်နေတဲ့အနေအထားပါ။ ဒီအုပ်စုမှာ အံ့သြစရာကောင်းတာက အရင် ၂၀၀၄ ဥရောပချန်ပီယံဂရိအသင်းက ဇယားအောက်ဆုံးမှာ ရှိနေပြီး ၁၀ စုနှစ်တစ်ခုအတွင်း အကျဘက်ကို လုံးဝကျရောက်သွားတဲ့ အနေအထားကို မြင်တွေ့ခဲ့ရပါတယ်။ မြောက်အိုင်ယာလန်ကတော့ ဂရိ၊ ဖင်လန်တို့နဲ့ ကစားမယ့် လက်ကျန်နှစ်ပွဲမှာ ရမှတ်နှစ်မှတ်ရရုံနဲ့ တိုက်ရိုက်ခြေစစ်ပွဲအောင်မှာဖြစ်တဲ့အတွက် ဒုတိယနေရာကိုတော့ ရိုမေးနီးယားအသင်းကသာ အရယူနိုင်ဖို့ အားထုတ်ရမယ့် အလားအလာပါ။

**အုပ်စု(ဆ)**

အုပ်စု(ဆ)မှာတော့ ဩစတြီးယားအသင်းက ခြေစစ်ပွဲအောင်ပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒုတိယနေရာနဲ့တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ကို ရုရှား၊ ဆွီဒင်နဲ့ မွန်တီနီဂရိုးတို့က အပြိုင်အဆိုင်ကြိုးပမ်းရမှာ ဖြစ်ပြီး ရုရှားက မော်ဒိုဗာကိုအနိုင်ကစားနိုင်ပြီး ဆွီဒင်နဲ့ မွန်တီနီဂရိုးတို့သာ အောက်တိုဘာ ၉ ရက်မှာ ကစားမယ့် ပွဲစဉ်တွေမှာ ရမှတ်ဆုံးရှုံးမှုရှိခဲ့မယ်ဆိုရင် ရုရှားက နောက်ဆုံးပွဲမှာရှုံးရှုံးနိုင်နိုင် တိုက်ရိုက်ခြေစစ်ပွဲအောင်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ဆွီဒင်ရော မွန်တီနီဂရိုးပါ လက်ကျန်နှစ်ပွဲစလုံးမှာ သရေကျလို့မရဘဲ အနိုင်ကစားနိုင်မှသာ ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်ဆက်လက်ရှင်သန်ခိုင်မာနေမှာပါ။

**အုပ်စု(ဇ)**

ဒီအုပ်စုကတော့ အုပ်စုကျပ်တစ်ခုလို့ သတ်မှတ်နိုင်ပြီး နာမည်ကြီးအီတလီ၊ နော်ဝေ၊ ခရိုအေးရှားတို့က တစ်သင်းနဲ့တစ်သင်း အမှတ်ကွာဟမှုလည်း ကျဉ်းမြောင်းသလို ထိပ်တိုက်တွေ့ဆုံမှုကလည်း တစ်သင်းနဲ့တစ်သင်း ကြီးကြီးမားမား အသာရထားတာ မရှိတဲ့အတွက် ဘယ်အသင်းက ခြေစစ်ပွဲအောင်မှာလဲဆိုတာ အခုထိတိတိကျကျပြောဖို့ ခက်နေတဲ့အနေအထားပါ။

ဒါပေမယ့်လည်း အီတလီကတော့ သမ္မာရှိသလို အောက်တိုဘာ ၁၀ ရက် အဝေးကွင်းမှာကစားရမယ့် အသင်းကလည်း ကိုယ့်ထက်အစစအရာရာ အားနည်းတဲ့ အဇာဘိုင်ဂျန်လိုအသင်းမျိုးဖြစ်နေတာက အီတလီသာ အုပ်စုဗိုလ်နေရာနဲ့ ခြေစစ်ပွဲအောင်ဖို့ ပိုပြီးအလားအလာ များနေပါတယ်။ နော်ဝေကတော့ အီတလီထက်လည်း ရမှတ်နှစ်မှတ်နည်းသလို အုပ်စုနောက်ဆုံးပွဲစဉ်ကလည်း အီတလီနဲ့ ကစားရမှာဖြစ်တဲ့အတွက် အုပ်စု ဒုတိယနေရာနဲ့ ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ရမှာပါ။

ခရိုအေးရှားကတော့ လက်ကျန်နှစ်ပွဲလုံးကိုအနိုင်ကစားနိုင်ရင် တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ အခြေအနေရှိနေပေမယ့် အီတလီနဲ့ နော်ဝေကိုကျော်ပြီး တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ဆိုတာ အခုအချိန်မှာ အလားအလာနည်းနေပြီဖြစ်ပါတယ်။ ဒါ့အပြင် အောက်တိုဘာ ၁၀ ရက်မှာ ရင်ဆိုင်ကစားမယ့် ဘူလ်ဂေးရီးယားကလည်း တတိယနေရာနဲ့ ထပ်ဆင့်ခြေစစ်ပွဲကစားဖို့ မျှော်လင့်ချက်ရှိနေသေးတဲ့ အသင်းဖြစ်တဲ့အတွက် ခရိုအေးရှားအနေနဲ့ လက်ကျန်နှစ်ပွဲလုံးမှာ ခြေကုန်ထုတ်ရတော့မယ့် အနေအထားပါ။

**အုပ်စု(ဈ)**

ဒီအုပ်စုမှာတော့ ပေါ်တူဂီ၊ ဒိန်းမတ်နဲ့ အယ်လ်ဘေးနီးယားတို့တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ အခုထိမျှော်မှန်းနိုင်ဆဲဖြစ်ပြီး ဒီအောက်တိုဘာ ၈ ရက်မှာ ကစားမယ့်ပေါ်တူဂီနဲ့ ဒိန်းမတ်တို့ပွဲမှာသာ ပေါ်တူဂီအနေနဲ့ အနိုင်ရခဲ့ရင် နောက်ထပ်ခြေစစ်ပွဲအောင်မယ့် အသင်းတစ်သင်းကို ထပ်မံမြင်တွေ့ရမယ့်အလားအလာရှိနေပါတယ်။ ဒါပေမယ့် အဲဒီပွဲမှာပေါ်တူဂီကရှုံးနိမ့်ပြီး အယ်လ်ဘေးနီးယားကလည်း ဆားဘီးယားကိုအနိုင်ရခဲ့ရင် အခြေအနေကတစ်မျိုးတစ်ဖုံပြောင်းလဲနိုင်ပါသေးတယ်။ ဒါကြောင့် ပေါ်တူဂီ၊ ဒိန်းမတ်နဲ့ အယ်လ်ဘေးနီးယားတို့က လက်ကျန်ပွဲစဉ်တွေမှာ ဘယ်လိုမှ အမှားမခံနိုင်တဲ့အနေအထားပါ။ တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ကိုတော့ ပေါ်တူဂီနဲ့ ဒိန်းမတ်တို့သာ ဖြစ်နိုင်မယ်လို့ ထင်မိပါတယ်။

**လက်ကျန်ကစားမည့် ပွဲစဉ်များ**

| | | |
|---|---|---|
| **အောက်တိုဘာ ၉ ရက်** | | |
| အင်္ဂလန် | - | အက်စတိုးနီးယား |
| ဆလိုဗေးနီးယား | - | လစ်သူယေးနီးယား |
| ဆွစ်ဇာလန် | - | ဆမ်မာရီနို |
| လက်ချင်စတိန်း | - | ဆွီဒင် |
| မော်ဒိုဗာ | - | ရုရှား |
| မွန်တီနီဂရိုး | - | ဩစတြီးယား |
| **အောက်တိုဘာ ၁၀ ရက်** | | |
| အဇာဘိုင်ဂျန် | - | အီတလီ |
| နော်ဝေ | - | မော်လ်တာ |
| ခရိုအေးရှား | - | ဘူလ်ဂေးရီးယား |
| **အောက်တိုဘာ ၁၁ ရက်** | | |
| ဖာရိုးကျွန်းစုများ | - | ရိုမေးနီးယား |
| ဖင်လန် | - | မြောက်အိုင်ယာလန် |
| ဂရိ | - | ဟန်ဂေရီ |
| အာမေးနီးယား | - | အယ်လ်ဘေးနီးယား |
| ဆားဘီးယား | - | ပေါ်တူဂီ |
| **အောက်တိုဘာ ၁၂ ရက်** | | |
| အက်စတိုးနီးယား | - | ဆွစ်ဇာလန် |
| လစ်သူယေးနီးယား | - | အင်္ဂလန် |
| ဆမ်မာရီနို | - | ဆလိုဗေးနီးယား |
| ဩစတြီးယား | - | လက်ချင်စတိန်း |
| ရုရှား | - | မွန်တီနီဂရိုး |
| ဆွီဒင် | - | မော်ဒိုဗာ |
| **အောက်တိုဘာ ၁၃ ရက်** | | |
| ဘူလ်ဂေးရီးယား | - | အဇာဘိုင်ဂျန် |
| အီတလီ | - | နော်ဝေ |
| မော်လ်တာ | - | ခရိုအေးရှား |

## မော်ရင်ဟိုမှာ ချယ်လ်ဆီးအတွက် အကောင်းဆုံးနည်းပြဟု ဖာဘရီဂတ်ဆို





ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုသည် ချယ်လ်ဆီးအသင်း၏ သမိုင်းတစ်လျှောက်တွင် အကောင်းဆုံးနည်းပြတစ်ဦးဖြစ်ကြောင်းနှင့် မော်ရင်ဟိုကဲ့သို့သော နည်းပြရှိလိမ့်မည်မဟုတ်ဟု ယုံကြည်ထားကြောင်း ချယ်လ်ဆီးအသင်းကွင်းလယ်ကစားသမား ဖာဘရီဂတ်က ၎င်း၏ ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။

ပရီမီယာလိဂ် လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ် ပွဲစဉ်(၈)ကစားပြီးခဲ့သည့်နောက် အမှတ်ပေးဇယား၏ အဆင့်(၁၆)နေရာတွင် ရပ်တည်လျက်ရှိနေပြီး ပြီးခဲ့သည့် စနေနေ့က ဆန်းဒါးလန်းအသင်းအား ချယ်လ်ဆီးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုသည် ဖိအားများ ထပ်မံတိုးပွားလာခဲ့ရသည်။

သို့ရာတွင် ပေါ်တူဂီနိုင်ငံသား နည်းပြမော်ရင်ဟိုသည် လက်ရှိအမှတ်ပေးဇယား ရပ်တည်မှုတွင် တန်းဆင်းဇုန်အနားတွင် တဝဲလည်လည် ဖြစ်နေသော်လည်း ချယ်လ်ဆီးအသင်း၏ ကံကြမ္မာကို ပြောင်းလဲပေးနိုင်မည့် နည်းပြတစ်ဦးဖြစ်ကြောင်း ကွင်းလယ်ကစားသမား ဖာဘရီဂတ်က ဆိုသည်။ ဖာဘရီဂတ်သည် ၂၀၁၄ ခုနှစ်တွင် ချယ်လ်ဆီး နည်းပြမော်ရင်ဟိုက ဘာစီလိုနာအသင်းမှ စတမ်းဖို့ဘရစ်ချ်အရောက် ခေါ်ယူခဲ့သူဖြစ်သည်။

"မော်ရင်ဟိုဟာ ချယ်လ်ဆီးအသင်းရဲ့ သမိုင်းမှာတော့ အကောင်းဆုံးနည်းပြတစ်ဦးလို့ ပြောရမှာပါ။ သူဟာ ကစားသမားတွေကိုလည်း ယုံကြည်မှုတွေရှိလာအောင် ပေးစွမ်းနိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ မော်ရင်ဟိုကို လေးစားပါတယ်။ ချယ်လ်ဆီးအသင်း အခုရာသီရလဒ်မကောင်းပေမယ့် ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် လုပ်နိုင်ပါတယ်။ ဘာလို့လဲဆိုရင် ကျွန်တော်တို့မှာ အကောင်းဆုံးနည်းပြတစ်ဦး ရှိထားလို့ပါပဲ။ လွန်ခဲ့တဲ့ငါးလက ချယ်လ်ဆီးအသင်း ပရီမီယာလိဂ်ဖလား ရရှိထားတယ်ဆိုတာ လူတွေက မေ့နေကြတယ်ထင်တယ်။ အခုရလဒ်မကောင်းတာတွေနဲ့ ပတ်သက်ပြီး အသင်းကို အမြန်ဆုံးအပြောင်းအလဲလုပ်သွားမှာပါ"ဟု ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖာဘရီဂတ်က ပြောကြားခဲ့သည်။

ထို့ပြင် ချယ်လ်ဆီးအသင်းနည်းပြဟောင်းဖြစ်သူ အန်ဆယ်လော့တီကလည်း ချယ်လ်ဆီးအသင်းအနေဖြင့် ရလဒ်မကောင်းသော်လည်း နည်းပြမော်ရင်ဟိုကို အသင်းမှ ထုတ်ပယ်လိမ့်မည်မဟုတ်ဘဲ ဆက်လက်တာဝန်ယူစေလိမ့်မည်ဖြစ်ကြောင်း ၎င်း၏ ယုံကြည်ချက်ကို ဖွင့်ဟထားသည်။

[ငွေကြယ်]

## ဂျာဂန်ကလော့အား လီဗာပူးအသင်းနည်းပြအဖြစ် ခန့်အပ်မည်

ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် ၎င်းတို့၏ နည်းပြသစ်အဖြစ် ဒေါ့မွန်အသင်းနည်းပြဟောင်း ဂျာဂန်ကလော့အား ခန့်အပ်သွားမည်ဖြစ်ကြောင်းသိရသည်။

အသက်(၄၈)နှစ်အရွယ် နည်းပြဂျာဂန်ကလော့သည်လည်း လီဗာပူးအသင်းနှင့် သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်မချုပ်ဆိုမီ လီဗာပူးအသင်းနှင့် နောက်ထပ်ဆွေးနွေးမှုများ ပြုလုပ်ရန် လီဗာပူးအသင်းသို့ ရောက်ရှိလာမည်ဖြစ်ကြောင်းလည်း သိရသည်။

ဒေါ့မွန်အသင်းကမူ ၎င်းတို့၏ လစ်လပ်နေသော နည်းပြရာထူးတစ်နေရာအတွက် လီဗာပူးအသင်းက ထုတ်ပယ်လိုက်သော နည်းပြဘရန်ဒန်ရော့ဂျာအား အစားထိုးခေါ်ယူသွားမည်ဖြစ်ပြီး ဘရန်ဒန်ရော့ဂျာသည် အဲဗာတန် အသင်းနှင့် ကစားခဲ့သည့် လန်ဒန်ဒါဘီပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေရလဒ်သာ ထွက်ပေါ်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက နည်းပြအဖြစ်မှ ထုတ်ပယ်ခြင်းခံခဲ့ရသည်။

ဂျာဂန်ကလော့အနေဖြင့် လီဗာပူးအသင်းနည်းပြအဖြစ် တာဝန်ယူခွင့်ရပါက ၎င်း၏ လက်ထောက်နည်းပြများဖြစ်ကြသည့် ဘူးဗက်နှင့် ခရာဝစ်ဇ်တို့နှစ်ဦးအား လီဗာပူးအသင်းသို့ ခေါ်ယူသွားမည်ဟုဆိုသည်။ ဘူးဗက်နှင့် ခရာဝစ်ဇ်တို့မှာ ဂျာဂန်ကလော့ ဒေါ့မွန်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့စဉ်က ဂျာဂန်ကလော့၏ အဓိကအားထားရသည့် လက်ထောက်နည်းပြများဖြစ်သည်။

[ငွေကြယ်]



# ကျွန်းစုမြို့ ဆိပ်ကမ်းတံတား အကြီးစား ပြင်ဆင်မှုလုပ်ငန်းများစတင်



**ကျွန်းစု အောက်တိုဘာ ၈**

ကျွန်းစုမြို့နယ်တွင် ယခုအခါ မြို့ဆိပ်ခံတံတားအား အကြီးစားပြင်ဆင်မှုအတွက် နိုင်ငံတော်အစိုးရမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်သိန်း ၂၀၀၀ ချထားပေးရာ အဆိုပါလုပ်ငန်းကို နောင်ရိုးမြန်မာ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ယူ၍ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြို့ဆိပ်ခံတံတားအား အမြန်ရေယာဉ်များ နေ့စဉ်တစ်နေ့နှစ်ကြိမ် အသွားအပြန်လေးခေါက်ဖြင့် တစ်နေ့ပျမ်းမျှလူဦးရေ ၄၀၀ ခန့် နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိသည်။

ယင်းသို့ ဖြတ်သန်းသွားလာမှုမှာ နှစ်ပေါင်းများစွာကြာမြင့်လာသည်နှင့်အမျှ အကြီးစားပြင်ဆင်မှုလိုအပ်လာသည့်အတွက် နိုင်ငံတော်အစိုးရမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အကြီးစားပြင်ဆင်မှုအတွက် ရန်ပုံငွေကျပ်သိန်း ၂၀၀၀ ချထားပေးခဲ့သည်။

ယင်းသို့ အကြီးစားပြင်ဆင်မှုအတွက် တံတားပြင်ဆင်ချိန်တွင် အများပြည်သူသွားလာရေးအဆင်ပြေစေရန် ယခင်သစ်သားတံတားအဟောင်းအား ယင်းကုမ္ပဏီမှ ပြင်ဆင်ပေးခဲ့ပြီး အများပြည်သူများသွားလာလျက်ရှိသည်။

ကျွန်းစုမြို့နယ်တွင် မြို့ပေါ်နေပြည်သူများနှင့် ကျွန်းပေါ်ကျေးရွာများတွင် နေထိုင်လျက်ရှိကြသော ပြည်သူများသည် ကတန်ကျွန်းပတ်လမ်းပိုင်းတချို့ ကောင်းမွန်လာသည်နှင့်အမျှ မြိတ်မြို့သို့ အမြန်ရေယာဉ်များဖြင့် နေ့စဉ်မြို့နယ်ဆိပ်ခံတံတားကိုသာ အသုံးပြု၍ သွားလာကြကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများကို အချိန်တိုအတွင်း သွားလာလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည်။

**ရန်နိုင်(ကျွန်းစု ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး ကျောင်းမုန့်ဈေးတန်းများ၌ ရောင်းသည့် မုန့်များကို စီမံချက်ရေးဆွဲပြီး လိုက်လံစစ်ဆေးမည်

**မန္တလေး အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီးအတွင်း စာသင်ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချနေသော မုန့်များကို စီမံချက်ရေးဆွဲ၍ လိုက်လံစစ်ဆေးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စိစစ်လျက်ရှိရာ လိုက်နာရန်ပျက်ကွက်သူများကို အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

အစားအသောက်ဆေးဝါးကွပ်ကဲရေးဌာနနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တို့ပူးပေါင်း၍ ၂၀၁၅ ခုနှစ် ဇွန် ၁၉ ရက်တွင် တရားမဝင်ဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများ၊ ခွင့်မပြုဆိုးဆေးပါအစားအသောက်များ၊ သုံးစွဲရန်မသင့်သော အလှကုန်များ စုစုပေါင်းကျပ် ၁၉၉၁၁၀၆၇၈၉ ဖိုးခန့် အေးရိပ်ငြိမ်သုသာန်တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၆ ရက် နံနက် ၈ နာရီက တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် ခရိုင်နှင့်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကျောင်းကျန်းမာရေးဆရာဝန်များ၊ ဆေးဝါးကုန်သည်အသင်းမှ ကိုယ်စားလှယ်များ၊ ဆီလုပ်ငန်းရှင်အသင်းမှ ကိုယ်စားလှယ်များ၊ မန္တလေးမြို့တော်စည်ပင်ကျန်းမာရေးဌာနခွဲမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကြီးကြပ်မှုကော်မတီကို ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်းဖြစ်သည်။

နိုင်ငံသားများ၏ နေ့စဉ်စားသုံးနေသော အစားအသောက်၊ သုံးစွဲနေသောဆေးဝါးများ၊ အလှကုန်ပစ္စည်းများသည် ကျန်းမာရေးနှင့် ညီညွတ်ရန်အရေးကြီးသည်။ ဈေးကွက်အတွင်း စိစစ်ထားရှိသော ဆိုးဆေးပါသောအစားအသောက်များ၊ သောက်သုံးရန်မသင့်သော ရေသန့်များ၊ ရောနှောဆီများ၊ သုံးစွဲရန်မသင့်သော အလှကုန်များကို နေ့စဉ်ထုတ်သတင်းစာများတွင် ထုတ်ပြန်ပေးထားပြီး ပြည်သူများမှ ရှောင်ရှား၍ ဈေးကွက်အတွင်း ဆက်လက်မရှိစေရန် အရေးကြီးသည်။

**သီဟကိုကို(မန္တလေး)**

# ခရိုင်ပြည်သူ့အားကစားကွင်းကြီး၌ အထူးတန်းပွဲကြည့်စင်ဆောက်လုပ်

**ကလေး အောက်တိုဘာ ၈**

ကလေးမြို့ ခရိုင်ပြည်သူ့အားကစားကွင်းကြီးအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကြံ့ခိုင်မှုမရှိတော့သော ပွဲကြည့်စင်အား ဖျက်သိမ်းပြီး အထူးတန်းပွဲကြည့်စင်သစ်ကြီးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေမှ ကျပ်သန်း ၁၄၀ အကုန်အကျခံ၍ ဘုန်းမြတ်ဖြိုးကုမ္ပဏီက ဇွန် ၂ ရက်က စတင်ဆောက်လုပ်လျက်ရှိသည်။

ခရိုင်ပြည်သူ့အားကစားကွင်း၏ အထူးတန်းပွဲကြည့်စင်ကြီးကို အလျားပေ ၁၄၀၊ အနံ ၂၄ ပေရှိ သံကူကွန်ကရစ်အဆောက်အအုံဖြင့် ခိုင်ခံ့စွာဆောက်လုပ်လျက်ရှိသည့်အပြင် အရှည်ပေ ၁၈၀၀ရှိ Innerfenceing ကာရံခြင်း၊ အလျား ၉၄ ပေ၊ အနံ ၅၄ ပေရှိ အောင်ဇေယျအားကစားခန်းမ၏ ကြမ်းပြင်ကိုလည်း နှစ်ထပ်လျှာထိုးကြမ်းခင်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ ကလေးမြို့ ပြည်သူ့အားကစားကွင်းကြီးသည် ခရိုင်အဆင့်အားကစားကွင်းကြီးဖြစ်သည်နှင့်အညီ ယခုကဲ့သို့ အထူးတန်းပွဲကြည့်စင်သစ် ဆောက်လုပ်ပေးခြင်းအားဖြင့် ပြီးစီးပါက ပွဲကြည့်ပြည်သူများသည် အားကစားပွဲများကို သက်သောင့်သက်သာဖြင့် ကြည့်ရှုခံစားနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**



## St.Philomena's Convent နှင့် အထက(၂)စမ်းချောင်း(၁၉၈၀)နှစ်ထိ ကျောင်းသူဟောင်းများ၏အာစရိယပူဇော်ပွဲ

အာစရိယပူဇော်ပွဲကို ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၂၆ရက်(စနေနေ့)တွင် MY GARDEN RESTAURANT ၌ ကျင်းပမည်ဖြစ်ပါသောကြောင့် ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ဆရာ၊ ဆရာမကြီးများအား လာရောက်ပူဇော်ကန်တော့ကြပါရန်နှင့် အလှူငွေများကို အောက်ပါကျောင်းသူဟောင်းများထံ ဆက်သွယ်လှူဒါန်းနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

Dr. ဖြူတီကြည်(၀၉-၇၃၁၁၁၂၉၄)၊ ဖြူဖြူတင်(၀၉- ၂၅၀၄၉၄၁၉၃)၊ Eileen မြင့်မြင့်သီ (၀၉- ၇၉၈၅၀၆၂၂၃)၊ ဥမ္မာထွန်းရွှေ(၀၉-၅၁၅၈၈၄၉)၊ မူမူဝေ(၀၉-၇၉၈၁၆၆၀၆၂)၊ တင်မမ(၀၉-၇၃၀၀၇၆၂၁)၊ ခင်မလေး(Cynthia) (၀၉-၅၀၅၁၉၆၅)၊ ချိုချို(၀၉-၃၃၃၃၅၆၀၅)၊ ချယ်ရီထွန်း(၀၉- ၅၁၂၂၉၈၀)၊ ခင်မြတ်သွယ်(၀၉-၄၂၀၀၀၃၀၄၇)၊ စီစီမာ(၀၉-၄၂၀၀၀၃၀၄၇)၊ နီနီလွင် (၀၉-၇၃၀၇၆၂၄၇)၊ ဝင်နီ(၀၉-၇၉၉၈၇၂၆၉၇)၊ တင့်တင့်အောင် (၀၉-၅၃၅၀၈၂၂)၊ အေးအေးပြုံး(၀၉-၂၀၁၅၅၅၅)၊ နွယ်နီရင်(၀၉-၃၀၂၂၄၃၈၈)၊ ကာကူး(တင်တင်မာ) (+၆၅-၈၃၈၉၈၈၄၄)၊ ဝင်းနီလာ(၀၉-၅၄၀၄၇၁၇)

**KBZ Bank Account N0- 0291220003494**

## ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အငြိမ်းစားဝန်ထမ်းများအသင်း

အသင်းဝင်အငြိမ်းစားဝန်ထမ်းများအား ဒုတိယအကြိမ် ဝါကျွတ် ဂါရဝပြုထောက်ပံ့ငွေ ချီးမြှင့်ခြင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အငြိမ်းစားဝန်ထမ်းများအသင်းသည် သီတင်းကျွတ်ကာလအတွင်း သက်ကြီးရွယ်စုံများအား ဂါရဝပြုထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်မည်ဖြစ်ပါသည်။

အသင်းဝင်များအနက်မှ ၂၈-၁၀-၂၀၁၅ရက်တွင် အသက် (၇၅)နှစ်နှင့်အထက်၊ အငြိမ်းစားဝန်ထမ်းများအား သီတင်းကျွတ်ကာလအတွင်း ဂါဝရပြုထောက်ပံ့ငွေများကို အလုပ်အမှုဆောင်အဖွဲ့ဝင်များကိုယ်တိုင် အိမ်အရောက် လာရောက်ပေးအပ်ချီးမြှင့်မည်ဖြစ်ပါသောကြောင့် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။ **ဆက်သွယ်ရန်-ဦးမြစိန်-၀၉ ၅၁၇၅၉၆၀၊**
**ဦးလှအုန်း- ၀၉- ၇၃၁၃၄၀၄၃**
**အလုပ်အမှုဆောင်အဖွဲ့၊ အငြိမ်းစားဝန်ထမ်းများအသင်း**

## ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း

ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်စီး၊ ဒလဘက်ကမ်းရောက်လျှင် ၃မိနစ်ဆို ငါကယ်စီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။
၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃
၉၀၀၀ ကျပ်
၁၃၀၀၀ ကျပ်

## သင်တန်းကျောင်းအုပ်ချုပ်ရေးမှူး လျှောက်လွှာခေါ်ယူခြင်း

ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း (A.G.T.I Society) သည် အင်းစိန်ရွာမရပ်ရှိ ယခင်ဂျီတီအိုင် ကျောင်းဝင်းအတွင်း၌ Vocational Training Centre ဖွင့်လှစ်ထားရှိပါသည်။

အဆိုပါသင်တန်းကျောင်း အုပ်ချုပ်ရေးမှူး(Administrator) ရာထူးအတွက် ဖော်ပြပါ အရည်အချင်းများနှင့်ကိုက်ညီသော အမျိုးသား၊ အမျိုးသမီးများ လျှောက်ထားနိုင်ပါသည်။

၁။ မြန်မာနိုင်ငံသားဖြစ်ရမည်။
၂။ အသက်(၄၀-နှစ်နှင့် ၅၅-နှစ်)ကြားဖြစ်ရမည်။
၃။ ပညာအရည်အချင်းA.G.T.I (သို့မဟုတ်) အခြားဘွဲ့ရရှိသူများလည်း လျှောက်ထားနိုင်ပါသည်။
၄။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁၀)နှစ်နှင့် အထက်၊ စီမံခန့်ခွဲမှုအတွေ့အကြုံရှိရမည်။

အခြားအရည်အချင်းများ
(က) အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်မှုရှိရမည်။
(ခ) ကွန်ပျူတာ၊ အင်တာနက်၊ အီးမေးလ် Ms office ကျွမ်းကျင်ရမည်။

မှတ်ချက် - CV များကို ဓာတ်ပုံ(၂)ပုံပူးတွဲ၍ အောက်ဖော်ပြပါ လိပ်စာသို့ ၂၀-၁၀-၂၀၁၅ ရက် ၄း၀၀နာရီ နောက်ဆုံးထား ပေးပို့ရမည်။

**ဆက်သွယ်ရန်လိပ်စာ** **G.T.I ကျောင်းသားဟောင်းများအသင်း၊ အမှတ်-၃၀၃၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (တတိယထပ်)၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၁၉၈၆၃၊ ၀၉- ၈၆၂၆၈၈၅**

## အများသိစေရန်ကြော်ငြာခြင်း

မြေရှင်များဖြစ်သော ဦးဇော်ဝင်းဟန်(ခ)ဦးတိုးလွင်[၁၂/စခန(နိုင်)၀၀၀၈၇၂]အပါအဝင် ဦးကြည်ဝင်း၊ ဦးတိုးဝင်း၊ ဦးစိုးလွင်၊ ဦးလေးလွင်တို့က မြေပိုင်ရှင် အမှတ် ၂၃/၂၅၊ ခတ္တာလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ မြေပိုင်မြေကွက်အကျယ် (၀. ၂၇၃) ဧကမြေပေါ်တွင် (၈)ထပ်တိုက်၊ အခန်း(၃၄)ခန်းပါ အဆောက်အအုံ (Condominium)ဆောက်လုပ်ရန် ငပလီဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ကန်ထရိုက်တာ (မန်နေဂျင်းဒါရိုက်တာ) ဦးမြင့်ဇော်[၁၂/ပဘတ(နိုင်)၀၁၈၃၃၃]နှင့် ၁၁-၁၁-၂၀၁၁ ရက်စွဲပါ သဘောတူ စာချုပ်ချုပ်ဆိုခဲ့ကြပြီး ဦးမြင့်ဇော်အား အဆောက်အအုံဆောက်လုပ်ခွင့်ရရန် မြေရှင်များက အထူးကိုယ်စားလှယ်လွှဲစာဖြင့် ဦးဇော်ဝင်းဟန်(ခ)ဦးတိုးလွင်အပါအဝင်တို့က ၂၁-၁၁-၂၀၁၁ရက်တွင် မှတ်ပုံတင်စာချုပ်စာတမ်းများရုံး၌ မှတ်ပုံတင်အမှတ် VI၂၁၁၈၀ဖြင့် လွှဲအပ်ခဲ့ပါသည်။

မြေရှင်တစ်ဦးဖြစ်သူ ဦးဇော်ဝင်းဟန်(ခ)ဦးတိုးလွင်အား ကန်ထရိုက်တာ ဦးမြင့်ဇော်မှ အသိပေးညှိနှိုင်းခြင်းမပြုဘဲ ကျန်မြေရှင်(၄)ဦးနှင့်သာ အဆောက်အအုံဆောက်လုပ်ခြင်းအပါအဝင် အခန်းကိစ္စများအား ညှိနှိုင်းသဘောတူညီမှုများပြုလုပ်နေသဖြင့် ကျွန်ုပ်ဦးဇော်ဝင်းဟန်(ခ)ဦးတိုးလွင်မှ ယုံကြည်မှုမရှိတော့သဖြင့် ဦးမြင့်ဇော်အား လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်းဟန်(ခ)ဦးတိုးလွင်[၁၂/စခန(နိုင်)၀၀၀၈၇၂]**
**ဖုန်း ၀၉-၄၅၀၀၀၉၉၉၀**

## PGD Co., Ltd

တွင်တာဝန်ထမ်းဆောင်ရန်
ယာဉ်မောင်း ၁ ဦး
Accountant ၁ ဦး
Admin ၂ ဦး
၀၉-၂၅၃၃၉၆၃၁၄၄၊
၀၁-၄၃၀၂၃၀

## မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ယခင်အခေါ် အကွက်နံပါတ်-၄၄၊ သဃ်န်းကျွန်း၊ အမှုနံပါတ်-၂၇၊ ကံဘဲ့အုပ်စု၊ အင်းစိန်စီရင်အုပ်စု၊ မြေဧက(၁. ၈၁၃)ဧကရှိ မခွဲမစိတ်ရသေးသော မြေပိုင်မြေထဲမှ ယခုအခေါ်ခြံ အမှတ်-၉၂၊ ဦးပိုင်အမှတ်-၄၄၊ (င/ခ)ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်ရှိ အလျား ၆၅ပေ×အနံ၅၅ပေ မြေကို ဦးကလိုင်တီမိုင်းနက်စ်(တီဂျီကေအင်န်-၀၁၄၉၅)ကိုင်ဆောင်သူသည် မိမိမှပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းလာသည်ကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးခင်မောင်(S/DGNMTT-029271)မှ သဘောရိုးဖြင့် ယုံကြည်သဖြင့် စရန်ငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းရောင်းချသည့်မြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက် နိုင်ကြောင်း၊ ထိုသို့လာရောက်ကန့်ကွက်ခြင်းမပြုပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးခင်မောင်**
**အမှတ်-၁၄၊ လမ်း-၁၃၀၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်စိမ့်စိမ့်မွေး**
**(LL.B) အထက်တန်းရှေ့နေ**
**Ph:09-73108529, 09-420170486**
**အမှတ်-၆၁၃၊ ဝေဇယန္တာ-၁၃လမ်း၊ (၆)ရပ်ကွက်၊ သာကေတ**

# ကမ်းနီးငါးလုပ်ငန်းရှင်များပရဟိတအဖွဲ့မှ ကမ်းခြေသာယာလှပရေးအတွက်လုပ်အားပေး



**ကော့သောင်း အောက်တိုဘာ ၈**

မြို့ရွာသန့်ရှင်းသာယာလှပရေးနှင့် ပင်လယ်ကမ်းစပ်ဒေသများ ညစ်ညမ်းမှုကင်းစင်ရေးရည်ရွယ်ကာ အောက်တိုဘာ ၆ ရက် မွန်းလွဲပိုင်းက ကော့သောင်းခရိုင် ကမ်းနီးငါးလုပ်ငန်းရှင်များပရဟိတအဖွဲ့မှ သီရိမြိုင်ရပ်ကွက် ပင်လယ်ကမ်းခြေတစ်လျှောက် သန့်ရှင်းရေးလုပ်ငန်းများအား စေတနာ့ဝန်ထမ်းလုပ်အားပေး ဆောင်ရွက်ကြကြောင်းသိရသည်။

ဆောင်ရွက်မှုတွင် ရေပတ်လည်ဝန်းရံလျက်ရှိသည့် ကော့သောင်းမြို့ ပင်လယ်ကမ်းခြေရပ်ကွက်တစ်ခုဖြစ်သည့် သီရိမြိုင်ရပ်ကွက် ပင်လယ်ကမ်းခြေတစ်လျှောက်တွင် လူတို့၏ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု၏ဆိုးကျိုးအဖြစ် ပင်လယ်ဒီရေတက်ချိန်တွင် မျောပါတင်ကျန်ရစ်သည့် အမှိုက်သရိုက်များ၊ ပလတ်စတစ်အိတ်နှင့် ဘူးခွံများစသည့် သဘာဝပတ်ဝန်းကျင်ပင်လယ်ပြင်နှင့် ရေနေသတ္တဝါများအား ထိခိုက်သေကျေပျက်စီးစေနိုင်သည့် ညစ်ညမ်းမှုများအား မြို့နေပြည်သူအကျိုးရည်ရွယ်ကာ သန့်ရှင်းရေးလုပ်ငန်းများ နေ့စဉ် မိမိတို့၏ ကိုယ်ပိုင်အလုပ်နားချိန်အတွင်း စုပေါင်းဆောင်ရွက်ပေးကြခြင်းဖြစ်ရာ ယနေ့ဆောင်ရွက်မှုသည် တတိယအကြိမ်မြောက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

## လောင်းလုံးမြို့မဈေးဟောင်းဖျက်၍အသစ်ပြန်တည်ဆောက်

**လောင်းလုံး အောက်တိုဘာ ၈**

ထားဝယ်ခရိုင် လောင်းလုံးမြို့ မြို့မဈေးဟောင်းအား အောက်တိုဘာ ၁ ရက်ကစ၍ ဖြိုဖျက်ကာ ယာယီဈေးအဖြစ် ဈေးဟောင်းအနီးတစ်ဝိုက်ရှိ မရမ်းကုန်းလမ်းဈေးလမ်း၊ သမာဓိလမ်း၊ ကုသိုလ်တော်လမ်းတို့တွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည်။ အဆိုပါဈေးအား ဘုန်းစံအိမ်ကုမ္ပဏီမှ တည်ဆောက်မည်ဖြစ်ပြီး ဈေးမြေဧရိယာ သုည ဒသမ ၂၈ ပေါ်တွင် ဈေးဧရိယာ (၁၀၂×၅၁×၁၄)ပေ RC တစ်ထပ်တည်ဆောက်ရန် နိုင်ငံတော်ငွေကျပ်သိန်း ၄၀၀၊ စည်ပင်သာယာဘတ်ဂျက်ငွေကျပ်သိန်း ၈၀ စုစုပေါင်းငွေကျပ်သိန်း ၄၈၀ ဖြင့် ဒီဇင်ဘာလအတွင်း အချောသပ်ပြီးစီးနိုင်ရန် စီမံချက်ရေးဆွဲထားသည်။ **ထားဝယ်(ပြန်/ဆက်)**

## ကျေးလက်များတွင်သောက်သုံးရေစစ်တမ်းကောက်ယူ

**မြန်အောင် အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း ကျေးလက်ဒေသများတွင် သောက်သုံးရေ စစ်တမ်းကောက်ယူခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၅၁၇ ရွာတွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိမှုနှင့် ရေမီတာသုံးရေပိုက်လိုင်းစနစ်ကို စနစ်တကျအသုံးပြုနိုင်ရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သောကြောင့် ရေစစ်တမ်းကောက်ယူခြင်းကို ကျေးရွာများတွင် စက်တင်ဘာလအတွင်း ကွင်းဆင်းဆောင်ရွက်ပြီးစီးကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ဝင်းမိုလ်(ပြန်/ဆက်)**

## ကန့်ဘလူမြို့နယ်တွင် မြို့နယ်ဓာတ်အားခွဲရုံ၌ထရန်စဖော်မာသစ် အစားထိုးတပ်ဆင်

**ကန့်ဘလူ အောက်တိုဘာ ၈**

ကန့်ဘလူမြို့ မြို့နယ်ဓာတ်အားခွဲရုံ၌ အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီက ရန်ကုန်မှရောက်ရှိလာသော ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ထရန်စဖော်မာသစ်ကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကိုလတ်ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက အစားထိုးတပ်ဆင်လျက်ရှိရာ ကန့်ဘလူမြို့နယ်၌ လျှပ်စစ်မီး ၂၄ နာရီရရှိတော့မည်ဖြစ်ကြောင်း သိရသည်။ ယခင်က ကန့်ဘလူမြို့နယ် လျှပ်စစ်ဓာတ်အားခွဲရုံ၌ အသုံးပြုနေသော ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ထရန်စဖော်မာအား စက်တင်ဘာ ၉ ရက်က မိုးလေများကျစဉ် မိုးကြိုးပစ်ခံရ၍ လောင်ကျွမ်းသွားခြင်းဖြစ်ကြောင်းသိရသည်။

ယင်းကြောင့် ဒေသခံပြည်သူများ လျှပ်စစ်မီးအမြန်ဆုံးအသုံးပြုနိုင်ရေးအတွက် ကွန်းလှမြို့နယ်မှ ၃၃/၁၁ ကေဗွီ ၃ အမ်ဗွီအေ ထရန်စဖော်မာဖြင့် စက်တင်ဘာ ၁၄ ရက်က ယာယီအစားထိုးလဲလှယ်တပ်ဆင်ပြီး မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာ ၁၅ ရွာတို့ကို အလှည့်ကျစနစ်ဖြင့် မီးအသုံးပြုနိုင်ရေး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာနက စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ယင်းကြောင့်လျှပ်စစ်မီးအသုံးပြုသူများ၊ ရုံးဌာနများ၊ လုပ်ငန်းရှင်များ၊ ကွန်ပျူတာဆိုင်များ အခက်အခဲဖြစ်ခဲ့ရပြီး အဓိကအနေဖြင့် ထမင်းချက်၊ ရေချိုးရာများတွင် အလှည့်ကျစနစ်ကြောင့် ဒုက္ခရောက်ကြရကြောင်း ဒေသခံများကပြောသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစက်ချုပ်သင်တန်းဆင်း

**ကနီ အောက်တိုဘာ**

ကျေးလက်နေပြည်သူများ၏ လူနေမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကကြီးမှူး၍ ဒေသခံပြည်သူများအား အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အောက်တိုဘာ ၆ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့ အမှတ်(၃) ရပ်ကွက် သမဝါယမဆိုင်တန်း သင်တန်းခန်းမရှေ့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဆိုင်က ကျေးလက်လူနေမှုဘဝမြှင့်တင်ရေးအတွက် အထောက်အကူပြုသင်တန်းပေးခြင်းလုပ်ငန်းတာဝန်ကို အကောင်အထည်ဖော်ပေးခြင်းနှင့် တစ်ပိုင်တစ်နိုင်လုပ်ဆောင်ခြင်းဖြင့် မိသားစုဝင်ငွေကို အထောက်အကူရစေခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိလာနိုင်ခြင်းတို့ကို ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများဖွင့်ပေးရခြင်းဖြစ်သည်။ သင်တန်းသူ မအေးအေးခိုင်က "ဒီသင်တန်းမှာ ကျွန်မတို့အတွက် အခြေခံစက်ချုပ်ပညာရပ်တွေကို ရက်တိုတိုအတွင်းမှာသင်ကြားရပေမယ့် ပညာများစွာရရှိပါတယ်။ သင်တန်းကာလပြီးချိန်မှာ ဆက်လက်လေ့လာဆောင်ရွက်သွားရင် ကျွန်မတို့အတွက် များစွာအကျိုးပြုနိုင်တဲ့ သင်တန်းဖြစ်ပါတယ်" ဟု ပြောခဲ့သည်။ **သန်းငွေအောင်(ကနီ)**


### အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V HOEGH CHENNAL V.17 သင်္ဘောသည် ၁၁-၁၀-၂၀၁၅ ရက်ခန့်တွင် ရန်ကုန် ဆိပ်ကမ်းသို့ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

### အသိပေးကြေညာချက်

တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V TRANS FUTURE-1 V.233 သင်္ဘောသည် ၁၀-၁၀-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်း သို့ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

### ဝန်ထမ်းအလိုရှိသည်

ဟသ်ာတမြို့
"မြင့်မြတ်အထူးကုဆေးရုံ"
ထပ်မံတိုးချဲ့ရန်

(၁) အကူသူနာပြု(Nurse aid) (မ)
(၂) Receptionist (မ)
(၃) ဆေးအရောင်းဝန်ထမ်း (မ)
(၄) အထွေထွေလုပ်သား (ကျား)
(လစာကောင်းမည်။)
" မြင့်မြတ် "အထူးကုဆေးရုံနှင့်ဆေးခန်းတွင် C.V Form ထုတ်ယူ၍ ၂၀-၁၀-၂၀၁၅ရက်နောက်ဆုံးထား၍ လျှောက်ထားရန်။

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-43117680, 09-5059821

BUDGET TOUR
ပုဂံ-ညောင်ဦး-ပုပ္ပါး
ခွယ်တော်(၄)ဆူ နေ့ချင်းပြန် (၃)ည/(၂)ရက်ခရီးစဉ်
အောက်တိုဘာ ၂၃ ရက်(သောကြာည) ထွက်မည်။
Tel : 09264450022, 09264450033, 09262995100

UK မှ တိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ အတွက်
လျှောက်လွှာခေါ်ယူခြင်း

GUSTO INTERNATIONAL COLLEGE

- တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပအလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာပညာရှင် ဖြစ်လိုသူများ လျှောက်ထားနိုင်ပါသည်။
- အဆင့်မြင့် ကွန်ပျူတာနည်းပညာ ဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများအတိုင်း Student - Centered Learning Approach ဖြင့် စာတွေ့လက်တွေ့သင်ယူရမည်ဖြစ်သည်။
- စာသင်ကာလ ၂နှစ်တက်ရောက်ပြီး အောင်မြင်ပါက UK's Edexcel မှချီးမြှင့်သော Higher National Diploma ကိုရရှိမည်ဖြစ်သည်။
- နောက်ဆုံးနှစ်တစ်နှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, USA, Australia, Singapore စသောနိုင်ငံတကာရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ တက်ရောက်ပြီး BSc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။
- ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပညာအရည်အချင်း အထောက်အထား မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဓါတ်ပုံ(၃)ပုံ ပူးတွဲတင်ပြပြီး လျှောက်ထားနိုင်ပါသည်။

* နယ်မှကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးသည် *

2015 October Intake
မြေအမှတ် ၂၈၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။
Call Now : 09 789 888 222, 09 862 8806, 01 504632



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

လိုအပ်လာသောအချိန်၌ စစ်ပညာပြည့်ပြည့်၊ စစ်စည်းကမ်းပြည့်ပြည့်နှင့် ကျရောက်ရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက်လည်း သင်တန်းပေးပြီးသား ဖြစ်နေမည်။

စစ်ပညာအခြေခံရှိပြီးသူများအတွက်ကမူ တစ်ကဏ္ဍ ဖြစ်၏။

ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် သက်ခိုင်တို့အသိုက်သည် သုံးစုခွဲ၍ သီးသန့်တာဝန်သုံးရပ်ယူကြရသည်။

တစ်ခုသည် အမြောက်ကာကွယ်ရေး ပလက်တွန်းနှင့်အတူ သာယာဝတီဘက်သို့ ထွက်သွားကြသည်။ တစ်စုသည် ရန်သူလက်ဖြောင့်တပ်သားများ မင်းမူနေသည့် ပြည်လမ်းမကြီးအတိုင်း ဖြတ်ကာ တပ်ရင်းမှူးနှင့် အတူ အင်းစိန်စစ်မျက်နှာဘက် လိုက်သွားကြရ၏။ သက်ခိုင်ပါသောတစ်စုကား-

နံနက် ၉ နာရီ မိနစ် ၂၀ တွင် အထူးမီးရထားနှင့် မင်္ဂလာဒုံသို့ ထွက်ခဲ့ကြရ၏။ ဝင်းမောင်(ပီတာ)၊ တင်အောင်ကြည်၊ ကိုလေးမောင်၊ ကိုလှဖေတို့လည်း ပါသည်။ ထိုတပ်စိတ်ကို ဒုတပ်ကြပ်ကြီးမောင်မောင် (ကုလားကလေး)က ဦးဆောင်သည်။

ဒုတပ်ကြပ်ကြီးမောင်မောင်က ထမ်းဆောင်ရမည့် တာဝန်ကို မီးရထားပေါ်ကျမှ ပြောပြသောအခါ သက်ခိုင်တို့အားလုံး မျက်လုံးပြူးသွားကြ၏။

လက်နက်သိမ်းထားခြင်းခံရသော ကရင်တပ်သားဟောင်း ၁၅၆ ယောက်နှင့် သူတို့၏ အိမ်ထောင်ရေးစုသားများကို စောင့်ရှောက်ခေါ်ငင်လာ၍ ရန်ကုန်ကူရှင်ကျောင်းဝင်းအတွင်း၌ နေရာထားပေးရမည်။

မင်္ဂလာဒုံ-ရန်ကုန်လမ်းသည် မလုံခြုံ။ ခေါ်လာရမည့်သူများကား စစ်ပညာပြည့်ပြီးသား ကရင်စစ်သားကြီးများ၊ မိမိတို့အင်အားက တပ်စိတ်တစ်စိတ်၊ လူ ၃၂ ယောက်သာပါသည်။

ပီတာဝင်းမောင်က သက်ခိုင်ကို ပြော၏။

"ခင်ဗျားပြောတာ မှန်သဗျို့၊ တပ်မတော်သားတစ်ယောက် ထမ်းရတဲ့ဝန်က တယ်လေးပါကလား" မင်္ဂလာဒုံဘူတာသို့ ရောက်သောအခါ လက်နက်သိမ်းရေး တာဝန်ခံတပ်က လက်နက်အသိမ်းခံထားရသော ကရင်ရဲဘော်များကို သက်ခိုင်တို့ တပ်စိတ်သို့ လွှဲပြောင်းအပ်ပေးသည်။

ဒုတပ်ကြပ်ကြီးမောင်မောင်၏ မျက်နှာက မကောင်း။ သူမျက်နှာသည် ငိုတော့မည့်နှယ် ရှိနေ၏။

သူက သက်ခိုင်ကို လက်တို့ခေါ်သွားပြီး တစ်ထောင့်ရောက်မှ ဆို၏။

"ကိုသက်ခိုင်၊ အဲဒီကရင်ရဲဘော်တွေကို သေသေချာချာ ကြည့်စမ်း"

သက်ခိုင်ကလည်း သေသေချာချာ ကြည့်သည်။

ကရင်ရဲဘော်အားလုံး၏ မျက်နှာထား၊ အသားအရေ၊ အမူအရာ၊ ကိုယ်နေကိုယ်ဟန်၊ ဤသည်အားလုံးသည် သူတို့ကား စစ်ပညာပြည့်ဝသမျှ စစ်၏ အတွေ့အကြုံ စုံသူများ ဖြစ်ကြောင်း ဖော်ပြနေ၏။

ဒုတပ်ကြပ်ကြီး ကိုမောင်မောင်က ဝမ်းနည်းစွာ ရှင်းပြ၏။

"အဲဒီ. . ကရင်ရဲဘော်အားလုံးဟာ ကျွန်တော်တို့နဲ့ စစ်မြေပြင်မှာ တိုက်ဖော်တိုက်ဖက်ချည်းပဲ၊ ကျွန်တော်တို့ရဲ့ ဆရာတွေတောင် ပါတယ်၊ နိုင်ငံ့တာဝန်ကြောင့်သာလုပ်ရတယ်၊ မှားယွင်းတဲ့ ကရင်လက်တစ်ဆုပ်စာအတွက် ကရင်ကောင်းတွေကို ထိခိုက်မိတာ နည်းနည်းမှ စိတ်မကောင်းဘူး"

"ဒါတော့ ဆရာရေ. . တစ်ယောက်ယောက်က အမှားကို ပြုမိရင် အပြစ်မဲ့တဲ့သူ တော်တော်များများဟာလည်း အမှားရဲ့ဒဏ်ကို ခံရတယ်"

ကိုမောင်မောင်သည် တစ်စုံတစ်ခုကို သတိရဟန်နှင့် သူ့ဘောင်းဘီအိတ်တွင်းမှ သတင်းစာတစ်စောင်ကို ထုတ်ယူသည်။

"ဒါထက် ရဲဘော်တို့ သတင်းစာ ဖတ်ကြရရဲ့လား"

"သတင်းစာ မဖတ်ရတာ ကြာပါပြီ ဆရာ"

ကိုမောင်မောင် သတင်းစာကို ပေးသည်။ ဘောင်းဘီအိတ်အတွင်း ဝင်အောင် ထည့်ထားသဖြင့် သတင်းစာက အခေါက်ခေါက် ကျိုးနေ၏။ သက်ခိုင်က သတင်းစာကို ဖြန့်ကြည့်သောအခါ လိုအပ်သည့် စာမျက်နှာကို ဆရာမောင်မောင်က ကူညီပြပေး၏။

သတင်းကား ကရင်လူငယ်များအစည်းအရုံး ဥက္ကဋ္ဌက ဗြိတိသျှလေဘာပါတီဝင် ပါလီမန်အမတ် မစ္စတာ တွန်ဒရိုင်းထံသို့ ရိုက်လိုက်သော သံကြိုးစာဖြစ်နေ၏။

ဤသံကြိုးစာတွင် ကေအင်စီအိုအဖွဲ့ ခေါင်းဆောင် ဆိုသူများသည် စစ်အတွင်း၌ ဂျပန်ဖက်ဆစ်များနှင့် ပူးပေါင်းခဲ့ကြသူများဖြစ်ကြောင်း၊ ကရင်လူငယ်များသည် ဗမာ့တပ်မတော်ကြီးနှင့် လက်တွဲ၍ ဖက်ဆစ်ဂျပန်ကို တော်လှန်ကြသည်အထိ ထိုသူများသည်ဂျပန်နှင့် မခွဲဘဲ ပူးပေါင်းနေကြသူများဖြစ်ကြကြောင်း၊ ဗြိတိသျှ၏ နံပါတ် ၁၃၆ တပ်တွင် ဝင်ကာ ဖက်ဆစ်ရန်ကို တော်လှန်ခဲ့ကြသူများ ကေအင်ဒီအိုအဖွဲ့ကို မထောက်ခံကြောင်း၊ ကေအင်ဒီအိုအရေးမှာ ဗြိတိသျှနေရှင်များက သူတို့ကိုယ်စား ကရင်များကို တစ်ယောက်မကျန် သေခိုင်းသည့် လုပ်ကြံမှုသာ ဖြစ်ကြောင်း၊ ဤအရေး၌ တိုးတက်သော ကရင်အများမပါဝင်ကြောင်း၊ အင်္ဂလန်ပြည်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ချစ်ကြည်ရေးသည် ကေအင်ဒီအိုစကားအတိုင်း လိုက်ဟစ်နေသည့် ကွန်ဆာဗေး တစ်အမတ်များကြောင်း မပျက်ပြားစေသင့်ကြောင်း၊ ဤအချက်များကို လေဘာပါတီဝင် အမတ်များက သိရှိပြီး လိုအပ်သကဲ့သို့ ကြိုးစားကြပါရန် အကြောင်း စသည်သဖြင့် တိတိကျကျ ခိုင်ခိုင်လုံလုံ ဖော်ပြထားသည်။

သက်ခိုင်က သတင်းကို ဖတ်ပြီးသောအခါ ခေါင်းတဆတ်ဆတ်ညိတ်ပြီး ဆရာကိုမောင်မောင်ကို မော့ကြည့်၏။

ကိုမောင်မောင်က ဆက်ပြောသည်။

"ဝမ်းသာစရာတစ်ခု ပြောရဦးမယ်၊ တောင်ငူက ဆင်းလာတဲ့ ကေအင်ဒီအိုတွေ ညောင်လေးပင်ကို မကျော်နိုင်ကြဘူး၊ သူတို့ကို ခံတိုက်တဲ့လူတွေထဲ ဘယ်သူတွေပါသလဲ သိလား"

"ဆိုပါဦး"

"ဗမာ့တပ်မတော်. . သေနတ်ကိုင်တပ်ရင်း ၂ မှာပါတဲ့ ဝင်းဂိတ်တပ်မှာတောင်ပါခဲ့ကြဖူးတဲ့ ကရင်တပ်မတော်သားကြီးတွေပေါ့၊ သူတို့ရဲ့ ခေါင်းဆောင် ဗိုလ်မှူးကြီးစောဟာဒီဟာ ညောင်လေးပင်မှာ ပြည်ထောင်စုအတွက် အသက်ပေးပြီး ကျဆုံးသွားရှာတယ်၊ ရဲဘော် သိရဲ့လား"

"ကျွန်တော် မသိရသေးပါဘူး၊ အခု သိရပြီ၊ ပြည်ထောင်စုကို ချစ်မြတ်နိုးတဲ့ ကရင်ညီအစ်ကိုတွေအကြောင်းကို ကျွန်တော်အသည်းနှလုံးမှာ မှတ်တမ်းတင်ထားပါ့မယ်"

"အသည်းနှလုံးမှာတင် မှတ်တမ်းတင်ထားလို့ အပိုပေါ့၊ တော်တော်ကြာ မေ့ပျောက်သွားမှာ၊ ဒါထက် ရဲဘော်. . အဲ. . ကိုသက်ခိုင်က စာရေးဆရာဆို"

"ဟုတ်ပါတယ် ဆရာ"

"ဒါဖြင့် စာနဲ့ ပေနဲ့ မှတ်တမ်းတင်လိုက်ပေါ့"

"ဒါကို ကျွန်တော် ကတိပေးပါတယ် ဆရာ"

"အဲဒါ ပြောပြချင်လို့၊ ကိုင်း. . . လာ. . တာဝန်တော့ ထမ်းလိုက်ကြဦးစို့၊ ဘာပဲဖြစ်ဖြစ် သတိတော့ မပေါ့နဲ့"

လက်နက်အသိမ်းခံ ကရင်ရဲဘော်များနှင့် အိမ်ထောင်စုများကို ရထားပေါ်သို့ စနစ်တကျ နေရာချထားပြီး သက်ခိုင်တို့ တပ်စိတ်သည် တွဲအသီးသီးပေါ်၌ ဗျူဟာနည်းကျစွာ နေရာယူကြ၏။

ရထားကြီးက ရန်ကုန်ဘက်သို့ ပြန်လည်ထွက်လာခဲ့သည်။

သက်ခိုင်တို့အားလုံး ဘုရားတ၍ သတိနှင့် လိုက်လာခဲ့ကြ၏။ ဘုရားတသည်မှာ ကြောက်၍ မဟုတ်ကြ။ မလုပ်ချင်၊ မလုပ်ရက်သောအလုပ်ကို လုပ်ရမည်စိုးသောကြောင့် ဖြစ်၏။

သက်ခိုင်တို့၏ မေတ္တာ၊ ရဲဘော်တို့၏ သစ္စာကြောင့် လမ်းခရီး၌ ဘာမျှ မဖြစ်ကြ။

ကူရှင်ကျောင်းရှိ အနားယူစခန်းသို့ ချောမောစွာ ရောက်လာနိုင်ခဲ့လေသည်တည်း။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


FWP bank
FARMERS BANK

## တောင်သူလယ်သမားများကြီးပွားတိုးတက်ရေး အများနှင့်သက်ဆိုင်သော ဘဏ်လီမိတက်

အများနှင့်သက်ဆိုင်သောဘဏ်လီမိတက် မိတ်ဆက်ပွဲနှင့် အစုရှယ်ယာရှင်များ ဖိတ်ခေါ်ခြင်း
အခမ်းအနားဖိတ်ကြားလွှာ

တောင်သူလယ်သမားများကြီးပွားတိုးတက်ရေး အများနှင့်သက်ဆိုင်သောဘဏ်လီမိတက်(Farmers Wealth Pubic Bank Limited)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ကုမ္ပဏီများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၄၆၂၉/၂၀၁၄-၂၀၁၅)ဖြင့် ၁၇-၁၂-၂၀၁၄ရက်တွင် ခွင့်ပြုချက်ရရှိပြီး ဘဏ်လုပ်ငန်းနှင့် ငွေရေး ကြေးရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် လုပ်ငန်းစတင်ဆောင်ရွက်ခွင့်အမှတ် (၃၂/၂၀၁၄-၂၀၁၅)ဖြင့် ၂၆-၃-၂၀၁၅ရက်တွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခွင့် ရရှိခဲ့ပါသည်။ ယခုအခါ တောင်သူလယ်သမားများကြီးပွားတိုးတက်ရေး အများနှင့်သက်ဆိုင်သောဘဏ်လီမိတက်ကို ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် အမြန်ဆုံးစတင်ဖွင့်လှစ်နိုင်ရန် ဘဏ်လီမိတက်၏ အစုရှယ်ယာအမျိုးအစား (က)အစုရှယ်ယာနှင့် (ခ)အစုရှယ်ယာများ ဝယ်ယူနိုင်ရန်အလို့ငှာ အောက်ပါ အစီအစဉ်အတိုင်း အခမ်းအနားကိုကျင်းပပါမည်။

အခမ်းအနားအစီအစဉ်

ကျင်းပမည့်နေ့ရက်။ ။ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၁၀ရက်
ကျင်းပမည့်အချိန်။ ။ မွန်းလွဲ ၂း၀၀နာရီမှ ၄း၀၀နာရီအထိ
ကျင်းပမည့်နေရာ။ ။ Asia Plaza Hotel (Grand Ballroom)

ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသောလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံသား မည်သူမဆို အထက်ပါအခမ်းအနားသို့ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက -Ph:09-784559893, 09-784559894, 09-784559895
E-Mail:info.fwpbank @ gmail.com

ဒါရိုက်တာအဖွဲ့
တောင်သူလယ်သမားများကြီးပွားတိုးတက်ရေးအများနှင့်သက်ဆိုင်သောဘဏ်လီမိတက်


အင်တာနက်အစီအစဉ် အသစ်များနဲ့
အလျှင်မြန်ဆုံးအင်တာနက်ကိုရယူစို့
မြန်မာနိုင်ငံရဲ့ အကောင်းဆုံး 3G ကွန်ရက်ပေါ်မှာ သူငယ်ချင်းများနဲ့ စကားပြောဆိုခြင်း၊
သီချင်းနားထောင်ခြင်း၊ ဂိမ်းကစားခြင်းနဲ့ ရုပ်ရှင်ကြည့်ခြင်းတို့ ပြုလုပ်နိုင်ပါပြီ။
ပိုမိုသက်သာတဲ့ ဈေးနှုန်းအသစ်များနဲ့ အူရီဒူးရဲ့ နေ့စဉ်သုံးနဲ့ လစဉ်သုံးအင်တာနက်အစီအစဉ်
များထဲမှ စိတ်ကြိုက်အသင့်တော်ဆုံး အစီအစဉ်ကို ရွေးချယ်နိုင်ပါပြီ။
ooredoo
နေ့စဉ်သုံး
70MB
၃၉၀ ကျပ်
*5001# သို့ ခေါ်ဆိုပါ
လစဉ်သုံး
550MB
၂,၈၀၀ ကျပ်
*5002# သို့ ခေါ်ဆိုပါ
လစဉ်သုံး
1.35GB
၆,၅၀၀ ကျပ်
*5003# သို့ ခေါ်ဆိုပါ
လစဉ်သုံး
2.5GB
၁၁,၅၀၀ ကျပ်
*5004# သို့ ခေါ်ဆိုပါ
လစဉ်သုံး
5.5GB
၂၅,၀၀၀ ကျပ်
*5005# သို့ ခေါ်ဆိုပါ
Viber

Forever Gems by ရွှေနန်းတော်
MYANMAR PLAZA
@Myanmar Plaza (HAGL Group)

၂၀၁၅အောက်တိုဘာလ(၄)ရက်နေ့တွင် Forever Gems Byရွှေနန်းတော်
@Myanmar Plaza ဆိုင်မှကံထူးရှင်များ








| | | | | |
|---|---|---|---|---|
| ၁– (၇)ကျပ်သားရွှေဆွဲကြိုး | မထက်ထက်ဝင်း | ၀၂၁၄၇၀ | ၀၉–၄၂၂၅၀၂၃၂၂ | ရန်ကင်းမြို့နယ်။ |
| ၂– (၅)ကျပ်သားရွှေဆွဲကြိုး | မအိမ့်အိမ့်အောင် | ၀၀၂၀၈၄ | ၀၉–၅၀၀၃၅၈၃ | အလုံမြို့နယ်။ |
| ၃– LG55" LED TV | ဦးမောင်မောင်အေး | ၀၇၀၃၆၄ | ၀၉–၅၃၈၀၂၂၃ | ပဲခူးမြို့။ |
| ၄– LG55" LED TV | မတင်တင်ဆွေ | ၀၀၇၉၅၅ | ၀၁–၅၇၀၂၅၆ | တောင်ဥက္ကလာပမြို့နယ်။ |
| ၅– iphone6+ | မတင်မာအောင် | ၀၇၁၃၀၅ | ၀၉–၅၀၂၄၂၉၅ | ဗဟန်းမြို့နယ်။ |
| ၆– iphone6+ | မစင်မမဟန် | ၀၀၆၀၅၈ | ၀၉–၅၀၇၈၈၈၈ | ဗဟန်းမြို့နယ်။ |
| ၇– iphone6+ | အကျိုမမော် | ၀၀၃၉၁၉ | ၀၉–၄၃၀၂၀၂၀၂ | သစ္စာရွှေဆိုင်။ |
| ၈– iphone6+ | ဦးစင်အောင်နှင့်သားများ | ၀၀၈၂၇၄ | ၀၉–၂၅၀၄၃၃၄၃၆ | ကျောက်စိမ်း(၃)လမ်း၊ပဲခူးကားဂိတ်မှဝင်ရန်။ |
| ၉– iphone6+ | ဒေါ်စင်မထွေး | ၀၂၃၀၆၉ | ၀၉–၅၀၀၀၈၉၀ | ကြည့်မြင်တိုင်မြို့နယ်။ |

ဆိုင်(၁) – အမှတ်–၇၄၃၊ မဟာဗန္ဓုလလမ်းနှင့်လမ်းမတော်လမ်းထောင့်၊ သံဈေးမီးပွိုင့်အနီး၊ Ph: 01-210572,01-229409,01-227212
ဆိုင်(၂) – အမှတ်–၆၈၅၊ ၁၉ လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်၊ Ph:01-211728, 01-226977,01-228751
ဆိုင်(၃) – မြေညီထပ်၊ Junction Square Shopping Centre ၊ Ph: 09-731 45462,09-731 45463
ဆိုင်(၄) – (G-05A), မြေညီထပ်၊ Myanmar Centre Plaza (HAGL, Near Sedona Hotel)၊ကမ္ဘာအေးဘုရားလမ်း၊
Ph: 09-2653 99966, 09-2653 99977, 09-2653 99988.


နှစ်သစ်အကြိုအထူးအစီအစဉ်
၄-၉-၂၀၁၅ မှ ၄-၁၀-၂၀၁၅ ရက်နေ့အထိ Myanmar Plaza (HAGL Group) Sedona Hotelအနီး၌ကျင်းပပြုလုပ်ခဲ့သော
Forever Gems By ရွှေနန်းတော် ၏ Grand Opening ဆိုင်သစ်ဖွင့်ပွဲတွင်
တစ်စိနက် ကြွရောက် ချီးမြှင့် အားပေးခဲ့ကြသော မိတ်ဆွေများ၊ ရတနာပစ္စည်းများကိုစောင့်ဆိုင်း၍ ကြိတ်ကြိတ်တိုးဝယ်ယူအားပေးခဲ့ကြသော
မိတ်ဟောင်းမိတ်သစ်ရတနာချစ်သူများအား ကျေးဇူးထပ်ဆင့် တုံ့ပြန်သည့်အနေဖြင့် ၅-၁၀-၂၀၁၅ မှ ၁၇-၁-၂၀၁၆ နေ့အထိ
ရွှေနန်းတော်စိန်ရွှေရတနာဆိုင် (၄)ဆိုင် စလုံးတွင် ကျပ်သိန်းပေါင်း(၂၀၀၀)ကျော် ထပ်မံချီးမြှင့်ပေးမည့် နှစ်သစ်အကြိုအထူးကံစမ်းမဲ
အစီအစဉ်နှင့်တကွ ကမ္ဘာ့အဆင့် လက်ဝတ်ရတနာပစ္စည်းများကိုလည်း (5 to 25 % ) အထူးလျှော့ဈေးဖြင့်ရောင်းချပေးနေပါပြီ။
3D CAD/CAM Designs @ Forever Gems By ရွှေနန်းတော်
@ Myanmar Plaza 15%off
နေ့စဉ်ဖွင့်လှစ်ရောင်းချပေးနေပါပြီ
GRAND LUCKY DRAW PROGRAM
MAZDA3
Brand New
ကား (၂) စီး
၅ကျပ်သား
ရွှေဆွဲကြိုး (၅)ကုံး
iphone (၂၀)လုံး
Samsung Note 5 (၁၅)လုံး
ipad (၁၅)လုံး
ချက်ချင်းပေါက် ချက်ချင်းယူ ဗလာမပါ ကံစမ်းမဲ
(၁) ၂ ကျပ်သား ရွှေဆွဲကြိုး (၄) ကုံး
(၂) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၃) ၁၂ ပဲ ရွှေဆွဲကြိုး (၁၀) ကုံး
(၄) ၈ပဲ မှ ၁ပဲသား ရွှေထည်ပစ္စည်း (၂၅၀) နှင့်အခြားအပိုးတန်ပစ္စည်းများ

# ကြော်ငြာ

**ရွှေခေါင်းစည်း ကျိုက်ထီးရိုး/ချောင်းသာ**

■ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (စွယ်တော်လေးဆူ၊ ပြည့်ငါးပြည့်) 65000/-
[အဆင့်မြင့် 2Star ဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး၊ သောကြာညထွက်-တနင်္လာနံနက်ပြန်ရောက်/ရုံးခွင့်ယူရန်မလို]
■တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်းဂူ၊ ကက္ကူ။ Oct 9,16
■မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ 23,27,30
၂၂၅ ပန်းဆိုးတန်းလမ်း၊ အထက်လမ်း၊ ရန်ကုန်မြို့။ 373275, 708342, 0949219404

**ချမ်းမိုင်းသစ္စာ** 562829, 09-73198239 569782, 09-450006779
• ပြည်၊ ထုံးဘို၊ အခေါက်တော် (သောကြာ/စနေ) ကားမှီရုံ ဗီးလုံးငှား စီစဉ်ပေးသည်။
• တားအဲ (ရွှေယင်းမှော်)၊ သမိုင်းဝင်ဗုဒ္ဓဘုရားများ အပတ်စဉ် (သောကြာ/စနေ)
• မှော်ဘီ (ရွှေညောင်ပင်)၊ ...
• ကျိုက်ထီးရိုး (နေ့စဉ်) • ချောင်းသာ (နေ့/ည-နေ့စဉ်)

**မွေးသက္ကရာဇ် မှန်ကန်ကြောင်း**

ဦးစောပုလဲချော၊ ၁၂/မဂဒ(နိုင်)၀၀၅၂၇၉၏သား မောင်ဇင်မင်းထက်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၉-၁၉၉၇ ဖြစ်ပါကြောင်း။

မောင်ဇင်မင်းထက်

## ဝန်ထမ်းအမြန်အလိုရှိသည် (Opening Stuff)

နိုဝင်ဘာလမှစတင်မည့် အခန်းတွင်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်

(၁) ဂျပန်ဘာသာစကားကျွမ်းကျင်သူ $N_3$ အထက်

(၂) ရန်ကုန်မြို့တွင်း ကားမောင်းကျွမ်းကျင်သူ

(၃) အထွေထွေအလုပ်သမား

- ကျား/မ လူဦးရေ ကန့်သတ်ချက်မရှိ
- ပညာအရည်အချင်း အထက်တန်းအောင်
- နယ်မှလာသူများ အဆောင်စီစဉ်ပေးမည်။
- လုပ်ငန်းနေရာ- အရှေ့ဒဂုံစက်မှုဇုန်
- အင်တာဗျူးနေရာ (၁၁၀၅) (၁၁)လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်း၊
- ဆက်သွယ်ရန်ဖုန်း- ၀၉-၂၅၀၁၂၉၁၇၄၊ ၀၉-၂၅၄၃၈၂၇၆၁

စိတ်ဝင်စားသူများ ကိုယ်ရေးရာဇဝင်ရေးသားပြီး ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

## ဟိုတယ် မန်နေဂျာများ အလိုရှိသည်

မန္တလေးမြို့တွင် ဖွင့်လှစ်မည့် ကြယ်သုံးပွင့်၊ အခန်း(၈၀)၊ ဟိုတယ်အတွက် မန်နေဂျာများ အလိုရှိပါသည်။

1. General Manager
2. Human Resources Manager
3. Sales and Marketing Manager
4. Financial Controller

ယနေ့မှ တစ်လအတွင်း အောက်ပါလိပ်စာသို့ ဆက်သွယ်ပါရန်

**HOST Management Academy**

ဟိုတယ်အကြံပေးလုပ်ငန်းနှင့် မန်နေဂျာသင်တန်းများ
09 261601284, 09 6815637, kotunmyintoo@gmail.com
No. 32, Myay Nu St., San Chaung Tsp. Yangon



## စိန်နန်းတော်

- ယိုးဒယားစက်ပန်းထိမ်ဖြင့် ခတ်ထားသော Belgium စိန်ထည်ဒီဇိုင်းဆန်းများ
- D, E, F colour စိန်ပွင့်များဖြင့် ခတ်ထားသော Singapore နှင့် Hong Kong Setting စိန်ထည်များ
- နိုင်ငံတကာ အသိအမှတ်ပြု GIA Certificate တစ်ပွင့်စိန်ထည်များ
- 750 Quality ပလက်တီနမ် (ရွှေဖြူ) ဒီဇိုင်းဆန်းများ (Made in Italy)



စိန်ဝယ်မည်ဆိုလျှင် စိန်ကောင်းစိန်သန့်တို့ရှုစည်းရာ စိန်နန်းတော်သို့ ကြွလှမ်းခဲ့ပါ။

Main Branch - အမှတ်(663/665) မဟာဗန္ဓုလလမ်းနှင့် လသာလမ်းထောင့်၊ လသာမြို့နယ်၊ ဆိုင်ခွဲ ■တော်ဝင်စင်တာ ■Junction Square ■ဂမုန်းပွင့် (ကမ္ဘာ့အေး) ■Ocean (ရွှေဂုံတိုင်)
Website - http://www.seinnandaw.com Email - info@seinnandaw.com www.facebook.com/seinnandaw Hotline - 01-371425, 01-371944

**RUBY** ကားစီးလုံးငှားသည် 519100 09-51-77212, 535100

ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစျေးကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**ဟိုက်ခြောလစ်/လေပီအား**

ဝေဟင်ကောင်းကင် ... ပြစ်ချက်ရိုက်ကော်ရပြီ။

PH: 09 731 99 410
09 420035882, 73199257

**တိုက်ခန်းရောင်းမည်**

ပေ(၁၂×၅၀) (မြေညီထပ်) နှင့် ဒုတိယထပ်(ဝဲယာ)၊ မိုးရိပ်(၄)လမ်း၊ သယ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၁-၃၈၆၆၄၅၊ ၀၉-၇၃၀၄၈၀၀၄

# MYANMAR FOOD & BEVERAGE PRODUCT DIRECTORY®

မြန်မာစားသောက်ကုန်ပစ္စည်းလမ်းညွှန်®




F&B MYANMAR **2016/17 အတွက် ကြော်ငြာများလက်ခံနေပါပြီ**

IMEX (Myanmar) Co., Ltd.
365-367, (2nd Flr.), Bogyoke Aung San Rd., Pabedan Tsp., Yangon, Myanmar.
Ph: 242758, 243074, 377755, Mobile :(95 9) 732 35650
E-mail : myanmaryellowpages@gmail.com
Website : www.myanmaryellowpages.biz, www.myanmarfoodandtravel.com

အမြင့်သို့တက်လှမ်းမည်ပြုရာ မမိုမကမ်းဖြစ်နေလျှင် လှေကားထောင်၍တက်ရပါသည်။ လှေကားထောင်တက်လှမ်းပြီး အောင်မြင်မှုရရှိပါက ဤလှေကားသည် ရွှေလှေကားမဟုတ်ပါလော။

# ရွှေလှေကား

## အဋ္ဌမတန်း Grade 9

၂၀၁၅ ခုနှစ် မေးခွန်းဟောင်း နှင့် စံပြအဖြေများ

## အင်္ဂလိပ်စာ၊ သင်္ချာ

မည်သည့်ပညာရပ်မဆို နည်းစနစ်မှန်ကန်စွာဖြင့်လေ့ကျင့်ပါက အချိန်တိုအတွင်း တိုးတက်မြဲဖြစ်ပါသည်။

ခုနစ်စဉ်ကြယ်စာပေ : 09-73051664, 09-73126358

**CITY COLLEGE YANGON**

## "ဂျပန်စကားပြောသင်တန်း"

- ဂျပန်ဆရာကိုယ်တိုင် လေ့ကျင့်သင်ကြားပေးခြင်း။
- ဂျပန်နိုင်ငံတွင် (၁၀)နှစ် အလုပ်လုပ်ကိုင်ပြီး (၅)နှစ် ဂျပန် စကားသင်ယူခဲ့သော အတွေ့အကြုံရှိ ဆရာ၊ ဆရာမ များမှ သင်ကြားပေးခြင်း။
- ဂျပန်လူမျိုးဆရာနှင့်တိုက်ရိုက်စကားပြောသင်ကြားခွင့်ရသဖြင့် ဂျပန်စကားပြောစွမ်းရည် တိုးတက်လာခြင်း။
- ဂျပန်လူမျိုးတို့၏နေထိုင်မှုပုံစံ Japanese Culture များကို ပါထည့်သွင်းသင်ကြားပေးခြင်း။
- N5 Level ကို (၃)လနှင့် သင်ယူတတ်မြောက်စေခြင်း။
- အချိန်တိုအတွင်း ဂျပန်ဘာသာစကားကို အရေး၊ အဖတ်၊ အပြော တတ်မြောက်စေခြင်း။

| | |
|---|---|
| စနေ | နံနက် (၉:၀၀)နာရီမှ (၁၂:၀၀)နာရီအထိ |
| တနင်္ဂနွေ | နံနက် (၉:၀၀)နာရီမှ (၁၂:၀၀)နာရီအထိ |

City Collage Yangon မှတဆင့် ဂျပန်နိုင်ငံသို့သွားရောက်အလုပ်လုပ်ကိုင်လိုသူများအတွက် ဂျပန်စကား အရေး အဖတ် အပြော ကို အခြေခံမှစ၍ လက်ခံသင်ကြားပေးသော သင်တန်း၊ ဂျပန်လူမျိုးတို့၏ ရိုးရာဓလေ့ထုံးစံ နှင့် လုပ်ငန်းခွင်အတွင်း ပြောဆိုဆက်ဆံခြင်း သင်တန်းကို ဝါရင့်သင်တန်း ဆရာ၊ ဆရာမ များကိုယ်တိုင် စနစ်တကျ သင်ကြားပေးလျက် ရှိပါသည်။

သင်တန်းစမည့်ရက် – အောက်တိုဘာ (၁၇)
သင်တန်းကာလ – (၃)လ
သင်တန်းကြေး – ၄၃၀၀၀/- (တစ်လ)
သင်တန်းတည်နေရာ – အမှတ် (၃၇)၊ (၃)လွှာ B၊ မဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

AcademicTelesis.org
ဖုန်း – 09 263105249, 09 73205503

ကြော်ငြာ


# "ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့"

သံဝေဇနီယလေးဌာန (အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကို(၂၀၀၃-၂၀၀၄)ခုနှစ်မှစတင်ကာ (၁၃နှစ်) တိုင်အောင်မြင်စွာပို့ဆောင်ပေးခဲ့သော"ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့" သည် (၁၂ရက်-၁၅ရက်) ခရီးစဉ်များကိုဝန်ဆောင်မှုပြည့်ဝစွာဖြင့်စိတ်ချမ်းသာစွာဘုရားဖူးသွားလိုသော ရပ်နီးရပ်ဝေးမှဓမ္မမိတ်ဆွေများအား ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါကြောင်းနှိုးဆော်အပ်ပါသည်။

(၁၄ည/၁၅ရက်) ခရီးစဉ်များတွင်နယူးဒေလီ၌ဟိုတယ် (၂) ညတည်းခိုမည်ဖြစ်ပါသည်၊

(၁) ၂၆.၁၀.၂၀၁၅ (၂) ၁၁.၁၁.၂၀၁၅ (၃) ၂၃.၁၁.၂၀၁၅ (၄) ၉.၁၂.၂၀၁၅
(၅) ၂၁.၁၂.၂၀၁၅ (၆) ၆.၁.၂၀၁၆ (၇) ၂၅.၁.၂၀၁၆ (၈) ၈.၂.၂၀၁၆
(၉) ၁၅.၂.၂၀၁၆ (၁၀) ၂.၃.၂၀၁၆ (၁၁) ၁၄.၃.၂၀၁၆ နေ့တွင်ထွက်ခွာပါမည်၊

ဆက်သွယ်ရန် - အမှတ် (၄၄)၊ လမ်းသစ်လမ်း(မော်တင်လမ်း)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
☎ - 211944, 211955, 225915, 225989, 222720, 229315, 227702, 227703.

NEW MOTION Travels & Tours

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ခေ့လျှောသစ်လွင် ခရီးစဉ်

* ဖောင်တော်ဦး ဘုရားပွဲခရီးစဉ် - Oct; 24, Oct; 27
* ပုဂံ - ပုပ္ပါး - ပခုက္ကူ ခရီးစဉ် - Oct; 27
* မန္တလေး - ပြင်ဦးလွင် ခရီးစဉ် - Oct; 27
* ချောင်းသာ*ငွေဆောင်*ငပလီ ကမ်းခြေခရီးစဉ်

အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။
Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811 .

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

"ဝါရွှေစင်" Car Rental Group

Hi-ace အံစတုံး (၁၄ယောက်စီး)ကားများစွာကို (မြို့တွင်း/မြို့ပြင်)နယ်ဝေးခရီးစဉ် အမျိုးမျိုးတို့အတွက် ဈေးနှုန်းချိုသာပြီး ကျွမ်းကျင်ယာဉ်မောင်းများဖြင့် ဝန်ဆောင်မှုပေးနေပါသည်၊

Ph : 09-400028877, 09-43178928, 09-420006525,09-49307549

မီးသတိပြု

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| သမ္မတ | သွင် | မင်္ဂလာ(၁) | မင်္ဂလာ(၂) | ရွှေဆောင် | မန္တလေး ဝင်းလိုက် |
|---|---|---|---|---|---|
| မင်္ဂလာစံပြ | Top Royal | နေပြည်တော် | မင်္ဂလာဝဇီရာ | မင်္ဂလာထွန်းသီရိ | မြို့မ |
| | | | | | မင်္ဂလာဒိုင်းမွန်း |

အသက် ကိုအသက်ထက်ပို၍ချစ်သည်
ရန်ကုန် - သမ္မတ ၊ သွင် ၊ မင်္ဂလာ၊ မင်္ဂလာစံပြ
မင်္ဂလာဝဇီရာ
မန္တလေး - ဝင်းလိုက် ၊ မြို့မ
ပြည် - မင်္ဂလာထွန်းသီရိ

SICARIO
ရန်ကုန် - နေပြည်တော်(၂)
မင်္ဂလာစံပြ
မန္တလေး - မင်္ဂလာဒိုင်းမွန်း

MAZE RUNNER THE SCORCH TRAILS (3D)
ရန်ကုန်
ရွှေဆောင်(၁)
TOP ROYAL
မန္တလေး
မင်္ဂလာဒိုင်းမွန်း

EVEREST (3D)
ရန်ကုန် -နေပြည်တော်(၃)
မန္တလေး -မြို့မ

THE MARTIAN (3D)
ရန်ကုန်
နေပြည်တော်(၁)
မင်္ဂလာ(၂)
မင်္ဂလာစံပြ
မန္တလေး
မင်္ဂလာဒိုင်းမွန်း
ပြည် - မင်္ဂလာထွန်းသီရိ

THE MAN FROM U.N.C.L.E
ရန်ကုန် - ရွှေဆောင်(၂)

၉.၁၀.၂၀၁၅ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ

ပွဲချိန်သတိပြု - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ




SUPER RICH MAN ရေကူးကန်သုံးပစ္စည်းအရောင်းဆိုင်




401518
8604064
Email richmanpool@gmail.com
Website www.superrichmanpools.com
facebook www.facebook.com/superrichman


# Jar Shan Restaurant

## ကြားရှဲန် စားသောက်ဆိုင်တွင် အမြန်အလိုရှိသည်

1. Accountant မ (၃) ဦး
   LCCI Level I, II, III အောင်မြင်ပြီး၊ သင်တန်းဆင်းလက်မှတ် ရရှိထားသူ၊ ဘွဲ့ရ၊ စာရင်းဇယား၊ Formark ရေးဆွဲနိုင်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ ရုပ်ရည်အသင့်အတင့်ရှိသူများ လျှောက်ထားနိုင်သည်။
2. Cashier မ (၅) ဦး
   ဘွဲ့ရ (သို့) တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူ၊ ရုပ်ရည်သန့်ပြန့်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ Computer Basic ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်သူ၊ ရိုးသားကြိုးစားချင်သူ၊ လုပ်ငန်းကျွမ်းကျင်မှုပေါ် မူတည်၍ လစာသတ်မှတ်ပေးမည်။
3. Waitress မ (၂၀) ဦး
   တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူ၊ ရုပ်ရည်သန့်ပြန့်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ ရိုးသားကြိုးစားချင်သူ၊ လုပ်ငန်းကျွမ်းကျင်မှုပေါ် မူတည်၍ လစာသတ်မှတ်ပေးမည်။
4. Reception (ဧည့်ကြို) မ (၇) ဦး
   တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူ၊ ရုပ်ရည်သန့်ပြန့်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ ရိုးသားကြိုးစားချင်သူ၊ လုပ်ငန်းကျွမ်းကျင်မှုပေါ် မူတည်၍ လစာသတ်မှတ်ပေးမည်။
5. Store Keeper ကျား (၃) ဦး
   Store လုပ်ငန်းအတွေ့အကြုံရှိသူ၊ အကျင့်စာရိတ္တကောင်းမွန်သူ။
6. သန့်ရှင်းရေး မ (၅) ဦး
   လုပ်ငန်းအတွေ့အကြုံရှိသူ၊ နေ့/ည တာဝန်ထမ်းဆောင်နိုင်သူ ဦးစားပေးမည်။
7. Security (လုံခြုံရေး) ကျား(၁၀) ဦး
   လုပ်ငန်းအတွေ့အကြုံရှိသူ၊ နေ့/ည တာဝန်ထမ်းဆောင်နိုင်သူ ဦးစားပေးမည်။
   အမှတ်စဉ်အားလုံးအတွက် နေ၊ စား (ငြိမ်း) စီစဉ်ပေးမည်။

**အမှတ်-၂၃အေ၊ နဝဒေးအိမ်ရာအပြင်တန်း၊ အဆင့်မြင့်မှတ်တိုင်အနီး၊ လှိုင်သာယာမြို့နယ်။**

**ဖုန်း-၀၉-၅၂၄၀၂၅၃၊ ၀၉-၉၇၆၄၇၉၃၆၆**

မြတ်ဗောဓိ
ပုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးအဖွဲ့
"သာသနာပြုခရီးသည်များ စိတ်ချမ်းမြေ့စွာဘုရားဖူးဖို့ မြတ်ဗောဓိသာရွေးချယ်ပါ"

ရဟန်းတော်၊ သီလရှင်၊ ပင်စင်စားပုဂ္ဂိုလ်တစ်ဦးလျှင် - ၁၀၀၀၀ိ/- Passportရှိသူ - ၃၀၀၀ိ/- (၅)ဦးတစ်စုလျှင် - ၅၀၀၀ိ/(၁၀)ဦး တစ်စုလျှင် - ၂၀၀၀၀ိ/- လျှော့ပေးသည်။ (၁၆)ဦး တစ်စုလျှင် တစ်ဦးအခမဲ့ လိုက်ပါခွင့်ပြုပါသည်။ နယ်မှခရီးသည်များအတွက် ကြို - ပို့ တည်းခိုနေထိုင်ရေး စီစဉ်ပေးသည်။ သစ်သီးဗွမ်း၊ ယာနာနီထွမ်း ရေချမ်းပန်းနှင့် India GSM Simcard နှင့် ကားပေါ်တွင် Internet Wifi မေတ္တာလက်ဆောင် ပေးပါသည်။ နယူးဒေလီ(4-Star)ဟိုတယ်တွင် ညအိပ်၍ နံနက်/နေ့လည်/ညစာဖြင့် ကျွေးမွေး ဧည့်ခံပါမည်။ ကာညာမောင်းခရီးစဉ် (လုံး၀) လုံး၀ မပါပါ။ မိသားစုအဖွဲ့အစည်းများအတွက် အထူးခရီးစဉ်များ စီစဉ်ပေးပါသည်။

အမှတ်(၁၃၃၊ ၁၃၅၊ ၁၃၇)၊ အခန်း(၃/အေ)၊ လမ်း(၄၀)၊ ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
Ph:01-377129, 09-49338595, 263125261, 788304828, 420134528 E-mail:myatbodhi@gmail.com



Wonderful Days Travels & Tours
အင်းလေးဖောင်တော်ဦး ခရီးစဉ် Oct - 24, 27
တောင်ကြီးမီးပုံးပျံ ခရီးစဉ် Nov - 22, 24
မန္တလေး ခရီးစဉ် Oct - 24, Nov - 25
ငွေဆောင် ခရီးစဉ် Oct - 24, Nov - 28
ပုဂံ ခရီးစဉ် Oct - 24, Nov - 25
Ph: 09 257 900 416, 09 257 900 417, 09 731 93 262, 09 731 78 716.



Your Travel Myanmar
သီတင်းကျွတ်ကျောင်းပိတ်ရက်ခရီးစဉ် အောက်တိုဘာ 28
Contact :01-223180,09-31679777,09-799245512



၁၉၇၇ ခုနှစ်တွင် စတင်တည်ထောင်သည်
သီရိရွှေဝါ ဗိုးထည်
အင်းလျားလမ်း (ဓမ္မစေတီလမ်းအနီး) ကမာရွတ်မြို့နယ်။
Ph: 09-26 4545 008, 09-26 4545 009, 01-393 143
Big Chance @ Inya Road Branch



Sunny Paradise Resort
Ocean Paradise
16-18 October 2015 @ Ngwe Saung Beach
Wine Su Khine Thein
Ah Moon
BEACH GLOW PARTY with Surprise Lucky Draw ...
Value of 200,000Ks
Get only 120,000Ks (2 Nights)
Game Fire
Sand Dance
Water Party
Old Movies
DJ ICE Z
DJ Wine
DJ Paka
Hot-Line: 09 5200591 / 09 5200594 / 09 250186988
Email: sunnyparadiseresort.sales@gmail.com
Visit: www.facebook.com/SunnyParadiseResort



Home
Since 1996
think of House, think of Home
သီတင်းကျွတ်အကြိုကာလ အထူးလက်ဆောင်
ပါကေးအစားထိုးကြမ်းခင်း ဝယ်လျှင်
ပထမဆုံးဝယ်ယူသူ (၃၀) ဦးအထိသာ
လက်ဆောင်
3 ကျင်း
6 ကျင်း
★ ကျင်းအရေအတွက်အလိုက် လက်ဆောင်ခံစားခွင့်ရှိပါသည်
** Selected Items Only

ရန်ကုန် (အောင်ဆန်းကွင်း) မင်္ဂလာတောင်ညွန့်။
ဖုန်း - 09 730 84 840 , 09 730 84 841
ရန်ကုန် (သီရိရတနာ) မြောက်ဥက္ကလာပ။
ဖုန်း - 09 79 700 70 88,09 79 700 70 99
ရန်ကုန် (လေးထောင့်ကန်) သင်္ဃန်းကျွန်းမြို့နယ်။
ဖုန်း - 09 79 700 70 73 , 09 79 700 70 83
(မန္တလေး) ၈၂ လမ်း ( ၃၄ လမ်း နှင့် ၃၅ လမ်းကြား )
ဖုန်း - 09 3311 6626 , 09 3311 6636
( ပဲခူး ) တပင်ရွှေထီးလမ်း၊ မဟာမြိုင်ရပ်ကွက်တိုင်။
ဖုန်း - 09 79 700 70 75 , 09 79 700 70 85
(နေပြည်တော်) ဇက်ဂျီလမ်း ၊ ပျဉ်းမနား ။
ဖုန်း - 09 730 84 844 , 09 795900 146
(ဟော်လမြိုင်) မြေနီကုန်း အဝေးပြေးကားဝင်းအနီး။
ဖုန်း - 09 79 58 999 80 , 09 79 58 999 81
(တောင်ကြီး) ရွှေသူငွေးကုန်း။
ဖုန်း - 09 79 700 70 79 , 09 79 700 70 89
(ပုသိမ်) ဗိုလ်ချုပ်လမ်း။
ဖုန်း - 09 79 700 70 87 , 09 79 700 70 97



မျိုး 380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။


ဖခင်အမည်မှန်

သာကေတမြို့နယ်၊ အ. လ. က (၇) အဋ္ဌမတန်း (C) မှ မောင်မင်းပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုမြင့်(ခ)ဦးကိုမြင့် (၁၂/သကတ(နိုင်)၁၅၅၁၅၉) ဖြစ်ပါကြောင်း။

ဦးအောင်ကိုမြင့်(ခ)ဦးကိုမြင့်


ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်
(၁၂ ပေ × ၅၀ ပေ) ၅ လွှာ၊ အသင့်ပြင်ဆင်ပြီး၊ (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ သိန်း (၂၃၀) ညှိနှိုင်းဈေး။ ဖုန်း - ၀၉ ၇၉ ၆၁၃၀ ၇၆၁၃၁
(ဝယ်မည့်သူသာ ဆက်သွယ်ရန်)



GOOD CARE®
လွတ်လပ်ပေါ့ပါးမှု အပြည့်အဝ ပေးနိုင်သော ဂွတ်ကဲ နှင့်အတူ
ဂုဏ်ပြုညစာစားပွဲနှင့် SUZUKI (Pick-up) ကား၊ ရွှေတုံး၊ ရွှေသား၊ ငွေသား၊ စသည့်အဖိုးတန်ဆုမဲများ ကျေးဇူးတုံ့ပြန်ခြင်းအခမ်းအနားကို
(11.10.2015) Grand Ballroom (Gandamar Whole Sale) တွင်
နာမည်ကြီးအနုပညာရှင်များ၊ တေးသံရှင်များ၊ ဟာသသရုပ်ဆောင်များ၏ ဖျော်ဖြေမှုများနှင့်အတူဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကျင်းပမည်ဖြစ်ပါကြောင်း
လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။
အထူးအစီအစဉ် Good Care မှ Product များကို Special Discount ဖြင့်ရောင်းချပေးပါမည်။ (တစ်ရက်တည်းသာ)

trnaјymi;v acqy&e
(ဦးနေလင်း)-ဒေါ်ညိုညိုခင်တို့၏ သားဖြစ်သူ အလက(၆)တောင်ဥက္ကလာပ ထမတန်းတွင် ပညာသင်ကြားနေသော မောင်လင်းလက်ျာအား မောင်ညိုလင်းဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်ညိုလင်းဦး**

azmi;uaymu avmu xmjci;
ယာဉ်အမှတ် 4H/7532 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

ynmjrir vrS;wirn

# Or;en;alu ujci;
# b&m;? &[e;? or? aumi; 'g, umrSu; a':pevi(c)a':,vi
# tou(7၈)Ep

လွန်ခဲ့သော ၅-၁၀-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၃း၂၀ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားသော မိခင်ကြီး ဒေါ်စိန်လှိုင်(ခ)ဒေါ်ယုလှိုင် အတွက် မိသားစုမှ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။ ကျေးဇူးရှင် မိခင်ကြီးအား ရည်စူး၍ မိသားစုမှလှူဒါန်းသော အောက်ပါကောင်းမှုအစုစုကို ဘဝတစ်ပါး၌ ရောက်ရှိနေသော မိခင်ကြီး ဝမ်းသာကျေနပ်သာဓုခေါ်၍ အမြင့်ဆုံးမြတ်နိဗ္ဗာန်သို့ အမြန်ဆုံးရောက်ရှိနိုင်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

**လှူဒါန်းဒါနများ**

၁။ ရွှေရတုတိပိဋကဓရ တိပိဋကဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသအား Land Cruser (2015 Model) (နက်)ရောင် ကားတစ်စီး (အမေရိကန်ဒေါ်လာ 76000 တိတိ)
၂။ ဓမ္မဂုဏ်ရည် သီလရှင်စာသင်တိုက်အတွက် နဝကမ္မဝတ္ထုငွေ ကျပ်သိန်း (၁၀၀) တိတိ
၃။ ဇီဝိတဒါနသံဃာ့ဆေးရုံအတွက် လှူဒါန်းငွေ ကျပ်သိန်း (၁၀၀) တိတိ
၄။ သာသနောဒယဆရာတော် ဒေါက်တာဘဒ္ဒန္တပဝရာဘိဝံသ အဂ္ဂမဟာပဏ္ဍိတအတွက် ကျန်းမာရေးစောင့်ရှောက်ရန် လှူဒါန်းငွေ စင်ကာပူဒေါ်လာ (၅၀၀၀) တိတိတို့ ဖြစ်ပါသည်။

| | | |
|---|---|---|
| **ကျန်ရစ်သူမိသားစု** | သမီးကြီး | ဒေါ်စောစန္ဒာအေး (မြန်မာဝင့်နဝရတ်ကုမ္ပဏီလီမိတက်) |
| | | ဦးညွှန့်ဦး (ထာဝရမိဘမေတ္တာကုမ္ပဏီလီမိတက်) |
| | သားငယ် | ဦးသိန်းလွင် |
| | မြေးများ | ဒေါက်တာပွင့်ဖြူဦး(P.T.S Co.,Ltd) |
| | | ဦးညဏ်လင်းဦး (ပန်းဆေးဒေသဌာနေ ပသစ အဖွဲ့ချုပ်ခေါင်းဆောင်) |
| | | ဝင့်ထယ်ဦး |
| | မြစ် | မသုန္ဒရီ (Y.I.S) |

# Or;en;alu ujci;
# b&m;? &[e;? or? aumi; 'g, umrSu;
# a':pevi (c) a':,vi
# tou (7၈) Ep

၅၂၉/၆ ပင်လုံလမ်း၊ စက်မှုဇုန်(၁) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ထာဝရမိဘမေတ္တာခြံနေ ဦးညွှန့်ဦး-ဒေါ်စောစန္ဒာအေးတို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်စိန်လှိုင်သည် လွန်ခဲ့သော ၅-၁၀-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၃း၂၀ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်မြင့် (ခိုလုံလီရှော တိုင်းရင်းသားအဖွဲ့ချုပ်ဥက္ကဋ္ဌ)**
**ဒေါ်ဝင်းမြင့် MD (Royal Pansay Co.,Ltd)**

# တပ်မတော်သားများသည် ပြည်သူကြားမှ ပေါက်ဖွားလာ၍ ပြည်သူနှင့် ဆက်ဆံရေးကောင်းမွန်ရမည်

စာမျက်နှာ ၈

**ယနေ့ မာတိကာ**

၂၀၁၅ ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာလကုန်အထိ လူကုန်ကူးမှု ၇၉ မှု ဖြစ်ပွားခဲ့

စာမျက်နှာ - ၃

တောင်ကာရိုလိုင်းနားပြည်နယ် စံချိန်တင်ရေကြီးရေလျှံမှု သေဆုံးသူ ၁၇ ဦးထိရှိလာ

စာမျက်နှာ - ၄

စာပေစကားဝိုင်းများ တိုးပွားပါစေ

စာမျက်နှာ - ၆

# ရေဝတီတံတား (ထီးချိုင့်) ဖွင့်တော့မည်

စာမျက်နှာ - ၇




မကြာမီဖွင့်လှစ်တော့မည့် ရေဝတီတံတား(ထီးချိုင့်)ကို တွေ့ရစဉ်။

## တောင်သမန်အင်းအတွင်း ငါးခိုးဖမ်းသည့် ပိုက်ကြီးများကြောင့် ငါးများထပ်မံသေဆုံး

**မန္တလေး အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး အမရပူရ မြို့နယ် တောင်သမန်အင်းအတွင်း ယနေ့နံနက်ပိုင်းက ငါးဖမ်းပိုက်ကြီး များဖြင့် အင်းအတွင်းခိုးချရာမှ ငါးများ ခန့်မှန်းပိဿာချိန် ငါးပိဿာခန့် ထပ်မံသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဌာန ဌာနမှူး ဦးဝင်းမောင်က ပြောသည်။

"တောင်သမန်အင်းအတွင်း ငါး သေဆုံးမှုထပ်မံဖြစ်ပွားလို့ ကျွန်တော် ကိုယ်တိုင် အင်းကိုရောက်ခဲ့ပါတယ်။

စာမျက်နှာ ၉ ကော်လံ ၄ သို့ ✱

# ပျက်စီးဆုံးရှုံးခဲ့ရသော ရထားလမ်းပိုင်းများ ပြုပြင်ရန် ငွေကျပ်သန်းပေါင်း ၆၃၀၀ ကုန်ကျမည်

**ရန်ကုန် အောက်တိုဘာ ၈**

ဇူလိုင်နှင့်ဩဂုတ်လများက နိုင်ငံတစ်ဝန်း ရေကြီး ရေလျှံမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ပြည်နယ်နှင့်တိုင်း ဒေသကြီးအလိုက် ရထားလမ်းပိုင်းများ ပျက်စီးခဲ့ရပြီး အသစ်ပြန်လည် တည်ဆောက်ရန်အတွက် ငွေကျပ် ၃၈၃၀ သန်းကုန်ကျမည်ဟု ကနဦးတွက်ချက်ခဲ့သော်လည်း လမ်းပိုင်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပြုပြင်ရမည့်ကုန်ကျစရိတ်တန်ဖိုးမှာ ငွေကျပ်သန်းပေါင်း ၆၃၀၀ ကုန်ကျမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီး ဌာနမှ သိရသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနမှ အထွေထွေမန်နေဂျာ(မြို့ပြ) ဦးတင်စိုးက "ပျက်စီးဆုံးရှုံးခဲ့ရတဲ့ရထားလမ်းပိုင်းတွေပြုပြင်ဖို့ အထူးရန်ပုံငွေအတွက် တင်ပြထားပါတယ်။ ပြီးတော့ ကမ္ဘာ့ဘဏ်နဲ့ အခြားအဖွဲ့အစည်းများကလည်း ထောက်ပံ့ မလားဆိုတာ မသိရသေးပါဘူး။ ကမ္ဘာ့ဘဏ်က ဦးစီးပြီး ခုဆိုနေပြည်တော်မှာ ဖိုရမ်တွေ ပြုလုပ်နေပါတယ်။ ရေကြီး ရေလျှံမှုများကြောင့် ဖြစ်ပွားခဲ့တဲ့ ရထားလမ်းပိုင်းတွေ ပျက်စီး၊ ဆုံးရှုံးတဲ့ကုန်ကျစရိတ်တွေကိုလည်း ကမ္ဘာ့ဘဏ်ကို ဆွေးနွေးတင်ပြထားပါတယ်"ဟု ပြောသည်။

ပြီးခဲ့သည့်ဇူလိုင်လအတွင်းက စတင်ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ပျက်စီးသွားသောရထားလမ်း ပိုင်းများစာရင်းအရ မန္တလေး-မြစ်ကြီးနား၊ ရေဦး-ခင်ဦး၊ ဂန့်ဂေါ-ကလေး၊ ကြံခင်း-ပခုက္ကူ၊ မန္တလေး-လားရှိုး၊ လှိုင်သာယာ-ညောင်တုန်း၊ လက်ပံတန်း-သာရဝေါနှင့် ပြည်တော်သာ-ရေချမ်းပြင်-ကျောက်တော်ကြီးလမ်းပိုင်း များပျက်စီးခဲ့ရကြောင်း သိရသည်။ လက်ရှိအနေအထားအရ

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❖

# မြန်မာ-တရုတ် ချစ်ကြည်ရေးပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

စာမျက်နှာ - ၇







Facebook Administrator ( ၅ ) ဦး
Regional Sales Manager ( ၂ ) ဦး
Marketing ( ၂ ) ဦး
Trainer ( ၁၀ ) ဦး
Sales Promoter ( ၄၀ ) ဦး
Office Clerk ( ၂ ) ဦး
ယာဉ်မောင်း ( ၅ ) ဦး

ZTE BLADE
ZTE
JOIN US! CAREER OPPORTUNITIES
http://www.facebook.com/ZteMobileMyanmar.com





themirror.npt@gmail.com
www.facebook.com/themirrordaily